# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ညီညွတ်ခြင်းသည် ချမ်းသာခြင်း**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ **(ဓမ္မပဒ - ၁၉၄)**


၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၃၅)


# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အဓိကလိုအပ်ချက်ဟာ ယုံကြည်မှုဖြစ်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ**

**၂၀၁၇ ခုနှစ်၊ နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သော**

**သဝဏ်လွှာ**





**ချစ်ကြည်လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့အချိန်အခါသည် ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ ဖြစ်ပါတယ်။ ဒီနေ့ထူးနေ့မြတ်အခါသမယမှာ ပြည်ထောင်စုအတွင်း ချစ်ကြည်ရင်းနှီးစွာ အတူတကွလက်တွဲနေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမတွေအားလုံး ကောင်းမြတ်တဲ့ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

အတိတ်သမိုင်းမှာ မြန်မာမင်းအဆက်ဆက်တို့ဟာ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းပြီး စုစည်းခိုင်မာတဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်ခဲ့ကြပါတယ်။ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်နိုင်တဲ့ မင်းများလက်ထက်မှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ ကျယ်ကျယ်ပြန့်ပြန့်သက်ရောက်ခဲ့ပါတယ်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းမှာ မြန်မာနိုင်ငံတိုင်းတစ်ပါးလက်အောက်ကို ကျရောက်ပြီး အမျိုးသားစည်းလုံးညီညွတ်မှုပြိုကွဲကာ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စိတ်ဝမ်းကွဲပြားခဲ့ကြရပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ မြန်မာ့တပ်မတော်ကိုဖွဲ့စည်းပြီး ဂျပန်တို့ရဲ့အကူအညီရယူကာ နယ်ချဲ့တွေကို တွန်းလှန်မောင်းထုတ်နိုင်ခဲ့ပေမယ့်လည်း ဖက်ဆစ်ဝါဒရဲ့အနိဋ္ဌာရုံကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ခါးစည်းခံခဲ့ကြရပြန်ပါတယ်။ ထို့အတူ ဒုတိယကမ္ဘာစစ်မီးတောက်လောင်ချိန်မှာ မဟာမိတ်တို့နဲ့ပူးပေါင်းပြီး ဖက်ဆစ်တို့ကို တော်လှန်နိုင်ခဲ့ပေမယ့် ပြန်လည်ဝင်ရောက်လာတဲ့နယ်ချဲ့တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန် ဝန်လေးခဲ့ကြပါတယ်။ နယ်ချဲ့တို့ဟာ ပြည်မကိုသာ လွတ်လပ်ရေးပေးလိုပြီး တောင်ပေါ်ဒေသတွေကို ချန်ထားလိုတဲ့အတွက် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များဟာ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ပင်လုံညီလာခံကြီးကို ကျင်းပခဲ့ကြပြီး တိုင်းရင်းသားအားလုံး တညီတညွတ်တည်း လွတ်လပ်ရေးတောင်းဆိုဖို့ ကတိပြုလက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ပင်လုံညီလာခံရဲ့ အနှစ်သာရကတော့ တိုင်းရင်းသားအားလုံး တစည်းတလုံးတည်း အတူတကွ လွတ်လပ်ရေးရရှိရေးပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေရဲ့ သွေးစည်းညီညွတ်မှုကို အခိုင်အမာဖော်ကျူး ပြသနိုင်ခဲ့တဲ့ ဒီနေ့ဒီရက်ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့တာ ဒီနေ့ဆိုရင် နှစ်ပေါင်း (၇၀) ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

**ချစ်ကြည်လေးစားအပ်တဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား-**

လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာလည်း အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်းငြိမ်းချမ်းရေးခိုင်မာအောင် တည်ဆောက်နိုင်ခြင်း မရှိသေးဘဲ လက်နက်ကိုင် ပဋိပက္ခများကြောင့် တိုင်းရင်းသားပြည်သူတို့ရဲ့ လူမှုဘဝတွေဟာ များစွာနိမ့်ကျခဲ့ရပါတယ်။ နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့တဲ့ အဲဒီလက်နက်ကိုင် ပဋိပက္ခများကြောင့် ဒေသတွင်းနိုင်ငံများနဲ့ နှိုင်းယှဉ်လျှင် တိုးတက်ဖွံ့ဖြိုးမှုများစွာ နောက်ကျကျန်ခဲ့ပြီ ဖြစ်ပါတယ်။

ပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ခိုင်မာအောင် ပြန်လည်တည်ဆောက်နိုင်ပါက မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်မှာဝင့်ထည်လာအောင် ဆောင်ကြဉ်းပေးနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးနဲ့ စီးပွားရေးဟာ ဒွန်တွဲလျက်ရှိပြီး စီးပွားရေးမူဝါဒကို အခြေခံတဲ့ အုတ်မြစ်များထဲက အရေးကြီးဆုံးအချက်တစ်ချက်ကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးပဲ ဖြစ်ပါတယ်။ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ပုံဖော်နိုင်ဖို့အတွက် (၂၁) ရာစုပင်လုံညီလာခံကိုလည်း ကျင်းပနေပြီဖြစ်ပါတယ်။ (၂၁) ရာစုပင်လုံညီလာခံရဲ့အနှစ်သာရကတော့ တစ်စုတစ်စည်းတည်းဖြစ်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးပဲဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ သက်တမ်းရှည်ကြာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းပြီး အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးနိုင်ရေးအတွက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ●**

# နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏



# ရှုံးစင်းသောပြဿနာနှင့် မရှိုးနိုင်သောဇာတ်ကွက်များ

မြန်မာလုံခြုံရေးတပ်ဖွဲ့များ၏ သတ်ဖြတ်မှု၊ အုပ်စုလိုက်အဓမ္မပြုကျင့်မှုများကြောင့် ရခိုင်ပြည်နယ်မှဘင်္ဂါလီတစ်သိန်းခန့် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်ဟု ပြီးခဲ့သောသီတင်းပတ်အတွင်းက ကုလသမဂ္ဂအစီရင်ခံစာမှာ ဖော်ပြခဲ့သည်။ ထိုအစီရင်ခံစာကို အကြောင်းပြု၍ မြန်မာနိုင်ငံမှာ ဘင်္ဂါလီတွေအပေါ် ဆက်ဆံမှုနှင့်ပတ်သက်၍ ပုပ်ရဟန်းမင်းကြီးဖရန့်စစ်က ဝေဖန်ပြောကြားလိုက်ပြီး ဗုဒ္ဓဟူးနေ့ဝတ်ပြုဆုတောင်းပွဲတွင် အဆိုပါဘင်္ဂါလီများအတွက် ထည့်သွင်းဆုတောင်းခဲ့သည်ဟု ဆိုပါသည်။

ရခိုင်ပြည်နယ် မောင်တောဒေသအရေးမှာ အစိုးရ၏ ဦးစားပေးဖြေရှင်းနေသော အစီအစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ချက်များကိုလည်း ကမ္ဘာသိအောင်ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ ပြဿနာက ပြည်တွင်းရေး ရှိုးရှိုးသားသားဖြစ်သည်။ ကမ္ဘာတွင် သည့်ထက်ဆိုးတာ များစွာရှိသည်။ သို့သော် ဤအရေးကိစ္စနှင့်ပတ်သက်၍ ဇာတ်နာစေသောအကွက်များ တစ်ခုပြီးတစ်ခု မရှိုးနိုင်အောင် ပေါ်ပေါက်လာခြင်းက ထူးဆန်းနေသည်။ မကြာသေးခင်ကာလကပင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စစ်ရန်ဟီလီ ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလှည့်လည်၍ လူ့အခွင့်အရေးဆိုင်ရာကိစ္စများကို လေ့လာသွားခဲ့သည်။ ကိုယ်တိုင်တွေ့မြင်ချက်များနှင့်ဒေသခံများကိုယ်တိုင်ရှင်းပြချက်များအရ သူ၏အပြန်ခရီး လေဆိပ်သတင်းစာရှင်းလင်းပွဲတွင် ယခင်အခေါက်များကကဲ့သို့ မြန်မာနိုင်ငံအပေါ် ဝေဖန်ရှုတ်ချမှုသိပ်မရှိသည်ကို တွေ့ခဲ့ကြရပြီးဖြစ်သည်။

ယခုပေါ်လာသောပြဿနာမှာ အောက်တိုဘာလ ၉ ရက်နေ့နောက်ပိုင်း မြန်မာနိုင်ငံမှ ထွက်ပြေးလာသော ဘင်္ဂါလီများနှင့် တွေ့ဆုံမေးမြန်းမှုများဆိုသောခေါင်းစဉ်ဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး၏ အစီရင်ခံစာပါ အကြောင်းအရာများဖြစ်ပါသည်။ ထိုစွပ်စွဲချက်များသည် အလွန်ကို စိုးရိမ်ဖွယ်ရာဖြစ်သည်ဟု ယူဆမိကြောင်း မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖေဖော်ဝါရီလ ၈ ရက်နေ့က ဖော်ပြထားသည်ကို တွေ့ရသည်။

တကယ်တမ်းတွင် လုံခြုံရေးတပ်များဘက်က လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိနေသည်ဆိုခြင်းနှင့်ပတ်သက်၍ ခိုင်လုံသောအထောက်အထားမတွေ့ရဟု ဒုတိယသမ္မတကိုယ်တိုင်ဦးဆောင်သော မြန်မာနိုင်ငံအစိုးရ စုံစမ်းရေးကော်မရှင်က မကြာသေးခင်က ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း လူမျိုးတုံးသတ်ဖြတ်မှုများဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ဆိုသူက ထိုကော်မရှင်၏ စုံစမ်းစစ်ဆေးမှုများကို ယုံကြည်၍မရကြောင်း၊ တစ်ဖက်သတ်ထုတ်ဖော်ပြောဆိုခြင်းဖြစ်သည်။ ယခုကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းဟု ခေါ်ဆိုသောသူအချို့က လွတ်လပ်ပြီး ဘက်လိုက်မှုကင်းသော နိုင်ငံတကာစုံစမ်းရေးအဖွဲ့မျိုးနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်း အခြေအနေကို စုံစမ်းစစ်ဆေးဖို့တောင်းဆိုနေကြခြင်းဖြစ်ပေသည်။

တကယ်တမ်းပြောလျှင် ဤပြဿနာမှာ ကာလရှည်ကြာရှိလာခဲ့သည်မှန်သော်လည်း မြန်မာနိုင်ငံ၏ ပြည်တွင်းရေးသာဖြစ်ရာ ထိုကဲ့သို့နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအဖွဲ့များ လိုအပ်သောကိစ္စမျိုးမဟုတ်ပေ။ ယခုတစ်လောက နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်၏ ကမ္ဘောဒီးယားခရီးစဉ်တွင် ကမ္ဘောဒီးယားဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အရေးသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးသာဖြစ်ပြီး ၎င်းကိစ္စကို နိုင်ငံတကာအရေးအဖြစ် ပုံဖော်နေကြခြင်းကို မထောက်ခံကြောင်း ပြောကြားခဲ့သည်ကိုတွေ့ရသည်။ ထို့အပြင် ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ဆောင်ရွက်ချက်များကို အာဆီယံနိုင်ငံအများစုက သဘောကျလက်ခံကြောင်း သဘောထားများကိုလည်း ကြားသိရပါသည်။

မည်သို့ဆိုစေ ထိုစွပ်စွဲချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘက်မှချက်ချင်းစုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ပြန်ကြားထားခဲ့သည်။ ရခိုင်ပြည်နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေရှင်းလင်းရေးဆောင်ရွက်မှုများသည် လူ့အခွင့်အရေးချိုးဖောက်မှုများအပါအဝင် ဥပဒေနှင့်မညီသောဖြစ်ရပ်များ ရှိမရှိ စစ်ဆေးနိုင်ရန် တပ်မတော်ကစုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းကြောင်း ဖေဖော်ဝါရီလ ၉ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ဦးဆောင်သော ရခိုင်ပြည်နယ်အကြံပေးကော်မရှင်ကလည်း မကြာမီ ကြားဖြတ်အစီရင်ခံစာတစ်စောင်ထုတ်ပြန်ရန် ရှိနေပါသည်။ ရခိုင်ပြည်နယ်လွှတ်တော်မှဖွဲ့စည်းထားသော မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်ခံရမှုစုံစမ်းရေးကော်မတီ၏ ဒုတိယအကြိမ် အစီရင်ခံစာကိုလည်း ယခုလ ၂၀ ရက် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တင်သွင်းမည်ဟုသိရသည်။

ထိုသို့ မြန်မာဘက်မှ ဘက်ပေါင်းစုံ ဆောင်ရွက်ချက်များ၏ ထွက်ပေါ်လာသော ရလဒ်များအရ မောင်တောဒေသ၏ဖြစ်ရပ်မှန်များ ပေါ်ထွက်လာမည်ဖြစ်ပါသည်။ မောင်တောဒေသတွင် လူနည်းစုဖြစ်နေသော ရခိုင်တိုင်းရင်းသားများ၏ စိုးရိမ်ပူပန်နေရမှုများကိုလည်း တွေ့မြင်ကြရမည်ဖြစ်ပြီး ယခုဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးသူဆိုသူများမှာ တကယ့်အစစ်အမှန် ဟုတ် မဟုတ် သက်သေအထောက်အထားများနှင့်တကွ ထွက်ပေါ်လာမည်ဖြစ်ပါသည်။ မြန်မာအစိုးရ၏ မှန်ကန်သော ဆောင်ရွက်ချက်များကို ကမ္ဘာကသိအောင် ပြသကြရမည်ဖြစ်ပါသည်။ ။

## ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊

(၂) အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊

(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊




## နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲ မိုးမောက်၌ ကျင်းပ

**မိုးမောက် ဖေဖော်ဝါရီ ၁၁**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ဖေဖော်ဝါရီ ၉ ရက်က နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲနှင့် ကျောင်းသား ကျောင်းသူများ ကဗျာရွတ်ပြိုင်ပွဲ၊ ရုပ်ပုံဆေးခြယ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပရာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုင်းမြတ်ထွန်းက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီးစာရေးဆရာ ဒေါက်တာထက်အောင်က ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်လွန်းနန်းထွေးက အသိပညာပေးလုပ်ငန်းဆောင်ရွက်မှုတို့ကို ဟောပြောသည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူလေးများကို ဆုများချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

## ပြည်ထောင်စုနေ့ မမေ့ပင်လုံ

❖ တက်ညီလက်ညီ
အတူလှော်ခတ်
စံပြုအပ်ပင်လုံ။
❖ တိုင်းရင်းသား
စည်းလုံးညီညွတ်မှု
နှိုင်းတုမကုန်။
❖ ငြိမ်းချမ်းလုပ ဘဝလုံခြုံ
သိုက်မြုံမပျက်ဥမကွဲ။

❖ လက်တွဲလို့ဖြင့် ရှေ့သို့ချီ
တို့မြန်ပြည်တစ်လွှားမှာဖြင့်
ကယား, ကချင် ,
မွန် , ရခိုင် , ရှမ်းတို့
တစ်စိတ်တစ်ဝမ်းချစ်ချစ်ခင်
ချင်း , ကရင် , ဗမာ တစ်ဖုံနှင့်
တိုင်းရင်းသားပေါင်းဆုံ
တည်ထောင်ပြုတဲ့

ပြည်ထောင်စုကြီး အစွန့်ရှည်
ဒါ တို့ပြေ(ပြည်) ဒါ တို့မြေ
တို့ပိုင်တဲ့မြေကိုဖြင့်
ထိန်းသိမ်းစို့မသွေ
သန္နိဋ္ဌာန်နှင့်အမှန်စိတ်သဏ္ဌာန်
ပြန်လှန်ကာ
ချစ်ကြည်မပျက်တယ်
တွဲလက်ခိုင်မြဲ။ ။

**အောင်မြင့်စိုး(ရေစကြို)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၁-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ ရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၄၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၉ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၆ ・ ၂ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၉၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ ・ ၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ (သတင်းထောက်ချုပ်)
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနား(ပင်လုံ)နှင့် ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်မည်






**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပမည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနား (ပင်လုံ)နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ "ပင်လုံ ငြိမ်းချမ်းရေးစကားဝိုင်း" "Panglong Peace Talk" အစီအစဉ်များကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီ ၁၅ မိနစ်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုအစီအစဉ်၊ MRTV Facebook Page၊ Myanmar State Counsellor Office Facebook Page၊ MITV၊ MNTV၊ Up To Date၊ တိုင်းရင်းသား Channel တို့မှ တိုက်ရိုက် Live ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း ပင်လုံညီလာခံ တက်ရောက်စဉ် စာဖတ်ခဲ့သော ညောင်ပင်အောက်နေရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ ငြိမ်းချမ်းရေးစကားဝိုင်း Panglong Peace Talk ကို ကျင်းပမည်ဖြစ်သည်။

ရှမ်းပြည်နယ် ပင်လုံမြို့တွင် ကျင်းပမည့် နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနား (ပင်လုံ)တွင် ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့ကြသော ခေါင်းဆောင်များ၏ မိသားစုဝင်များ (နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင်) တက်ရောက်ကြမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**






● **ရှေ့ဖုံးမှ**

ဖြေရှင်းချက်က "ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ထောင်ရေး" ပဲ ဖြစ်ပါတယ်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရေးရဲ့ အရင်းခံဟာ ပြည်ထောင်စုစိတ်ဓာတ်ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညီညွတ်ညွတ်နဲ့ အချင်းချင်းအပြန်အလှန်ညှိနှိုင်းတိုင်ပင်ကာ ပြည်ထောင်စုကြီး တစ်ရပ်တည်ဆောက်မယ်ဆိုတဲ့ ခိုင်မာတဲ့ သန္နိဋ္ဌာန်ဟာ ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။

ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာမှုမရှိဘဲ၊ ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်မှုမရှိဘဲ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်နိုင်မှာ မဟုတ်ပါ။

မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ ယဉ်ကျေးမှုဓလေ့ပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံတို့နဲ့ ဖွဲ့စည်းတည်ရှိတဲ့ ပြည်ထောင်စုနိုင်ငံတစ်ခု ဖြစ်ပါတယ်။ ကွဲပြားခြားနားတဲ့ ပထဝီဝင်ဒေသအသီးသီးမှာရှိကြတဲ့ တိုင်းရင်းသားအသီးသီးဟာ မိမိတို့ရဲ့ ဘာသာဓလေ့အသီးသီးကို အမြတ်တနိုးကျင့်သုံးနေထိုင်ကြရင်း မြဲမြံသောသံယောဇဉ်တရားနဲ့ အပြန်အလှန် ဖေးမကူညီကာ အတူတကွ လက်တွဲနေထိုင်ခဲ့ကြပါတယ်။ တိုင်းရင်းသားလူမျိုးများ အားလုံးရဲ့ ယဉ်ကျေးမှုအမွေအနှစ်များနဲ့ ရိုးရာဓလေ့စရိုက်များကို မပျောက်ပျက်စေဖို့ တိုင်းရင်းသားပြည်သူအပေါင်းက ထိန်းသိမ်းစောင့်ရှောက်သွားကြရမှာ ဖြစ်ပါတယ်။

**ချစ်ကြည်လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား-**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ချစ်ခင်စည်းလုံးညီညွတ်မှုနဲ့ ပြည်ထောင်စုကြီး အဓွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်ကြရာမှာ တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်မှုဟာ အရေးကြီးလှပါတယ်။ ဒီမိုကရေစီဖက်ဒရယ်စနစ်အတွင်းမှာ တိုင်းရင်းသားတွေ လိုလားတောင့်တနေတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်ကြရာမှာလည်း နိုင်ငံတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအကြား သင့်မြတ်အောင် ဆောင်ရွက်ရုံသာမက တိုင်းရင်းသားအချင်းချင်းအကြား သင့်မြတ်ရေးအတွက်ပါ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အဓိကလိုအပ်ချက်ဟာ ယုံကြည်မှုပင်ဖြစ်တဲ့အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယစိတ်ကင်းစင်ပြီး ခိုင်မာတဲ့ယုံကြည်မှုရရှိဖို့ ကြိုးပမ်းသွားဖို့လိုအပ်ပါတယ်။ တိုင်းရင်းသားသွေးစည်းညီညွတ်မှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်မှုတို့ ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နိုင်တာနဲ့အမျှ ငြိမ်းချမ်းသာယာဝပြောတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မလွဲမသွေတည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ လက်နက်ကိုင်အင်အားစုများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အတူတကွလက်တွဲ ပူးပေါင်းဆောင်ရွက်ရင်း နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်ဖြစ်တဲ့-

- ပြည်ထောင်စုစိတ်ဓာတ်နိုးကြားရှင်သန်ရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအောင်တည်ဆောက်ရေး၊
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊
- ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး။

တို့ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်သွားကြပါလို့ တိုက်တွန်းရင်း ပြည်ထောင်စုနေ့ သဝဏ်လွှာ ပေးပို့လိုက်ပါတယ်။

## အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်ကြရာမှာလည်း နိုင်ငံတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအကြား သင့်မြတ်အောင် ဆောင်ရွက်ရုံသာမက တိုင်းရင်းသားအချင်းချင်းအကြား သင့်မြတ်ရေးအတွက်ပါ ဆောင်ရွက်သွားကြရမှာဖြစ်

ပြည်ထောင်စုနေ့ဂုဏ်ပြု

## ပင်လုံစိတ်မဟာ

❖ ပြည်ထောင်ညီအောင်
ရည်ဆောင်ပြုဖို့
ညီနောင်အထုရဲ့တာဝန်ပေ။
နွားကွဲ ကျားဆွဲ စကားလည်းရှိသမို့
မှားလွဲအသိ ကင်းရမလေ။
အရေးကြီးပါက ဝေးနီးမကွာပ
သွေးစည်းလာကြ စဉ်လာညီ
ရှေးတီးကာလ မြင်သာသည်လေ့။

❖ စည်းလုံးညီညာမှု အရေးပါသည်
နည်းထုံးမှီကာရှု မနှေးရာပြီ။
ကာလပြေးလွှား ပြောင်းပါစေ
ထာဝရအလေးထား
မဟောင်းရာပေ။
တစ်မိမွေးသားသို့ တရိုသွေးများမို့
အသိနွှေးပွားလို့ မမေ့တမ်းအစဉ်
ပြည့်အရေးကြွားဖို့
ရှေ့တန်းတင်လေ့။

❖ ဖေးကူထူမ မြဲမပျက်လှိုင်ဝေ
အေးအတူ ပူအမျှ တွဲလက်ခိုင်စေ။
ဥမကွဲ သိုက်မပျက် နေလာသည်
တစ်စုတည်းပိုက်ဖက်
ရွှေရွာပြည်လေ့။

❖ ညီညာပြည်သာ စည်ဖြာကဲဖို့
ရည်ကာတစ်ဆိတ်မခွဲ
ကြိုးစားအစဉ်
ကြည်သာစိတ်စွဲ နိုးကြားမြင်လေ့။
အဖအောင်ဆန်းနှင့် အာဇာနည်တွေ
အရဆောင်မြန်းခဲ့ သာယာပြည်မြေ။
မှီတွယ်ညီမျှ
ဆောင်ထမ်းလာပေသည်
ပြည်နယ်ပြည်မ
တောင်တန်းဖြာဝေစည်။

❖ လွတ်လပ်စေဖို့
အသက်စတေးများစွာ
ထွတ်မြတ်ပေသမို့
မပျက်လေးစားပါ။
ဆုံးမိရှုံးမိ ပြန်အရခက်ပါသည်
ထုံးရှိနှုန်းသိ ကြံဆတွက်ပါအတည်။

❖ အတွေးချော်မှောက်က
မအေးစရာပါ
အရေးပေါ်ပေါက်ရ
ဘေးဘယာဖြာ။
ကုသခြင်းထက် ကာကွယ်မှုကိုရည်
သမုဒယနှင်းလျက်
တာတွယ်မှုလိုသည်။
စိတ်ဝမ်းမကွဲသမျှ ရန်ဘေးမဖြုံ
မမိုတ်တမ်းအမြဲပ
အမှန်တွေးယုံလေ့။

❖ ကွယ်.......
ပြည်ထောင်အရေးပေမို့
ညီနောင်သွေးနွှယ် တို့အများသာပ
မချို့ပွားကာ
"ပင်လုံစိတ်မဟာ" ကိုဖြင့်
အစဉ်ထုံအရိပ်ပမာ မကွာဟစေဖို့
ထာဝရသတိ ရင်မှာနွေးပါလို့
ဖေးမကာ ချစ်ကြည်အပြုံးတွေနှင့်
စည်းလုံးစို့လေး။ ။

**လူမွန်(ပခုက္ကူ)**

*** ကျောဖုံးမှ**

ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဟဲဟိုးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**တက်ရောက်မည်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာဝင်းမြတ်အေး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဒုတိယဝန်ကြီးများနှင့်အတူ ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပမည့် ပြည်ထောင်စုနေ့ အခမ်းအနားကို ဆက်လက် တက်ရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်

# ပင်လုံမှသည် ငြိမ်းချမ်းရေးနေ့သစ်ဆီသို့

**သတင်းဆောင်းပါး - ရဲမျိုးညီ၊ ဓာတ်ပုံ - ဖိုးထောင်**

ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပင်လုံမြို့လေးသည် ပြည်မနှင့် တောင်တန်းပူးပေါင်း၍ လွတ်လပ်ရေးအတူတကွရယူရန် သဘောတူညီပြီး ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့် နေရာဖြစ်သည်။ ပင်လုံစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ် ၂၃ ဦးတို့က ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီတွင် ပင်လုံမြို့၌ အတူတကွ အောင်မြင်စွာဖြင့် လက်မှတ်ရေးထိုးခဲ့ကြပြီး ထိုနေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ယခုနှစ်တွင် ကျရောက်သည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့်နေရာ ပင်လုံမြို့၌ နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ထူးခြားချက်အနေဖြင့် ယခု ပင်လုံ၌ ကျင်းပမည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပင်လုံစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ကြိုးပမ်းခဲ့သူ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပင်လုံစာချုပ်ချုပ်ဆိုရာတွင် ပါဝင်ခဲ့သောပုဂ္ဂိုလ် ၂၃ ဦး၏ မိသားစုဝင်များပါ တက်ရောက်ကြမည်ဖြစ်သည်။

ယနေ့ ပင်လုံမြို့၏ မြင်ကွင်းအဖြစ် ပင်လုံကျောက်တိုင်သို့ လာရောက်ကြည့်ရှုသည့် မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများနှင့် ပင်လုံမြို့လေးသည် ပျားပန်းခပ်မျှ စည်ကားသိုက်မြိုက်နေပေသည်။ လုံခြုံရေးအနေဖြင့် တာဝန်ယူထားသည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်တို့ကလည်း ပြည်ထောင်စုနေ့အတွက် အားကြိုးမာန်တက် ပြင်ဆင်လျက်ရှိသည်။

တောင်တန်းနှင့်ပြည်မ အတူတကွ ပေါင်းစည်းနိုင်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ပင်လုံမြို့သို့ လာရောက်ခဲ့သည်ကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ပင်လုံမြို့ဒေသခံ အသက် ၈၀ ကျော် အရွယ်ရှိ ဦးကျော်ထွန်းက "ပင်လုံစာချုပ်ချုပ်ဖို့ ပင်လုံကို ဗိုလ်ချုပ်လာတုန်းက ကျွန်တော် ၁၀ နှစ်သားပဲရှိသေးတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ဒီမှာ ပင်လုံစာချုပ် လက်မှတ်ထိုးပြီးရင် သူတို့ ဒီမြောက်ပိုင်းလမ်း လားရှိုးဆေးရုံရဲ့ အနောက်ဘက် အခု လားရှိုးဈေးရဲ့ အရှေ့တောင်ဘက်မှာ စင်ထိုးပြီးတော့ တရားဟောတယ်။ ဒါ ကျွန်တော်မှီတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော့်တစ်သက်မှာ အဲ့ဒီတစ်ခါပဲ တွေ့ဖူးတယ်"ဟု လက်ရှိ လွိုင်လင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးကျော်ထွန်းက အမှတ်တရအောက်မေ့ဖွယ် ပြောပြသည်။

ဦးကျော်ထွန်းက "အခုလည်း ဒေါ်အောင်ဆန်းစုကြည် ပင်လုံလာမယ်ဆိုလို့ ဝမ်းသာတယ်။ ပထမတစ်ခေါက် ဒေါ်အောင်ဆန်းစုကြည် လာတုန်းက ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့တဲ့ အထဲမှာပါဝင်တဲ့ ဦးခွန်ထီး အိမ်မှာတည်းတယ်။ ဘယ်တုန်းကလဲ မမှတ်မိတော့ဘူး။ လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်လောက်က ပင်လုံကို ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ် လာတယ်။ ကျွန်တော့်အိမ်မှာနားတယ်။ တောင်ကြီးကို နေ့ချင်းပဲ ပြန်သွားတယ်။ အခုသူလာမယ်ဆိုရင် တတိယတစ်ခေါက်ပေါ့။ ခါတိုင်းနှစ်တွေက ဒီပွဲဖြစ်မြောက်ဖို့ကို ကိုယ်ထူကိုယ်ထနဲ့ ကျွန်တော်တို့ လုပ်ရတယ်။ ဒီနှစ်ကျတော့ နိုင်ငံတော်အစိုးရက လုပ်ပေးတဲ့အတွက် အများကြီးစည်လာတယ်။ ရွေးကောက်ပွဲမတိုင်ခင်က ဒေါ်အောင်ဆန်းစုကြည် ပင်လုံလာလည်ဖို့ လူတိုင်းမျှော်လင့်တယ်။ မနက်ဖြန်တော့ ပြည်သူတစ်ယောက်အနေနဲ့ ဒီပွဲကို လာတက်ရောက်မယ်လို့ ဆိုပါတယ်"ဟု ပြောပြသည်။

လွတ်လပ်ရေးကို ပြည်မနှင့်တောင်တန်းဒေသ အတူတကွ ပေါင်းစည်း၍ ရယူရန်အတွက် ပင်လုံမှ အစပြုခဲ့သည့် ပြည်ထောင်စုနေ့သည် နှစ်ပေါင်း ၇၀ တိုင်ခဲ့လေပြီ။ လွတ်လပ်ရေးကိုရယူ၍ အတူတကွယှဉ်တွဲနေထိုင်ရန် ကြိုးပမ်းခဲ့သည့် ပင်လုံမြို့လေး၏ ပြည်ထောင်စုနေ့အထိမ်းအမှတ်မှသည် မြန်မာပြည်၏ ငြိမ်းချမ်းမည့်အနာဂတ်နေ့သစ်ဆီသို့ လျှောက်လှမ်းနိုင်မည်ဟု ယုံကြည်လျက်...။ ။



ပြည်ထောင်စုနေ့အကြို ပင်လုံမြို့ ပင်လုံကျောက်တိုင်၌ အခမ်းအနားကျင်းပရန် ပြင်ဆင်ထားမှုကို တွေ့ရစဉ်

# ဘားအံ၌ (၆၉)နှစ်မြောက် ကရင်အမျိုးသားနေ့အခမ်းအနား ကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့၌ (၆၉)နှစ်မြောက် ကရင်အမျိုးသားနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ဇွဲကပင်ခန်းမ၌ ကျင်းပရာ ကြားတောရဆရာတော် အရှင်စန္ဒာဝရ၊ သိက္ခာတော်ရဆရာတော် ဘီးရှော စတိုင်လို၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစောခင်မောင်မြင့်၊ KNU မှ ပဒိုမန်းထိန်လင်း၊ KUPC အဖွဲ့ဝင် ဒေါ်နန်းစေးအွာတို့က သဘာပတိအဖြစ် ဆောင်ရွက်ပြီး တက်ရောက်လာသူများက ကရင်အမျိုးသားအလံတော်ကို အလေးပြု၍ ကျွဲချိုမှုတ်၊ ဖားစည်တီးခြင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ သဘာပတိ ကြားတောရ ဆရာတော်အရှင်စန္ဒာဝရက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က နှုတ်ခွန်းဆက်စကား ပြောကြားကာ ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး၏ (၆၉)နှစ်မြောက် ကရင်အမျိုးသားနေ့ မိန့်ခွန်းကို ပဒိုမန်းထိန်လင်းက ဖတ်ကြားသည်။

ထို့နောက် ကရင်အမျိုးသားနေ့ ဖြစ်ပေါ်လာပုံကို ကရင်အမျိုးသားအစည်းအရုံး ဗဟိုစည်းရုံးရေးဌာနမှူး ပဒိုစောလှထွန်းက ရှင်းလင်းပြောကြားပြီး PSDP ပါတီဒုတိယဥက္ကဋ္ဌ မန်းအောင်ပြည်စိုး၊ KAC အတွင်းရေးမှူး ဆရာကျော်စွာ၊ ကရင်လူငယ်နန်းထက်ထက်လင်းစိုးတို့က (၆၉)နှစ်မြောက် ကရင်အမျိုးသားနေ့ဂုဏ်ပြုစကား ပြောကြားကာ ကရင်တေးသံရှင်များက ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ၍ သဘာပတိ ဘီးရှောစတိုင်လိုက နိဂုံးချုပ်အမှာစကားပြောကြားသည်။



ထို့နောက် (၆၉)နှစ်မြောက် ကရင်အမျိုးသားနေ့အခမ်းအနားကို ကရင်အမျိုးသားသီချင်း သီဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တောင်သမန်အင်းနှင့် ဦးပိန်တံတားကြံ့ခိုင်မှုအခြေအနေ တိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ကြည့်ရှုစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးကြီး မျိုးမင်းအောင်၊ ဒေါက်တာရဲလွင်၊ မန္တလေးခရိုင် အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီခွဲက အမရပူရမြို့နယ်အတွင်းရှိ တောင်သမန်အင်း ဦးပိန်တံတားသို့ရောက်ရှိပြီး တောင်သမန်အင်းရေပြင်အခြေအနေ၊ တောင်သမန်ကန်ပတ်ဝန်းကျင်၌ သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်အခြေအနေ၊ ဦးပိန်တံတားကို ပြုပြင်ထားရှိမှုနှင့် တံတားကြံ့ခိုင်မှုအခြေအနေများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်က တောင်သမန်ကန်ပတ်လမ်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်နေမှုနှင့်ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် လုပ်ငန်းအစီအမံများကို လိုက်ပါရှင်းလင်းပြသပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဦးပိန်တံတားသည် မန္တလေးမြို့၏ အထင်ကရ လေ့လာအပန်းဖြေနေရာ ဖြစ်သည့်အတွက် သန့်ရှင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန် သက်ဆိုင်ရာတာဝန်ရှိသူ များအားမှာကြား၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ခေါင်းဆောင်များ၏ သား၊ သမီးများနှင့် ဆွေမျိုးတော်စပ်သူများ၏ ရင်တွင်းစကားသံများ

**မေး - ညီမျိုးရဲ၊ ဓာတ်ပုံ - ကိုကိုစိုးညွန့်**

**နှစ်ပေါင်းများစွာ စည်ကားမှုနည်းပါးခဲ့သည့် အရပ်ဒေသလေးက အခုရက်များတွင် အနယ်နယ်အရပ်ရပ်မှာ လာရောက်ကြသူများကြောင့် လှုပ်လှုပ်ရှားရှားစည်ကားနေသည်။ အချိန်ကာလများ ရွေ့လျားမှုနှင့်အတူ အနီးပတ်ဝန်းကျင်တွင် မြို့ကျက်သရေဆောင် ရွှေတိဂုံပုံတူစေတီ တည်ထားကိုးကွယ်ထားမှုကြောင့် ထိုနေရာလေးက ပို၍ဂုဏ်ကျက်သရေနှင့် ပြည့်စုံနေသည်။**

ထိုနေရာကား ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ပြည်မ၊ တောင်တန်းတိုင်းရင်းသားခေါင်းဆောင်များ နိုင်ငံလွတ်လပ်ရေးရယူရန်အတွက် ပြည်မ၊ တောင်တန်းပူးပေါင်းရေး သဘောတူညီမှု ပင်လုံစာချုပ်လက်မှတ်ရေးခဲ့သည့် ရှမ်းပြည်နယ် ပင်လုံမြို့ရှိ ပင်လုံကျောက်တိုင်ကွင်းနေရာပင်ဖြစ်သည်။

အဆိုပါ ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့် နေရာတွင် နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပမည်ဖြစ်ပြီး အခမ်းအနားသို့ ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မည်ဖြစ်သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ခေါင်းဆောင်များ၏ သား၊သမီးများနှင့် ဆွေမျိုးတော်စပ်သူများကို ဖိတ်ကြားခဲ့သည့်အတွက် ပင်လုံမြေသည်ကား နှစ်(၇၀)အကြာတွင် ပြန်လည်အသက်ဝင်ခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။

ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ခေါင်းဆောင်များ၏ သား၊ သမီးများနှင့်ဆွေမျိုးတော်စပ်သူများ၏ ရင်တွင်းစကားသံများက ဤသို့ ဤပုံ-

**လူထုကိုယ်စားလှယ် ဦးကြာပု၏ သမီးဒေါ်ခင်ခင်ပု**



အဘွားတို့က စိုက်ပျိုးရေးမိသားစုပါ။ အဖေကလည်း စိုက်ပျိုးရေးလုပ်ပြီးတော့ ရှမ်းပြည်မှာပဲ အခြေချတယ်။ အင်္ဂလိပ်အစိုးရကလည်း အဖေ့ကို အရင်ဆုံး အလုပ်ခန့်ခဲ့တယ်။ ညောင်ရွှေမြို့နယ်ခွဲမှာ တာဝန်ပေးတယ်။ အဲဒီမှာ စိုက်ပျိုးရေးရွာဆိုတာ အခုထက်ထိ ရှိသေးတယ်။ ဟိုတုန်းက သွားရေး၊ လာရေးက အတော်ဒုက္ခရောက်တယ်။ စာတွေဘာတွေကလည်း ပို့ဖို့ခက်ပါတယ်။ ဒါကြောင့် ညောင်ရွှေစော်ဘွားကြီးရဲ့ တောင်ကြီးနယ်မြေထဲကို ပြောင်းလိုက်ပါတယ်။ အဲဒီမှာလည်း ဥယျာဉ်တည်ထောင်ရတယ်။ နောက်ပိုင်းမှာ သီပေါစော်ဘွားကြီးက ခေါ်ပြီး စိုက်ပျိုးရေးလုပ်ပေးပါဆိုတော့ အင်္ဂလိပ်ဆီကို တင်ပြရတာပေါ့။ သူတို့ကတော့ မပြောင်းစေချင်ဘူး၊ သီပေါစော်ဘွားကြီးက အစစအရာရာလုပ်ပေးမယ်ပြောတယ်။ ဒါကြောင့် ပြောင်းပါရစေ ပြောလိုက်တယ်။ အခု ဒီအခမ်းအနားကို တက်ရောက်ရတဲ့အတွက် ဝမ်းသာတယ်။ ဂုဏ်ယူတယ်။

**ဦးကီးယိုမန်း ချင်းကိုယ်စားလှယ်(ဟားခါး)၏သား ဦးဆင်မှုန်**



ကျွန်တော်တို့ မောင်နှမ ၁၁ ယောက်ရှိပါတယ်။ သား ၃ ယောက်ထဲက အလတ်ပါ။ ဒီလိုအခမ်းအနားကို တက်ရောက်ရတဲ့အတွက် အဝင်ဝမှာတင် မျက်ရည်ကျမိတယ်။ ဖိတ်ကြားတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ မဖော်ပြနိုင်အောင် ဝမ်းသာတယ်။ ကျွန်တော့်အတွက် ပင်လုံမြေက ထူးဆန်းပါတယ်။ တစ်ခါမှလည်း မရောက်ဖူးပါဘူး။ လုံးဝမမျှော်မှန်းပါဘူး။ ကျွန်တော်က အဲဒီအချိန်က ငယ်လွန်းပါသေးတယ်။ ဒါကြောင့် ထင်တယ်။ အဖေက ပင်လုံအကြောင်း မပြောဘူး။ နိုင်ငံရေးကို ကျွန်တော်နားမလည်ပါဘူး။ ဒါပေမယ့် အခုဆောင်ရွက်ချက်တွေကို ထောက်ခံပါတယ်။ အားပေးတယ်။

**လူထုကိုယ်စားလှယ် ဦးထွန်းမြင့်၏ ဒုတိယသမီး ဒေါ်ခင်စောမြင့်**



အဘွားက လင်းခေးမှာ နေတာပါ၊ အသက် ၉၀ ရှိပါပြီ။ ပင်လုံညီလာခံလုပ် တုန်း က အသက် ၂၀ ပဲ ရှိသေးတယ်။ အဲဒီတုန်းက အဖေပြောပြတာက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အားလုံးပင်ပင်ပန်းပန်း ဒုက္ခရောက်ခဲ့တဲ့အကြောင်း၊ ပင်လုံစာချုပ်ကို ချုပ်ဆိုဖို့အတွက် စည်းရုံးရတဲ့အကြောင်းတွေကို ပြောပါတယ်။ အဘွားလည်း မြင်တာတွေရှိပါတယ်။ အဲဒီတုန်းက ပင်လုံစာချုပ်ကြီး ချုပ်ဆိုနိုင်တဲ့အတွက် တော်တော်ဝမ်းသာကြတယ်။ ရှမ်း၊ ဗမာ ဘာမှ ခွဲခြားမှုမရှိတော့ဘူးပေါ့၊ တစ်ပြည်လုံး လွတ်လပ်ရေးရတော့မယ်ဆိုတော့ ဝမ်းသာနေကြတာ။ အဖေက လင်းခေးမှာလည်း ပင်လုံနဲ့ပတ်သက်တဲ့ အတွေ့အကြုံကို ဟောပြောလိုက်သေးတယ်။ အဖေ့အနေနဲ့ တိုင်းပြည်အတွက် ဒီလိုလုပ်ငန်းမျိုးကို လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် အများကြီးဂုဏ်ယူပါတယ်။ အလွန်လည်း ပင်ပန်းခဲ့တာပါ။ အဖေက ရှမ်းပြည်လွတ်လပ်ရေးရရှိရေး အဖွဲ့မှာလည်း အမှုဆောင်လူကြီးလည်း လုပ်ပါတယ်။ ဒီအတွက် တိုင်းပြည်ကလည်း ပြန်ကြည့်ပါတယ်။ ၁၉၇၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက်မှာ အဖေကွယ်လွန်ခဲ့ပါတယ်။ နှစ်ပေါင်း ၇၀ အတွင်းမှာ အခုလိုအခမ်းအနားမျိုးကို တက်ရောက်ရလို့လည်း ဝမ်းသာပါတယ်။ အဖေ့အတွက်လည်း ဂုဏ်ယူပါတယ်။ ငြိမ်းချမ်းရေးလည်း အမြန်ဆုံးရစေချင် ပါတယ်။ ငြိမ်းချမ်းရေးရမှလည်း လူထုဘဝတွေ တိုးတက်လာမှာပါ။ ငြိမ်းချမ်းရေးအမြန်ဆုံးရပါစေလို့ ဆုတောင်းပါတယ်။

**ဆမားဒူးဝါးဆင်ဝါးနောင် ကချင်ကိုယ်စားလှယ်(မြစ်ကြီးနား)၏သား ဆမားဒူးဝါးကျော်ဇားနော်**



ပင်လုံစာချုပ်ကတော့ လူကြီးတွေ ဆွေးနွေးပြီး သဘောတူမှ လက်မှတ်ရေးထိုးတာပါ။ ဒါပေမယ့် ပြည်ထောင်စုဖွဲ့စည်းပေးပါဆိုပြီး ဗိုလ်ချုပ်ကို တောင်းဆိုခဲ့တာ ကျွန်တော့်အဖေပါ။ ပင်လုံအစည်းအဝေးပျက်တော့မယ်ဆိုပြီး ဖြစ်တဲ့အခါမှာလည်း ကျွန်တော့်အဖေက ဇာတ်လိုက်လုပ်ခဲ့တာပါ။ ဒါနဲ့ပတ်သက်ပြီး အဖေက ပြောပြသလို သမိုင်းတွေကလည်း ဒီလိုပဲ ပြောပါတယ်။ ရှမ်းတွေကလည်း ဆမားကြီးက ဗိုလ်ချုပ်ကို ယုံကြည်လွန်းအားကြီးလို့ ဒီလက်မှတ်ဖြစ်လာပါတယ်ဆိုပြီး ပြောပါတယ်၊ ဗိုလ်ချုပ်က အစည်းအဝေးဖျက်ပြီး ပြန်တော့မှာလေ။ နှစ်ဖက်ကို အဖေက ဝင်လိုက်တာလေ။ ကချင်မှ မဟုတ်ပါဘူး။ တိုင်းရင်းသားအားလုံးက ဗိုလ်ချုပ်ရဲ့နှုတ်ကတိနဲ့ ပင်လုံစာချုပ် ကို အလေးထားကြတယ်။ နှလုံးသားထဲမှာလည်း ဒါပဲရှိတယ်။ ဒီနေ့ ဗိုလ်ချုပ်ရဲ့နှုတ်ကတိနဲ့ ပင်လုံစာချုပ်ရဲ့ ကွဲလွဲလာတဲ့အချက်တွေ အများကြီးဖြစ်လာတယ်။ ကျွန်တော်တို့ကတော့ ပင်လုံဆွေးနွေးချက်တွေအတိုင်းပဲ ဖြစ်စေချင်တယ်လေ။

**သထုံစော်ဘွားကိုယ်စားလှယ် ဦးဖြူ၏ သမီး ဒေါ်အုန်းကြွယ်**



ပင်လုံမြေကိုတော့ အန်တီတို့ ငယ်ငယ်ကတည်းက ရောက်ဖူးပါတယ်။ အန်တီ ဒီအခမ်းအနားကို တက်ရောက်ရမယ်ဆိုတဲ့အတွက် အလွန်ဝမ်းမြောက်မိတယ်။ ဂုဏ်လည်းယူပါတယ်။ အဖေကတော့ ၁၉၇၅ ခုနှစ်မှာ ဆုံးသွားတာပါ။ ပင်လုံစာချုပ် ချုပ်တုန်းက အန်တီတို့က ငယ်သေးတယ်လေ။ လက်ရှိအစိုးရရဲ့ တိုင်းပြည်အတွက် ဆောင်ရွက်နေတဲ့ အပေါ်မှာ သဘောကျပါတယ်။ ဝမ်းလည်းသာပါတယ်။

**ဒူးဝါးဇော်လွန်း ကချင်ကိုယ်စားလှယ်(ဗန်းမော်)၏သား ဦးလဖိုင်ခွန်အောင်း**




လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့ ချုပ်ဆိုခဲ့ကြတဲ့ ပင်လုံကတိကဝတ်ကို ကျွန်တော်တို့ တိုင်းရင်းသားတွေအတွက် ပြေပြေလည်လည်နဲ့ အကောင်အထည်ဖော်ဖို့ ပြောချင်ပါတယ်။ နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့မှာ ဒီအခမ်းအနားကို လာတက်ရတဲ့အတွက် ဝမ်းသာတယ်။ ဂုဏ်ယူမိတယ်။ ကျွန်တော့်ရဲ့တစ်သက်တာမှာ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်က ဖိတ်ကြားတာကို တက်ရောက်ရလို့ပါပဲ။ ကျွန်တော့်အနေနဲ့ကတော့ တိုင်းရင်းသားတွေအားလုံး စုပေါင်းပြီးမှ လက်မှတ်ထိုးထားတဲ့အတွက်ကြောင့် ဒီကိစ္စဟာ ဖြစ်မြောက်လာမယ်လို့ ယုံကြည်ပါတယ်။

**လူထုကိုယ်စားလှယ် ဦးခွန်ထီး၏သား ဦးစိုင်းခမ်းပန့်**



ပင်လုံစာချုပ်ကတော့ အကုန်လုံး သဘောတူညီပြီး လုပ်ထားတဲ့အလုပ်ပါ။ ဒါ့ကြောင့်လည်း ပင်လုံစာချုပ်မှာပါတဲ့ အချက်တွေကို လိုက်နာစေချင်တယ်။ အကောင်အထည်ဖော်ပေးစေချင်တယ်။ ဒီအခမ်းအနားကို တက်ရတဲ့အတွက် ဝမ်းသာတယ်။ စာချုပ်ပါအချက်တွေကို အကောင်အထည် ဖော်နိုင်ရင်တော့ ပိုကောင်းမှာပါ။

**မိုင်းပွန်စော်ဘွား စဝ်စံထွန်း၏သား စဝ်သောင်းတင်**



ရှမ်းပြည်နယ်နဲ့ ပတ်သက်တဲ့၊ တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့၊ ပင်လုံစာချုပ်သဘောတူညီချက် အကောင်အထည်မဖော်နိုင်လို့၊ စားပွဲပေါ်မှာ မဖြေရှင်းဘဲ လက်နက်ကိုင်ဖြေရှင်းကြလို့ မငြိမ်းချမ်းတာ။ ဒါသေချာတယ်။ ပင်လုံသဘောတူညီချက်ကို ဟိုတုန်းကသာ ဆက်ပြီး အကောင်အထည်ဖော်နိုင်မယ်ဆိုရင် လက်နက်ကိုင်စရာမလိုဘူး။ ၁၉၆၂ ခုနှစ်မှာ ဖက်ဒရယ်ကိစ္စကို လုပ်တယ်။ အဲဒီတုန်းက သဘောတူညီပြီးပြီ လက်မှတ်ထိုးဖို့ပဲ ကျန်တော့တယ်။ အဲဒီအချိန်မှာပျက်ခဲ့တာ။ မပျက်ခဲ့ဘူးဆိုရင် ဒီအချိန်မှာ ကျွန်တော်တို့တိုင်းပြည်က ငြိမ်းချမ်းနေမှာ။

**လူထုကိုယ်စားလှယ် စဝ်ယိပ်ဖ၏ တူမ ဒေါ်နန်းခင်လတ်**




ကျွန်မတို့ ဒီအခမ်းအနားတက်ဖို့ ပြည်နယ်အစိုးရက ဖိတ်ကြားတာပါ။ ဒီအတွက်လည်း လွန်စွာဝမ်းသာပါတယ်။ ဦးလေးအတွက်လည်း ဂုဏ်ယူတယ်။ ဦးလေးရဲ့ချွေးမလည်းပါတယ်။ ဦးလေးရဲ့ ဇနီးကတော့ ကွယ်လွန်သွားပါပြီ။ အခုလို ဖိတ်ကြားတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ အခုလို လုပ်လိုက်တဲ့အတွက် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်တယ်လို့ပဲ သဘောပေါက်ပါတယ်။

---

## နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ကျေးလက်ရေပေးရေးလုပ်ငန်း ညောင်လေးပင်မြို့၌ ဖွင့်

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၁**

နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ရေပေးရေးလုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကြံဘိုကျေးရွာ၌ ပြုလုပ်ခဲ့သည်။ ဖွင့်ပွဲတွင် ရှေးဦးစွာတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းလွင်က ရေပေးရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းသည်။ ထို့နောက် ဖွင့်ပွဲဆိုင်းဘုတ်အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းလွင်၊ ကြံဘိုကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်စိုးရည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရေပေးရေးလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၂ သန်းဖြင့် Golden Hours Co.Ltd မှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ရေပေးရေးလုပ်ငန်းတွင် တွင်းနက်တစ်တွင်း၊ ရေကန်၊ ရေစက်ရုံ၊ အမြင့်တင်ရေစင်များပါဝင်ကာ ကြံဘိုကျေးရွာရှိ အိမ်ခြေ ၂၈၀ ၊ လူဦးရေ ၁၁၅၃ ဦးတို့အား ရေထွက်နှုန်းတစ်နာရီကို ဂါလန် ၁၅၀၀ နှုန်းဖြင့် ရေလုံလောက်စွာ ရရှိခြင်းဖြင့် ဒေသခံပြည်သူများကို အကျိုးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# တန်ဖိုးထားလေးစားအပ်သည့် ပင်လုံစိတ်ဓာတ်

**အောင်ထူး**

**ပြည်ထောင်စုနေ့ နှစ်(၇၀)တိုင်ခဲ့ပြီ။ အများအတွက် ပြည်ထောင်စုနေ့သည် ပင်လုံစာချုပ်ချုပ်ဆိုခဲ့သောနေ့အဖြစ်သာ သိရှိပေလိမ့်မည်။ ပင်လုံ၏လေးနက်မှုကို နှိုက်နှိုက်ချွတ်ချွတ် သိကောင်းမှ သိပေလိမ့်မည်။ ဒုတိယကမ္ဘာစစ်ပြီးခေတ် တောင်အာရှနိုင်ငံများတွင် ဖြစ်ပျက်ခဲ့မှုများနှင့် နှိုင်းယှဉ်လေ့လာလျှင် ပင်လုံစိတ်ဓာတ်၏ လေးနက်မှုကို ပိုမိုပေါ်လွင်မည်ဟု စာရေးသူထင်သည်။**

နေမဝင်အင်ပါယာကို ထူထောင်ခဲ့သည့် ဗြိတိသျှတို့သည် ဒုတိယကမ္ဘာစစ်အပြီးကာလတွင် လွန်စွာ အင်အားချည့်နဲ့ခဲ့သည်။ ကြီးမားကျယ်ပြန့်သည့် အင်ပါယာကြီးကို ဆက်လက်ထိန်းမထားနိုင်တော့ပေ။ကိုလိုနီများကို လွတ်လပ်ရေးပေးရတော့မည်။ အထူးသဖြင့် အိန္ဒိယတိုက်တစ်ခုလုံးကို ဖြစ်လေသည်။ ဗြိတိသျှ အိန္ဒိယအောက်တွင် အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဘူတန်၊ နီပေါ၊ မောရီသျှ၊ မြန်မာတို့ပါဝင်ခဲ့လေသည်။ မြန်မာ၊ သီရိလင်္ကာ၊ ဘူတန်၊ နီပေါ၊ မောရီသျှတို့မှာ အစောပိုင်းတွင် ဗြိတိသျှ အိန္ဒိယမှ ခွဲထွက်ခဲ့ပြီး သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည့် ဗြိတိသျှလက်အောက်ခံ ကိုလိုနီများဖြစ်လာခဲ့သည်။ ဒုတိယကမ္ဘာစစ် ပြီးနောက်တွင် ဗြိတိသျှအစိုးရက ဗြိတိသျှ အိန္ဒိယကို လွတ်လပ်ရေးပေးရန် စီစဉ်သကဲ့သို့ မြန်မာ၊ သီရိလင်္ကာ၊ ဘူတန်၊ နီပေါ၊ မောရီသျှတို့အား လွတ်လပ်ရေးပေးရေးကို သီးခြားစီစဉ်ခဲ့လေသည်။

၁၉၄၆ ခုနှစ်တွင် မြန်မာပြည်၏အနာဂတ်ရေးကိုဆွေးနွေးရန် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာကလီမင့်ရစ်ချတ် အက်တလီက ၁၉၄၆ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာအစိုးရ အမှုဆောင်ကောင်စီကိုယ်စားလှယ်အဖွဲ့ကို လန်ဒန်မြို့သို့ ဖိတ်ခေါ်ခဲ့သည်။ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် တစ်နှစ်အတွင်းလွတ်လပ်ရေးရရန် ကြွေးကြော်ခဲ့သည်။ ယင်းကြွေးကြော်သံသည် ဖဆပလအဖွဲ့၏ တရားဝင်ကြွေးကြော်သံဖြစ်လာခဲ့သည်။

ဘုရင်ခံ၏ အမှုဆောင်ကောင်စီကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော မြန်မာအစိုးရကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၇ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် လန်ဒန်သို့ ထွက်ခွာခဲ့သည်။ ဝန်ကြီးချုပ်အက်တလီနှင့်ဆွေးနွေးမှုတွင် ဗိုလ်ချုပ်အောင်ဆန်းက ဗမာပြည်မနှင့်အတူ နယ်စပ်ဒေသနယ်မြေများကိုပါ တစ်ပြိုင်တည်း လွတ်လပ်ရေးပေးရန် တောင်းဆိုခဲ့ပါသည်။

ယင်းသို့ဆွေးနွေးမှုတွင် ဗြိတိသျှ ဓနသဟာယတွင် ပါဝင်သည် ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ မြန်မာနိုင်ငံကို အမြန်ဆုံး လွတ်လပ်ရေးပေးနိုင်ရန် ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးသဘောတူညီချက်များတွင် အချက်(၁၀)ချက် ပါဝင်ခဲ့သည်။ ယင်းတို့မှာ မြန်မာနိုင်ငံ၏ အခြေခံဥပဒေကို ရေးဆွဲရန် တိုင်းပြုပြည်ပြုလွှတ်တော်အတွက် ကိုယ်စားလှယ်များရွေးကောက်ရန်ကိစ္စ၊ အသွင်ကူးပြောင်းရေးအစိုးရ၏ ဖွဲ့စည်းမှု၊ ကြားဖြတ်ဥပဒေပြုကောင်စီဖွဲ့စည်းရေး၊ ကြားဖြတ်အစိုးရ၊ နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံတကာအဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရေး၊ ကာကွယ်ရေး၊ နယ်စပ်ဒေသများကိစ္စ၊ ငွေရေးကြေးရေးကိစ္စများ ဖြစ်လေသည်။

ယင်းတို့အနက်ပြည်ထောင်စုနေ့နှင့် သက်ဆိုင်နေသည့် အချက်တစ်ရပ်မှာ နယ်စပ်ဒေသများကိစ္စဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ Ministerial Burma ခေါ်ဗမာပြည်မနှင့် နယ်စပ်ဒေသများ(Frontier Areas)အကြား ပေါင်းစည်းမှုကို နယ်စပ်ဒေသများရှိ ပြည်သူများ၏ လွတ်လပ်သည့် ဆန္ဒအပေါ်တွင်အခြေခံပြီး အစောဆုံးဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။ ဖေဖော်ဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်းမှ ကြီးမှူးကျင်းပမည့် ပင်လုံညီလာခံ သို့မဟုတ် အထူးညီလာခံတစ်ရပ်တွင် တိုင်းရင်းသားတို့၏ သဘောထားရယူသွားရန်ဖြစ်သည်ဟု အောင်ဆန်း-အက်တလီ သဘောတူညီချက်တွင် ဖော်ပြခဲ့လေသည်။ ပြည်မဟုဆိုရာတွင် ၁၉၃၅ခုနှစ်၊ မြန်မာနိုင်ငံအစိုးရအက်ဥပဒေ(1935 Government of Burma Act)အရ ဗမာ၊ ရခိုင်၊မွန်တို့သည် ဗမာပြည်မထဲတွင်ပါဝင်နေပြီးသားဖြစ်သည်။ နယ်စပ်ဒေသများဟုဆိုရာတွင် ရှမ်းပြည်ထောင်စု၊ ကချင်၊ ချင်းနှင့် ကရင်နီ(ကယား)တို့ကို ဆိုလိုလေသည်။ အောင်ဆန်း-အက်တလီစာချုပ်တွင် နယ်စပ်ဒေသများ၏ ကိုယ်စားလှယ်များကို အမှုဆောင်ကောင်စီ၏ပူးပေါင်းဆောင်ရွက်မှုဖြင့် ခန့်အပ်ပြီး နယ်စပ်ဒေသများဆိုင်ရာကိစ္စရပ်များကို ဘုရင်ခံအား အကြံပေးရန် သို့တည်းမဟုတ် နယ်စပ်ဒေသရေးရာ ကိုင်တွယ်မည့်ကိုယ်စားလှယ်ကို အမှုဆောင်ကောင်စီ၏ ကောင်စီဝင်အဖြစ် ခန့်အပ်ရန်ဖြစ်သည်။ ပင်လုံညီလာခံသို့မဟုတ် အထူးညီလာခံအပြီးတွင် နယ်စပ်ဒေသနှင့် ပြည်မတို့၏ ဘုံအကျိုးစီးပွားအတွက် ဆက်လက်ဆောင်ရွက်ကြရန် သဘောတူညီခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ပင်လုံတွင် ညီလာခံကိုကျင်းပခဲ့သည်။ ယင်းညီလာခံတွင် တိုင်းရင်းသားကိုယ်စားလှယ်များဖြစ်သည့် ကချင်ကော်မတီ၊ရှမ်းကော်မတီ၊ ချင်းကော်မတီနှင့်ဗမာ ကော်မတီတို့ ပါဝင်ခဲ့ကြသည်။ ကရင်နီခေါ် ကယားမှာ မြန်မာဘုရင်ကိုယ်စား ကင်းဝန်မင်းကြီးနှင့် အင်္ဂလိပ်ဘုရင်ခံကိုယ်စား ဆာဒေါက်ကလပ်စ်ဖော့ဆက်တို့ ၁၈၇၅ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် ချုပ်ဆိုထားသောစာချုပ်အရ သီးခြားလွတ်လပ်သောနယ်မြေအဖြစ် အသိအမှတ်ပြုထားသော နယ်မြေဖြစ်သဖြင့် ပင်လုံညီလာခံတွင် လေ့လာသူအဖြစ်သာ တက်ရောက်ခဲ့သည်။ ယင်းညီလာခံ၏ ဗြိတိသျှအစိုးရကိုယ်စားလှယ်သက်သေအဖြစ် Lord Bottomley တက်ရောက်ခဲ့သည်။ ဒီညီလာခံ၏အဓိကဆုံးဖြတ်ချက်မှာ "နယ်စပ်ဒေသများသည်ဗမာပြည်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လွတ်လပ်ရေးဆောလျင်စွာရရှိကြမည်ဟု အစည်းအဝေးတက်ရောက်သူများက ကန့်ကွက်သူမရှိ သဘောတူခဲ့ခြင်း" ဖြစ်ပြီး ဘုရင်ခံ၏အမှုဆောင်ကောင်စီတွင် နယ်စပ်ဒေသများ၏ အတိုင်ပင်ခံပုဂ္ဂိုလ်တစ်ဦးနှင့် လူမျိုးချင်းမတူသည့် ဒုတိယအတိုင်ပင်ခံ နှစ်ဦးတို့ကို ခန့်ထားရန် သဘောတူညီခဲ့ကြသည်။

အောင်ဆန်း - အက်တလီစာချုပ်တွင် ဗမာပြည်အစိုးရဟူသော အသုံးအနှုန်းကိုသုံးခဲ့သော်လည်း ပင်လုံညီလာခံတွင် အတူတကွလွတ်လပ်ရေးရယူကြရန် သဘောတူညီပြီးသည့်နောက်ပိုင်း ၁၉၄၇ခုနှစ် အောက်တိုဘာလအတွင်း ချုပ်ဆိုခဲ့သည့် နု-အက်တလီစာချုပ်တွင်မှ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ အစိုးရသည် ပြည်ထောင်စုသမ္မတဗမာနိုင်ငံ (the Republic of the Union of Burma)ကို အပြည့်အဝ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အသိအမှတ်ပြုရန် သဘောတူထားပြီး သံတမန်ကိုယ်စားလှယ်များ ဖလှယ်ခန့်အပ်ရန် သဘောတူခဲ့သည်။ ယင်းအချိန်မှစ၍ ပြည်ထောင်စုသမ္မတဗမာနိုင်ငံဟူသည့် အသုံးအနှုန်းပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုဗမာနိုင်ငံဟု ခေါ်တွင်ခဲ့ခြင်းမှာ ဗမာပြည်မ (Ministerial Burma)ကို အခြေခံ၍ တိုင်းရင်းသားနယ်စပ်ဒေသများပါဝင်သည့် ပြည်ထောင်စုတစ်ရပ်ဖြစ်သည်ကို ဆိုလိုရင်းဖြစ်လေသည်။ ပြည်ထောင်စုဗမာနိုင်ငံအစားနောက်ပိုင်းတွင် တိုင်းရင်းသားအားလုံးအကျုံးဝင်၍ တန်းတူပါဝင်သည့်သဘောဖြင့် မြန်မာ(Myanmar)ဟူသည့် အသုံးအနှုန်းဖြင့် ခေါ်ဆိုခဲ့ခြင်း ဖြစ်လေသည်။ မြန်မာဟူသည့် အသုံးအနှုန်းသည် ဗမာလူမျိုးများသာမက ချင်း၊ကချင်၊ကယား၊ကရင်၊ ရခိုင်၊ မွန်စသည့် ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသား ၁၃၅ မျိုးနှင့် ၎င်းတို့၏ တန်းတူညီမျှမှုကို ရည်ညွှန်းလေသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့လွတ်လပ်ရေးပေးရန် ဖြစ်စဉ်တွင် ၁၉၄၇ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးခဲ့ပြီးနောက် ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလမှာ ဝန်ကြီးချုပ်ဦးနုနှင့် အက်တလီတို့၏ ဆက်လက်ညှိနှိုင်းမှုများတွင် အဆင်ပြေမှုရှိခဲ့ကြောင်း တွေ့ရှိရလေသည်။ ဗမာပြည်မနှင့် နယ်စပ်ဒေသများကို တစ်ပေါင်းတစ်စည်းတည်း ပြည်ထောင်စုတစ်ရပ်အဖြစ် လွတ်လပ်ရေးပေးရန် သဘောတူညီခဲ့သည့်အတွက်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဗြိတိသျှအစိုးရသည် ဗြိတိသျှအိန္ဒိယကိုလည်း လွတ်လပ်ရေးပေးရန်လည်း ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ခုနှစ် မတ်လတွင် ဗြိတိသျှအစိုးရသည် လူးဝစ် မောင့်ဘက်တန်ကို ဗြိတိန်၏နောက်ဆုံးဘုရင်ခံအဖြစ် နယူးဒေလီသို့ စေလွှတ်ခဲ့ပြီး အိန္ဒိယကို လွတ်လပ်ရေးပေးရန်နှင့် ဗြိတိသျှတို့ အဆောတလျင်ဆုံး ထွက်ခွာမှုများကို ဆောင်ရွက်ရန် စီစဉ်ခိုင်းသည်။ သို့သော်လည်း မွတ်စလင်အဖွဲ့ချုပ်ခေါင်းဆောင် ဂျင်းနားနှင့် ဟိန္ဒူခေါင်းဆောင် ဂန္ဒီတို့အကြား စေ့စပ်ညှိနှိုင်း၍ မရတော့သည့်အတွက် မောင့်ဘက်တန်သည် ဗြိတိသျှအိန္ဒိယကို နှစ်ခြမ်းခွဲရန် ညှိနှိုင်းခဲ့ရလေသည်။

၁၉၄၇ခုနှစ်၊ ဇွန်လတွင် မောင့်ဘက်တန်က သတ်မှတ်ထားချိန်ထက် ၁၀ လစောပြီး ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် အာဏာလွှဲမည်ဟု ကြေညာခဲ့သည်။ မောင့်ဘက်တန်သည် ဗြိတိသျှတရားသူကြီး စီရီးရက်ကလစ်ကို ရက်ပေါင်း ၄၀ သာ အချိန်ပေးပြီး ဟိန္ဒူ-အိန္ဒိယနှင့် မွတ်စလင်-ပါကစ္စတန်နိုင်ငံဟူ၍ နိုင်ငံသစ်နှစ်နိုင်ငံခွဲရန် တာဝန်ပေးလိုက်သည်။ ရက်ကလစ် သည် ဗြိတိသျှ အိန္ဒိယအကြောင်းကို သေချာမသိသော်လည်း ခေတ်နောက်ကျနေသည့် မြေပုံများနှင့် မပြည့်စုံသည့် သန်းခေါင်စာရင်း အစီရင်ခံစာများကို အခြေခံပြီး နှစ်နိုင်ငံခွဲခဲ့လေသည်။ ပါကစ္စတန်ကို ၁၉၄၇ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် လည်းကောင်း၊ အိန္ဒိယကို၁၉၄၇ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် လည်းကောင်း လွတ်လပ်ရေးပေးခဲ့သည်။ သို့သော်လည်းနှစ်နိုင်ငံ၏နယ်နိမိတ်များကိုမူ လွတ်လပ်ရေးပေးပြီး နှစ်ရက်ကြာမှသာ ကြေညာနိုင်ခဲ့သည်ဟု ဆိုပါသည်။

> **ပြည်ထောင်စုအတွင်း မိသားစုတစ်စုအတွင်းမှာကဲ့သို့ ကြီးသူက ငယ်သူကို စောင့်ရှောက်ခြင်းဖြင့် လည်းကောင်း၊ ချမ်းသာသူက နွမ်းပါးသူကို ထောက်ပံ့ဖေးမခြင်းဖြင့် လည်းကောင်း၊ အားလုံးက တက်ညီလက်ညီ ကြိုးပမ်းခြင်းဖြင့် လည်းကောင်း ကမ္ဘာပေါ်တွင် မြန်မာဟော့ဟု ဝင့်ကြွားနိုင်မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုဖက်ဒရယ်သမ္မတ နိုင်ငံကြီးသို့ ရောက်ရှိမည်ဟု ယုံကြည်**

နှစ်နိုင်ငံကို ကိုးကွယ်သည့်ဘာသာရေးအပေါ် အခြေခံ၍ ခွဲခြမ်းတော့မည်ဆိုသည့်အတွက် လအနည်းငယ်အတွင်းမှာပင် ဗြိတိသျှအိန္ဒိယ၏မြင်ကွင်းသည် အကြီးအကျယ် ပြောင်းလဲသွားခဲ့သည်။ ဟိန္ဒူများသည် အိန္ဒိယဘက်သို့ အကြီးအကျယ် ပြောင်းရွှေ့ခဲ့ရပြီး မွတ်စလင်များက ပါကစ္စတန်ဖြစ်လာမည့် ဘက်သို့ ပြောင်းခဲ့ကြသည်။ ပါကစ္စတန်၏ မြို့တော်အဖြစ် သတ်မှတ်မည့်ကရာချိမြို့တွင် ၁၉၄၁ ခုနှစ်က ဟိန္ဒူ ၄၇ ဒသမ၄ ရာခိုင်နှုန်းနေထိုင်ခဲ့ကြပြီး နယူးဒေလီတွင်လည်း မွတ်စလင် သုံးပုံတစ်ပုံနေထိုင်ခဲ့ကြသည်။

နှစ်နိုင်ငံခွဲတော့မည်ဟုကြားသိရသဖြင့် နယူးဒေလီမှ မွတ်စလင် နှစ်သိန်းသည် နယူးဒေလီမှ ထွက်ခွာခဲ့ပြီး ကရာချိမှ ဟိန္ဒူအားလုံးနီးပါးသည်လည်း အိုးအိမ်စွန့်၍ ထွက်ခွာသွားခဲ့ကြရသည်။ ယင်းသို့ နှစ်နိုင်ငံခွဲလိုက်သည့်အတွက် လူ ၁၀ သန်းခန့်သည် မိမိတို့နေထိုင်ခဲ့သည့် နေရာများကို စွန့်ခွာရွှေ့ပြောင်းနေထိုင်ခဲ့ကြရသည်။ ယခင် ဗြိတိသျှ အိန္ဒိယအတွင်းမှာ လွတ်လပ်စွာသွားလာနိုင်ခဲ့ကြသော်လည်း ယခုအချိန်တွင်တော့ ဗီဇာရှိမှသွားလာနိုင်ကြရသည်။ တစ်ချိန်က ဟိန္ဒူနှင့် မွတ်စလင်ဘာသာဝင်များ ငြိမ်းချမ်းစွာ အတူရောနှောနေထိုင်ခဲ့ကြရာမှသည် ဘာသာရေးကိုအကြောင်းပြု၍ သွေးကွဲခဲ့ကြသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဘယ်သူကိုမျှ အပြစ်မပြောလိုသော်လည်း သမိုင်းသင်ခန်းစာယူတတ်ကြဖို့လိုသည်ဟု ထင်သည်။

ယင်းအခြေအနေမျိုးနီးပါးကိုလည်း ၁၉၄၇ခုနှစ်က မြန်မာနိုင်ငံတွင် ဖြစ်ခဲ့ဖူးပါသည်။ ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် လန်ဒန်တွင် ပြည်မနှင့် တောင်တန်းဒေသတွေအားလုံး လွတ်လပ်ရေး အတူတကွရရှိဖို့ ကြိုးစားနေချိန်တွင် ပြည်ထောင်စု ရှမ်းပြည်နယ်၏ စော်ဘွားများကောင်စီက ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဗမာပြည်အစိုးရသည် ဗမာပြည်ကိုသာ ကိုယ်စားပြုပြီး ရှမ်းပြည်နှင့် တောင်တန်းဒေသ ကိုယ်စားလှယ်မဟုတ်ကြောင်း ဗြိတိသျှအစိုးရထံ ကြေးနန်းစာပို့ခဲ့သည်။ ယင်းကြေးနန်းစာတွင် ဗမာမင်းများ လက်ထက်ကတည်းက ရှမ်းပြည်သည် သီးခြားနယ်အဖြစ် တည်ရှိကြောင်း၊ ဗမာပြည်ကို လွတ်လပ်ရေးပေးရန် ဆုံးဖြတ်ပါက ဖက်ဒရယ်ရှမ်းပြည်သည်လည်း အလားတူ အခွင့်အရေးရသင့်ကြောင်း၊ ရှမ်းပြည်သည် ဗမာပြည်မနှင့် ပူးပေါင်းရန် အချိန်မကျသေးကြောင်း၊ စော်ဘွားများအား အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးများတွင် စီမံခန့်ခွဲခွင့်ပေးသင့်ကြောင်း၊ ရှမ်းပြည်နှင့် နယ်ချင်းစပ်နေသော တိုင်းပြည်များနှင့် လွတ်လပ်စွာ ဆက်ဆံခွင့်ပေးသင့်ကြောင်း၊ ရှမ်းပြည်သည် အခြားတောင်တန်းဒေသများနည်းတူ နယ်ခြားဒေသအုပ်ချုပ်ရေးဘောင်အတွင်း၌သာ နေထိုင်လိုကြောင်း၊ ဗမာပြည်နှင့် ပူးပေါင်းရမည်ဆိုပါက ရှမ်းပြည်အတွက် လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးရရှိမည်ဟူသော မူဖြင့်သာ ဆွေးနွေးလိုကြောင်း၊ ပြည်ထောင်စုနိုင်ငံအတွင်းမှ ခွဲထွက်လိုလျှင် ခွဲထွက်နိုင်ခွင့်ကို နောင်ရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာမခံချက်ပေးရမည်ဖြစ်ကြောင်းပါရှိခဲ့လေသည်။

ဗြိတိသျှအစိုးရထံစော်ဘွားများကောင်စီက အထက်ပါကြေးနန်းကိုပို့ကြောင်းသိရှိရသည့်အခါ ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့(ရပလ)သည် တောင်ကြီးမြို့ ဈေးနေ့တွင် ပြည်သူလူထု ၂၀၀၀ ကျော်ကို စုစည်း၍ လူထု အစည်းအဝေးတစ်ရပ်ကျင်းပပြီး ဗမာပြည်နှင့်အတူ ရှမ်းပြည်ကိုပါ လွတ်လပ်ရေးတစ်ပြိုင်တည်းချက်ချင်းပေးရန် ဗိုလ်ချုပ်အောင်ဆန်းအား တစ်ညီတစ်ညွတ်တည်း ထောက်ခံကြောင်းအဆိုတင်သွင်းပြီး ထောက်ခံအတည်ပြု၍ ဗြိတိသျှအစိုးရထံ ဗိုလ်ချုပ်အောင်ဆန်းကို ရှမ်းပြည်လူထုက ထောက်ခံကြောင်း၊ ဗမာပြည်နှင့်အတူ ရှမ်းပြည်ကို လွတ်လပ်ရေးတစ်ပြိုင်တည်းချက်ချင်းပေးရန် တညီတညွတ်တည်း တောင်းဆိုကြောင်း၊ ရှမ်းပြည်လူထုသည် ပဒေသရာဇ်စနစ်အောက်မှ မနှေးအမြန် လွတ်မြောက်ရေးကို တောင်းဆိုကြောင်း ကြေးနန်းပို့သည်။ ဦးထွန်းမြင့် (လင်းခေး)၊ ဦးတင်အေး၊ ဦးထွန်းမြင့်လေး(တောင်ကြီး)၊ ဦးခွန်ထီး၊ ဦးအုန်းဖေ၊ ဦးရွှေအုံးနှင့် ဦးစံဖေ စသည့် ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ခေါင်းဆောင်များသည် ပဒေသရာဇ်စနစ်ကို ဆန့်ကျင်ပြီး ဗမာပြည်နှင့် ရှမ်းပြည်တောင်တန်းဒေသ နယ်မြေများ တစ်ပြိုင်တည်း လွတ်လပ်ရေးရယူ၍ အမျိုးသား ပြည်နယ်ပေါင်းစု ပါဝင်ဖွဲ့စည်းထားသော တန်းတူပြည်ထောင်စုနိုင်ငံတော်တည်ထောင်ရေးကို မျှော်လင့်အားကြီးစွာဖြင့် စွမ်းစွမ်းတမံ တက်တက်ကြွကြွလှုပ်ရှားခဲ့သည့် တိုးတက်သောလူငယ်ထုဖြစ်သည်။

ယင်းအချက်ကိုကြည့်လျှင် ပင်လုံသဘောတူညီချက် ကိုရရှိရန် မည်မျှကြိုးစားအားထုတ်ခဲ့ရသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ ဗြိတိသျှအိန္ဒိယကဲ့သို့ တိုင်းပြည်ကွဲ မသွားအောင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ကြပြီး ကစဉ့်ကလျားဖြစ်မှုနှင့် သွေးထွက်သံယိုဖြစ်မှုများမှ ရှောင်လွှဲနိုင်ခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်လေသည်။ ယင်းသည် ပင်လုံစိတ်ဓာတ်၏ အကျိုးပင်ဖြစ်လေသည်။

သို့သော်လည်း တိုင်းရင်းသားတို့မျှော်မှန်းသည့် ပြည်နယ်ပေါင်းစုပါဝင်ဖွဲ့စည်းထားသော တန်းတူ ပြည်ထောင်စုနိုင်ငံတော်တည်ထောင်ရေးကိုကား ကြိုးပမ်းဆဲဖြစ်သည်။ လက်ရှိအစိုးရသည် စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးကို ထူထောင်ရန် ထုဆစ်လျက်ရှိပြီး (၂၁)ရာစုနှစ် ပင်လုံဟု ခေါ်ဆိုသည့် ညီလာခံဖြင့် ပုံဖော်လျက်ရှိသည်။ (၂၁)ရာစုနှစ်ပင်လုံညီလာခံသည် ငြိမ်းချမ်းရေး နှင့် အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်နေသကဲ့သို့ စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စုကိုလည်း ဦးတည်နေလေသည်။

ပင်လုံစိတ်ဓာတ်ကြောင့် မြန်မာတို့ဥမကွဲသိုက်မပျက်ရှိခဲ့ချေသည်။ မိမိနိုင်ငံအတွင်း ဗီဇာယူ၍ ခရီးမသွားရသလိုရန်စောင်၍ အကြောက်တရားကို ထာဝရကိုင်စွဲထားရခြင်းလည်းမရှိခဲ့ချေ။ သို့သော်လည်း မိသားစုတစ်စုအတွင်း၌ကား သဘောထားကွဲပြားမှုများကတော့ ဓမ္မတာအတိုင်းရှိနေဆဲပင်။ ယင်းကို ဒီမိုကရေစီ နည်းကျ စေ့စပ်ဆွေးနွေးမှုစားပွဲဝိုင်းတွင် ဖြေရှင်းခြင်းဖြင့် ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရမည်ဖြစ်သည်။ (၂၁)ရာစုနှစ် ပင်လုံသည် စစ်မှန်သောဒီမိုကရေစီပြည်ထောင်စုကြီး ပေါ်ထွန်းရေးကို ငြိမ်းချမ်းသောနည်းဖြင့် အဖြေရှာခြင်း၏ ခြေလှမ်းပင်ဖြစ်လေသည်။

ပြည်ထောင်စုအတွင်း မိသားစုတစ်စုအတွင်းမှာကဲ့သို့ ကြီးသူက ငယ်သူကို စောင့်ရှောက်ခြင်းဖြင့်လည်းကောင်း၊ ချမ်းသာသူက နွမ်းပါးသူကို ထောက်ပံ့ဖေးမခြင်းဖြင့် လည်းကောင်း၊ အားလုံးက တက်ညီလက်ညီကြိုးပမ်းခြင်းဖြင့် လည်းကောင်း ကမ္ဘာပေါ်တွင် မြန်မာဟော့ဟု ဝင့်ကြွားနိုင်မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုဖက်ဒရယ်သမ္မတ နိုင်ငံကြီးသို့ ရောက်ရှိမည်ဟု ယုံကြည်ရင်း ပင်လုံစိတ်ဓာတ်ကို တန်ဖိုးထားအလေးအနက် ဂုဏ်ပြုအပ်ပါသည်။ ။



# သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီးတွင် တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက်အခါတော်နေ့ ဓမ္မပူဇာမင်္ဂလာ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ၁၃၇၈ ခုနှစ် တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက်အခါတော်နေ့ ဓမ္မပူဇာ မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက အဆိုပါ စေတီတော် အာရုံခံ တန်ဆောင်းအပေါ်ထပ်၌ ကျင်းပ သည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့ ဖွင့်လှစ်လိုက်ပြီး ပုညကာရဝတ်အသင်း၊ စေတနာဝတ် အသင်း၊ သောကြာဝတ်အသင်း၊ တနင်္ဂနွေညနေ ဝတ်အသင်းနှင့် မဟာမြိုင် ဝတ်အသင်းတို့ အပါအဝင် ဝတ်အသင်း ၂၀ သင်း တို့က မြတ်စွာဘုရား၊ နတ်ပြဟ္မာများနှင့် အဂ္ဂသာဝက ရဟန္တာ အရှင်မြတ်နှစ်ပါးတို့အား ပင့်ဖိတ်လျှောက်ထားသည်။

ထို့နောက် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးမြင့်သိန်းက ဩဝါဒပါတိမောက် အခါတော်နေ့အကြောင်း ဓမ္မပူဇာမင်္ဂလာထောမနာ စကား ပြောကြားသည်။

ဆက်လက်၍ ဝတ်အသင်းအဖွဲ့များက ဩဝါဒပါတိမောက် ဒေသနာ (၈) လုံးဘွဲ့ ကဗျာ၊ ဩဝါဒ ပါတိမောက် ပါဠိတော် အမွှမ်းနှင့် ပါဠိတော်တို့အား ရွတ်ဆိုပူဇော်ကြပြီး မေတ္တာပို့ အမျှဝေခြင်း၊ ဆုတောင်းပတ္ထနာ မေတ္တာပို့ ကဗျာများကို ရွတ်ဆိုဆုတောင်း၍ "ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရ သည်။

**(သတင်းစဉ်)**

# တိမ်တိုက်နှင့် စွမ်းထက်နိုင်တို့ မကျေပွဲပြန်နွှဲမည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

**မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။**

ယခုကျင်းပမည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကြီးကို မြန်မာ့လက်ရွေးစင်ဟောင်းများ အသင်း ရန်ပုံငွေပွဲနှင့် ဩဂုတ်လတွင် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှပြိုင်ပွဲ အတွက် လက်ရည်စစ် ကျင်းပခြင်းဖြစ် သည်။ ပြိုင်ပွဲတွင် သုံးချီ၊ လေးချီ မျိုးဆက်သစ်တွဲဆိုင်း ခြောက်ဆိုင်းနှင့် ငါးချီ စိန်ခေါ်ပွဲတွဲဆိုင်း စုစုပေါင်း တွဲဆိုင်း ၁၀ ဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။ ငါးချီစိန်ခေါ်ပွဲ တွဲဆိုင်းများ အဖြစ် ဖိုးလပြည့်(ရွှေဖူး)နှင့် စောမင်း အောင်(တောင်ကလေး)၊ မင်းထက်ကျော် (တိုက်ဂါး)နှင့် စောဒါဝိတ် (တောင် ကလေး)၊ တိမ်တိုက်(ထွန်းသွင်)နှင့် စွမ်းထက်နိုင်(ဗမာ့သွေး)၊ လေးနိုင် (တိုက်ဂါး)နှင့် ထူးနေသူ(တောင်ကလေး) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်အနေနဲ့ ဒီနှစ် ပြည်ထောင်စုနေ့အထိမ်းအမှတ် အနေနဲ့ ကျင်းပတာပါ၊ မနှစ်ကတော့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အဖြစ် ကျင်းပခဲ့သေးတယ်။ ဒီပွဲအတွက် ရရှိတဲ့ အကျိုးအမြတ်ကိုလည်း မြန်မာ့ လက်ရွေးစင်ဟောင်းများ အသင်း ရန်ပုံငွေအတွက် ကျင်းပတာဖြစ်တော့ လက်ရွေးစင်ဟောင်းများ အသင်းကို ရရှိတဲ့အကျိုးအမြတ် အားလုံးပေးသွား မှာပါ။ မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ် အနေနဲ့ ဦးစီးလုပ်တာဆိုပေမယ့် ဘာအကျိုးအမြတ်မှ ယူမှာမဟုတ်ပါဘူး။ ပြီးတော့ ဒီပွဲက မလေးရှားနိုင်ငံမှာ ကျင်းပမယ့် (၂၉)ကြိမ်မြောက် အရှေ့ တောင်အာရှ အားကစားပြိုင်ပွဲအတွက် လက်ရည်စစ်တာလည်းဖြစ်တော့ တွဲဆိုင်း အားလုံးက ကြည့်ကောင်းမယ့် ပွဲတွေပဲ ဖြစ်မှာပါ"ဟု မြန်မာနိုင်ငံရိုးရာလက်ဝှေ့ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောသည်။

ငါးချီစိန်ခေါ်ပွဲတွင် မကျေပွဲပြန်နွှဲ မည့် တိမ်တိုက်(ထွန်းသွင်)နှင့် စွမ်းထက်နိုင်(ဗမာ့သွေး)တို့သည် ၂၀၁၆ ခုနှစ် သတ်မှတ်ဝိတ်တန်းအလိုက် ရွှေခါးပတ်ချန်ပီယံလုပွဲတွင် တွေ့ဆုံခဲ့ဖူးသည့် မျိုးဆက်သစ်လက်ဝှေ့ကျော် နှစ်ဦးဖြစ် သည်။ ပထမတွေ့ဆုံစဉ် စွမ်းထက်နိုင် (ဗမာ့သွေး)က တိမ်တိုက်(ထွန်းသွင်)ကို အမှတ်ဖြင့် နိုင်ခဲ့သဖြင့် ယခု မကျေပွဲ ပြန်နွှဲမည့် ပြည်ထောင်စုနေ့အထိမ်း အမှတ်ပွဲတွင် ဖိုက်တာလက်ဝှေ့ကျော် တိမ်တိုက်ကပင် အနိုင်ရရှိသွားမလား၊ ကောင်တာတိုက်စစ်အား သန်သည့် စွမ်းထက်နိုင်ကပင် အနိုင်ရသွားမလား ဆိုသည်ကို စောင့်ကြည့်ရတော့မည် ဖြစ်သည်။



တိမ်တိုက်



စွမ်းထက်နိုင်

ယခုကျင်းပမည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ တွင် ရုံဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ် ၂၀၀၀၀၊ ရိုးရိုးတန်း ငွေကျပ် ၁၀၀၀၀နှင့် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ကောက်ခံသွားမည်ဖြစ်ပြီး အားကစား သမားများ ဆေးစစ်ဝိတ်ချိန်ကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီမှ ၁၀ နာရီအတွင်း သိမ်ဖြူရိုးရာလက်ဝှေ့ အားကစားရုံ၌ ပြုလုပ်သွားမည်ဖြစ် ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

✻ *ကျောဖုံးမှ*

ကျွန်းတန် ၃၀ ကျော် ဖမ်းဆီးရမိမှုမှအစပြု၍ သတင်းကွင်းဆက် များရယူကာ ဖော်ထုတ်ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ယခုလ ၈ ရက်အထိ တရားမဝင် ပိတောက်စကွဲယားတုံး အများစုပါဝင်သော တရား မဝင်သစ် စုစုပေါင်း တန် ၁၀၀၀ ကျော် ဖမ်းဆီးရမိခဲ့ပြီးဖြစ်သည်။

ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲပိုင်းကလည်း တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစီး၍ သစ်တော ဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ် ရေးမှူးတို့ ပါဝင်သောအဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)စက်မှု ဇုန် တိုးချဲ့(၂) (၁၄၄)ရပ်ကွက် ဝက်မစွတ်ဝန်ထောက်လမ်းနှင့် စိန္တကျော်သူ ဦးဩလမ်းထောင့်ရှိ ခြံအမှတ်(၁၅၈)ကို ဥပဒေနှင့် အညီ ဝင်ရောက်ရှာဖွေရာ ရေသန့်ဘူးခွံ၊ ကတ်ထူဖာများဖြင့် ဖုံးအုပ်ကွယ်ဝှက်ထားသော တရားမဝင် ပိတောက်စကွဲယားတုံး တန် ၁၀၀ ကျော်၊ ကျွန်းခွဲသား ၁၅ တန်ခန့်နှင့်အတူ CCTV ကင်မရာရှစ်လုံး၊ လက်ကိုင်စက်လွှ နှစ်လက်၊ မော်တာတွဲလျက် တစ်ပေဖြတ်လွှဝိုင်းတစ်ခု၊ ဆိုင်ကယ်တစ်စီး အပါအဝင် ဆက်စပ် ပစ္စည်း ၁၀ မျိုးကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ထပ်မံသတင်းရရှိခဲ့သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) ပြင်စည်မင်းသားကြီးလမ်းရှိ ခြံအမှတ်(၃၅)ကိုလည်း ရန်ကုန် မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူးဦးစီး၍ သစ်တောဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ဝင် များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပါဝင်သောအဖွဲ့က ဥပဒေ နှင့်အညီ ဝင်ရောက်ရှာဖွေခဲ့ရာ ခြံဝင်းအတွင်း ရှိ ဂိုဒေါင်အတွင်းမှ တရားမဝင် ပိတောက်စကွဲယားတုံး တန် ၅၀ ကျော်ခန့်ကို ဖမ်းဆီး ရမိခဲ့သည်။

တရားမဝင်သစ်များသည် ပုံစံအမျိုးမျိုးနှင့် ဝင်ရောက်လာပြီး တိကျခိုင်မာသည့် သတင်းရရှိရန်နှင့် ယာဉ်တိုင်းကို စစ်ဆေးရန် ခက်ခဲသည့်အတွက် အပြည့်အဝမစစ်ဆေးနိုင်ဘဲ ရန်ကုန်မြို့တွင်း အထိ ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ ဖမ်းမိသည့် သတင်း ကွင်းဆက်များကို ဆက်လက်စုံစမ်းဖော်ထုတ်ပြီး အကောင် အထည်ဖော် ဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ ထပ်မံဖမ်းဆီးရမိ ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။



**ဒဂုံမြို့သစ်တောင်ပိုင်း၌ ရေသန့်ဘူးခွံ၊ ကတ်ထူဖာများဖြင့် ဖုံးအုပ်ကွယ်ဝှက်ထားသော တရားမဝင်သစ်များကို ဖမ်းဆီးရမိစဉ်**

"ဆိပ်ကမ်းမှာဖမ်းမိတဲ့ သတင်းကွင်းဆက်တွေကို ကျွန်တော်တို့ဌာန ဝန်ထမ်းတွေက ဆက်လက်စုံစမ်း ဖော်ထုတ် ခဲ့တာကြောင့် မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာမြို့နယ်တွေမှာ ဆက်တိုက်ဖမ်းမိခဲ့တာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ ကလည်း ကူညီပါတယ်။ ဖေဖော်ဝါရီ ၁၀ ရက်နေ့မှာ ဖမ်းမိတဲ့ ဒဂုံ(တောင်)နဲ့ ဒဂုံ(အရှေ့)မြို့နယ်တွေမှာတော့ ပြည်သူတွေ ကိုယ်တိုင် ပူးပေါင်းပါဝင်လာပြီး သတင်းပေးပို့တာကြောင့် ဖမ်းဆီးရမိတာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ပြောကြားသည်။

ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ ၁၆ ရက် အတွင်း ကျွန်း တန် ၆၀ ကျော်၊ ပိတောက် ၉၅၄ တန်ကျော်၊ တမလန်း ၂၅ တန်( စိစစ်ဆဲ )နှင့် ကုက္ကို ငါးတန်ကျော် စုစုပေါင်း တရားမဝင်သစ်ခွဲသား တန် ၁၀၀၀ကျော်၊ ဆက်စပ်ပစ္စည်းများ အနေဖြင့် ကွန်တိန်နာအခွံရှစ်လုံး အပါအဝင် စုစုပေါင်း ၃၇ လုံး၊ ကွန်တိန်နာတင် ၁၀ ဘီး ယာဉ် အလွတ် ခြောက်စီး ကာလတန်ဖိုး ငွေကျပ် သိန်းပေါင်း ၃၀၀၀၀ ကျော်ခန့်ကို သစ်တောဦးစီးဌာနက ဖမ်းဆီးရမိထားသည်။

"ရန်ကုန်မှာ ဒီလိုဖမ်းမိတာကို ကြည့်မယ်ဆိုရင် ဝေးလံတဲ့ သစ်ပင်သစ်တောတွေရှိတဲ့ ဒေသတွေမှာ ဒီလိုလုပ်ငန်းတွေ ဆက်ရှိနေတယ်ဆိုတာ ပြနေပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ နိုင်ငံတော်ရဲ့ စွမ်းအင်ထဲမှာ ရေအားစွမ်းအင်က တစ်ခု အပါအဝင်ဖြစ်ပါတယ်။ ရေအားစွမ်းအင်ရဲ့အရင်းအမြစ် က သစ်ပင်၊ သစ်တော၊ ရေဝေ ရေလဲဒေသ၊ လျှိုမြောင်၊ တော တောင်တွေ ဖြစ်ပါတယ်။ အဲဒါတွေရှိလို့သာ ကျွန်တော်တို့ နိုင်ငံ မှာ ရေသယံဇာတတွေရှိတာ ဖြစ်ပါတယ်။ အဲဒါတွေကို မထိန်း သိမ်းနိုင်ခြင်းရဲ့သင်္ကေတက အခုဖမ်းမိတဲ့သစ်တွေဖြစ်ပါတယ်။ လက်ကျန်သစ်တောတွေကို နိုင်ငံတော်က ထိထိရောက်ရောက် တင်းတင်းကျပ်ကျပ်နဲ့ မထိန်းသိမ်းနိုင်ဘဲ အခုလိုသာ သစ်တွေ ခုတ်နေမယ်ဆိုရင် နိုင်ငံရဲ့ စွမ်းအင်အတွက် ရင်လေးစရာပါ" ဟုလည်း မြန်မာ့ပြန်ပြည့်မြဲ စွမ်းအင်အသင်း အထွေထွေ အတွင်းရေးမှူး ဦးအောင်မြင့်က ပြောသည်။

သစ်တောများပျက်စီးမှုကြောင့် ရာသီဥတုပြောင်းလဲမှုများ ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်နေပြီး ကြိုးဝိုင်း၊ ကြိုးပြင်သစ်တောများကို ကာကွယ် ထိန်းသိမ်းရန် သစ်တောဦးစီးဌာန တိုးချဲ့ပညာပေးရေး ဌာနက တိုးချဲ့ပညာပေးရေးကို ဆက်တိုက်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

# သီတဂူဆရာတော်ကြီး သက်တော်(၈၀)ပြည့်မွေးနေ့တွင် ဖွင့်လှစ်မည့် ကြေးသွန်းခေါင်းလောင်းကြီး ချိတ်ဆွဲ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၁**

သီတဂူဆရာတော်ကြီး သက်တော်(၈၀)ပြည့် မွေးနေ့အဖြစ် သွန်းလောင်းခဲ့သည့် ပိဿာချိန် ၈၀၀၀ ရှိ ကြေးသွန်းခေါင်းလောင်းကြီးအား ဖေဖော်ဝါရီ ၁၁ ရက်က မူလသွန်းလောင်းခဲ့သည့်နေရာမှ သယ်ဆောင်ကာ စစ်ကိုင်းမြို့ ပတ္တမြားတောင်ခြေရှိ သီတဂူဝိပဿနာရိပ်သာတွင် အပူဇော်ခံထားရှိရန် သတ်မှတ်နေရာ၌ ချိတ်ဆွဲမှုများ ဆောင်ရွက်နေကြောင်း သိရသည်။



အဆိုပါကြေးသွန်းခေါင်းလောင်းကြီးကို ဇန်နဝါရီ ၁၁ ရက်က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် တံတားရှည်ကျေးရွာ ရွှေခေါင်းလောင်းခြံ၌ စတင်သွန်းလောင်းခဲ့ပြီး ယခုအခါတွင် ပြီးစီးသွားပြီဖြစ်သဖြင့် သတ်မှတ်နေရာတွင် ချိတ်ဆွဲထားရှိကာ ဆရာတော်ကြီးသက်တော်(၈၀)ပြည့် မွေးနေ့ဖြစ်သော (တပေါင်းလပြည့်နေ့) မတ်လ ၁၂ ရက်တွင် ဖွင့်လှစ်ပေးမည်ဖြစ်သည်။

"ဒီကြေးသွန်းခေါင်းလောင်းကြီးကို ရွှေစည်းခုံစေတီရဲ့ ခေါင်းလောင်းပုံစံ သွန်းလောင်းထားတာပါ။ မြန်မာနိုင်ငံမှာ မရှိသေးတဲ့ ခေါင်းလောင်းပုံစံအသစ်ပါ။ ခေါင်းလောင်းအရပ်က ရှစ်ပေရှိပြီး လုံးပတ်အဝက ခြောက်ပေခွဲရှိပါတယ်။ ကြေးသွန်းခေါင်းလောင်းကြီးရဲ့တန်ဖိုးက သိန်း ၃၅၀၀ ကုန်ကျပြီး အပူဇော်ခံထားရှိမယ့်နေရာ ပြင်ဆင်စရိတ်က သိန်း ၁၀၀၀ စုစုပေါင်း သိန်း ၄၅၀၀ ကို မန္တလေးမြို့ မြင့်မြင့်ခင်(ထိုးမုန့်)က လှူဒါန်းတာပါ" ဟု မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီ ဦးဝင်းမောင်က ပြောကြားသည်။

ထို့အပြင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သောတာပန်ကျေးရွာအုပ်စု ပတ္တမြားတောင်ခြေ၌ ၂၀၁၀ ပြည့်နှစ်က စတင်တည်ဆောက်နေသည့် သီတဂူဝိပဿနာရိပ်သာကြီးမှာလည်း ယခုအချိန်တွင် ပြီးစီးလုနီးပါးရှိနေပြီဖြစ်ရာ ၂၀၁၇ ခုနှစ် မတ်လ ၁၂ ရက် (တပေါင်းလပြည့်)နေ့တွင် ကျရောက်မည့် ဆရာတော်ကြီး သက်တော် ၈၀ ပြည့်မွေးနေ့တွင် အဆိုပါ သီတဂူဝိပဿနာရိပ်သာနှင့် ယောဂီအဆောင်များ၊ ဆရာတော်ရဟန်းပျိဘဝပုံတူကြေးသွန်းရုပ်တုနှင့် ကြေးသွန်းခေါင်းလောင်းကြီးတို့ကို ဖွင့်လှစ်ပေးမည့်အပြင် ထပ်မံတည်ဆောက်မည့် ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိသမိုင်းပြတိုက် အုတ်မြစ်ချမင်္ဂလာနှင့် လွှတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတက ဆရာတော်ကြီးအား သာသနာရေးဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကြီးကို ဆက်ကပ်လှူဒါန်းခဲ့ခြင်း အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ၌ အမြင့်ဆုံး တည်ထားကိုးကွယ်မည့် အိန္ဒိယနိုင်ငံမှ မဟာဗောဓိပုံစံ အဘိဓဇစေတီအတွက် ပန္နက်ချမင်္ဂလာအခမ်းအနားကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တိုင်းရင်းသားလူမျိုးများ၏ နေအိမ်ပုံစံ၊ ရိုးရာဝတ်စုံ၊ အသုံးအဆောင်ပစ္စည်းများကို ယခုထက်ပို၍ ပြသနိုင်စေရန် ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို နှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်တို့ ဦးဆောင်သော အဖွဲ့သည် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သို့ ရောက်ရှိလာရာ အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)မှ တာဝန်ရှိသူများက သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် နေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားလူမျိုးများ၏ နေအိမ်ပုံစံ၊ ရိုးရာဝတ်စုံ၊ အသုံးအဆောင်ပစ္စည်းများကို ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် ပြသနိုင်စေရန် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သည် အများပြည်သူ အပန်းဖြေရာ နေရာတစ်ခုအဖြစ် တိုင်းရင်းသားများ၏ ရိုးရာဓလေ့စရိုက် အငွေ့အသက်များကိုပါ ရရှိခံစားနိုင်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အခြား နိုင်ငံတကာရှိ တိုင်းရင်းသားကျေးရွာ အပန်းဖြေဥယျာဉ်များကဲ့သို့ ဝန်ဆောင်မှုများ ထည့်သွင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ တာဝန်ကျဝန်ထမ်းများ အရည်အသွေးမြင့်မားရေးအတွက် လိုအပ်သော သင်တန်းများတက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ တက်ရောက်လေ့လာသူ များပြားစေရန်



နည်းလမ်းများ ရှာဖွေဆောင်ရွက်ရမည် ဖြစ်ပါကြောင်း စသည်ဖြင့် ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) အတွင်းရှိ တည်ဆောက်ထားသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အထိမ်းအမှတ်နေရာများကို လှည့်လည်ကြည့်ရှုကာ တာဝါ(၁) မျှော်စင်ရှိ တိုင်းရင်းသားတို့၏ အမှတ်တရပစ္စည်းများ အရောင်းဆိုင်တွင် ကြည့်ရှုအားပေး၍ တာဝါပေါ်မှ ရှုခင်းများ ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်မြို့ ရွှေညောင် တိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးကာ ဆေးဝါးများသုံးစွဲမှု အလေအလွင့်မရှိရေးနှင့် စာရင်းဇယားများ စနစ်တကျပြုလုပ်ကြရန် တို့ကို ဆွေးနွေးပြောကြားခဲ့ပြီး ရွှေညောင်တိုက်နယ်ကျန်းမာရေး ဌာနသို့ ရောက်ရှိကာ တိုက်နယ်ကျန်းမာရေးဌာနကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီးသို့ ရောက်ရှိပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကမ္ဘောဇအနာဂတ် အလင်းတန်းဖောင်ဒေးရှင်းနှင့် Smile Asia (sin) အဖွဲ့တို့ ပူးပေါင်း၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေးနေမှု **(ယာပုံ)** ကို ကြည့်ရှုအားပေးခဲ့ပြီး မွေးကင်းစကလေးဆောင်အား ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

ယင်းနောက် တောင်ကြီးမြို့သားဖွားသင်တန်းကျောင်း၏ စာကြည့်တိုက်၊ ကွန်ပျူတာခန်းနှင့် Skill Lab တို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်နှင့် သင်တန်းဆရာမများ၊ သင်တန်းသူများအားတွေ့ဆုံကာ သားဖွားဆရာမများသည် ပြည်သူလူထုနှင့် ပထမဆုံး ထိတွေ့သူများဖြစ်သဖြင့် သိလိုသည်



များကို မေးမြန်းကြရန်၊ သားဖွားဆရာမများ၏ ပုံရိပ်ကို မြှင့်တင်ကြရန်၊ မိမိတို့ဘဝတက်လမ်းများ ရှာဖွေကြရန်လိုအပ်ကြောင်းနှင့် ကျန်းမာရေးပညာပေးလက်စွဲစာအုပ်၊ သားဖွားဆရာမလက်ကိုင်စာအုပ်တို့ကို ထုတ်ဝေပေးမည်ဖြစ်ကြောင်း ပြောကြားကာ ကွန်ပျူတာ၊ ရေသန့်စက်နှင့် ရေကန်လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

ညနေပိုင်းတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ပြည်နယ်ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအား တွေ့ဆုံဆွေးနွေးသည်။

ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက ဆေးတက္ကသိုလ်-တောင်ကြီးသို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ နည်းပြများနှင့်တွေ့ဆုံရာ ပါမောက္ခချုပ် ဒေါက်တာဝင်းဋ္ဌေးအောင်က ဆေးတက္ကသိုလ်-တောင်ကြီး၏ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပြီး ဆေးတက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များ၊ လက်တွေ့စာသင်ခန်းများနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အင်္ဂလိပ်စာပိုမိုတိုးတက်ကောင်းမွန်ရန်အတွက် ကြိုးစားကြစေလိုကြောင်း၊ တက္ကသိုလ်အတွက် အားကစားလေ့ကျင့်ရေးပစ္စည်းများ တပ်ဆင်ပေးမည်ဖြစ်ကြောင်းနှင့် စာကြည့်တိုက်ကို ပိုမိုအသုံးချစေလိုကြောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ပူးပေါင်း၍ Lunch Time Talks များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ ခုတင်(၅၀၀)ဆံ့ စံပြစံထွန်းဆေးရုံကြီး၏ အရေးပေါ်ပြင်ပလူနာဌာန၊ ဆေးလူမှုဆက်ဆံရေးဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ရောင်ခြည်ဌာန၊ Day Care ခန်း၊ ကိုဗောလ်စက်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့အား ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

ထို့နောက် တောင်ကြီးမြို့သူနာပြုသင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ လူထုစုပေါင်းသန့်ရှင်းရေး ပြုလုပ်

**ရွှေတောင် ဖေဖော်ဝါရီ ၁၁** - ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လူထုစုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှု ပြုလုပ်ခဲ့သည်။

အဆိုပါလူထုစုပေါင်းအမှိုက်သန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုး ဦးစီးသော ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထု စုစုပေါင်းအင်အား ၁၁၅၃ ဦးတို့သည် ဆေးရုံလမ်းမှ ကမ်းနားလမ်း၊ ရွှေမျက်မှန်ဘုရား၊ ချမ်းသာကြီးဘုရားနှင့် ရွှေပြောင်ပြောင်ဘုရားဝင်းရှိ ချုံနွယ်များ၊ မြက်များကို စုပေါင်းရှင်းလင်းကြပြီး အမှိုက်များကို မြို့နယ်စည်ပင်မှ အမှိုက်သိမ်းယာဉ် နှစ်စီး၊ ပုဂ္ဂလိကလုပ်ငန်းပိုင်ယာဉ် တစ်စီး၊ မီးသတ်ယာဉ် နှစ်စီးတို့ဖြင့် သိမ်းဆည်းကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မဆင့်**

# မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူး ဦးဇော်မြင့်ဖေနှင့် အဖွဲ့ဝင်များ မောင်တောဒေသအတွင်း ကွင်းဆင်း

**မောင်တော ဖေဖော်ဝါရီ ၁၁**

မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူး ဦးဇော်မြင့်ဖေ၊ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးသာဉာဏ်၊ ဦးစောသလေးစော၊ ဦးညွန့်ဆွေ၊ ဒေါက်တာ ဒေါ်သက်သက်ဇင်၊ ဒေါ်ကျိန်ဝိုက်မန်နှင့် ဦးအောင်နိုင်တို့သည် ယနေ့တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR ) မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ပါရှိသော မောင်တောဒေသအတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အမျိုးသမီးများနှင့်ပတ်သက်သည့် အဓမ္မပြုကျင့်သော အချက်အလက်များနှင့်စပ်လျဉ်း၍ မှန်ကန်မှု ရှိ/မရှိ ကွင်းဆင်းစုံစမ်းမေးမြန်းကြသည်။



မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူး ဦးဇော်မြင့်ဖေနှင့် အဖွဲ့ဝင်များက ဇင်ပိုင်ညာကျေးရွာ ဒေသခံများအား သိရှိလိုသည်များ မေးမြန်းစဉ်



မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် အဖွဲ့ဝင်များက အမျိုးသမီးများအား အဓမ္မပြုကျင့်ခံရမှု ရှိ မရှိ သိရှိလိုသည်များ မေးမြန်းစဉ်

ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့၏ ကြိုတင်စီစဉ်မှုမပါရှိဘဲ မောင်တောမြို့နယ်အတွင်းရှိ ဇင်ပိုင်ညာကျေးရွာ၊ ဝါးပိတ်ကျေးရွာ၊ ဖားဝပ်ချောင်းကျေးရွာ၊ ကြိမ်ချောင်းကျေးရွာနှင့် လောင်းဒုံကျေးရွာအုပ်စု စေတီပြင်ကျေးရွာများသို့ အဖွဲ့များခွဲကာ ဒေသခံများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရမှုများအမှန်တကယ် ဖြစ်ပွားခဲ့ခြင်း ရှိ/မရှိ၊ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း ရှိ/မရှိနှင့် အခြားသိရှိလိုသည်များကို ကျေးရွာများရှိ နေအိမ်တစ်အိမ်ချင်း၊ တစ်မိသားစုချင်း၊ တစ်ဦးချင်းထံသို့ ကိုယ်တိုင်ကိုယ်ကျ ရွေးချယ်သွားရောက်၍ သီးခြားစီ လွတ်လပ်ပွင့်လင်းစွာ စုံစမ်းမေးမြန်းကြသည်။

**(သတင်းစဉ်)**

# ရခိုင်ရိုးရာ ရထားဆွဲပွဲတော် ဆက်လက်ကျင်းပ

**မောင်တော ဖေဖော်ဝါရီ ၁၁**

မောင်တောမြို့၏ (၂၄)ကြိမ်မြောက် ရခိုင်ရိုးရာရထားဆွဲပွဲတော်ကို ဖေဖော်ဝါရီ ၁၀ ရက် ည ၇ နာရီက မောင်တောမြို့ မင်းဘာကြီးလမ်း၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။ **(အောက်ပုံ)**



အဆိုပါပွဲတော်သို့ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူး ဦးဇော်မြင့်ဖေနှင့် အဖွဲ့ဝင်များ၊ မောင်တောဒေသခံ ပြည်သူများက တစ်ခဲနက် အားပေးကြည့်ရှုကြသည်။

ရှေးဦးစွာ ရခိုင်ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက ဗုဒ္ဓပူဇနိယ ယိမ်းအက၊ မဟာနွယ် ယိမ်းအကနှင့် ရထားပန်းယိုင်အကတို့ဖြင့် တင်ဆက်ဖျော်ဖြေကြသည်။

ထို့နောက် ရခိုင်ရိုးရာရထားဆွဲပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

မောင်တောမြို့မှ ရခိုင်တိုင်းရင်းသူ မခင်ခင်အေးက “ရခိုင်ရိုးရာရထားဆွဲပွဲတော် ကျင်းပနိုင်တာဟာ ကျွန်မတို့ တိုင်းရင်းသားတွေအတွက် ဂုဏ်ယူစရာဖြစ်ပါတယ်၊ ရထားဆွဲသူတွေဟာ ကျန်းမာကြံ့ခိုင်တယ်၊ စိတ်ဓာတ်တွေ ပိုမိုရှင်လန်း တက်ကြွစေတယ်လို့ ယုံကြည်ကြတယ်” ဟု ဆိုသည်။

**မောင်ဖိုးဇော်(သတင်းစဉ်)**

**ဓာတ်ပုံ-မြတ်ဝေ**

# မောင်တောမြို့နယ်အတွင်း မသင်္ကာသူ ငါးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မောင်တောမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၀ ရက် ည ၈ နာရီခန့်က ကျီးကန်းပြင်တောင်ရွာမှ ကွဲ့တပြင်ကျေးရွာဘက်သို့ ဦးတည်လာသော မသင်္ကာသူ ငါးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

၎င်းမသင်္ကာသူ ငါးဦးမှာ ကျီးကန်းပြင်(အလယ်ရွာနေ)အာဂျီဒူရာမန်၊ ကျီးကန်းပြင်(တောင်ရွာနေ)ဖာရိုး၊ ကျီးကန်းပြင်(အနောက်ရွာ)နေ ရှောင်ရှုအာလောင်၊ ကျီးကန်းပြင်(အလယ်ရွာ)နေ မာမောက်အီဆက်နှင့် ဝါးပိတ်ကျေးရွာနေ ရှုနာမြာတို့ဖြစ်ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နှစ်နိုင်ငံပိုင် ချောင်းမှ လယ်ရေရရှိနိုင်ရေးအတွက် မြန်မာနှင့်ထိုင်း နယ်ခြားစည်းကော်မတီများ အလွတ်သဘောဆွေးနွေး

**တာချီလိတ် ဖေဖော်ဝါရီ ၁၁**

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နယ်ခြားစည်းကော်မတီနှင့် တာချီလိတ်မြို့ နယ်ခြားစည်းကော်မတီတို့ မြန်မာနိုင်ငံ တာချီလိတ်မြို့ ရွှေနန်းတော်ကုန်တိုက် အစည်းအဝေးခန်းမ၌ ထိုင်းနယ်ခြားကော်မတီ၏ တောင်းဆိုမှုဖြင့် ထိုင်းနိုင်ငံ တောင်သူလယ်သမားများ နှစ်နိုင်ငံပိုင်ချောင်းမှ လယ်ရေသောက်ရရှိနိုင်ရေးအတွက် အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ နယ်ခြားစည်းကော်မတီ တာဝန်ရှိသူက နှစ်နိုင်ငံနယ်စပ်ရှိ မယ်ဆိုင်ချောင်းရေကို လယ်ရေသောက်သွယ်ယူအသုံးပြုနိုင်ရေးအတွက် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍ ကူညီပေးနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးရခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ တောင်သူလယ်သမားများက နှစ်နိုင်ငံနယ်စပ် မယ်ဆိုင်ချောင်း၌ ခွင့်ပြုချက်မရှိဘဲ ဝါးငုတ်များ စီတန်းစိုက်ထားမှုအား အနူးအညွတ်တောင်းပန်ပါကြောင်း၊ မယ်ဆိုင်မြို့ တောင်သူလယ်သမားများသည် ယခုရာသီတွင် မယ်ဆိုင်ချောင်းကို အမှီပြုကာ နွေစပါးစိုက်ပျိုးသည့်ရာသီဖြစ်၍ ရေအထူးလိုအပ်နေသဖြင့် ပြုလုပ်ကြခြင်းဖြစ်ပါကြောင်း၊ မယ်ဆိုင်ချောင်းရေသွယ်ယူအသုံးပြုနိုင်ရေး အမြန်ဆုံးကူညီဆောင်ရွက်ပေးနိုင်ပါရန်နှင့် လိုအပ်ပါက နယ်ခြားကော်မတီမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရထံ စာပေးပို့သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့်ဖြင့် တွေ့ဆုံညှိနှိုင်းမည်ဆိုပါက အချိန်ကြန့်ကြာနှောင့်နှေးနိုင်သဖြင့် မြို့နယ်အဆင့် နယ်ခြားကော်မတီ အချင်းချင်း အဆင်ပြေစွာဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံရခြင်းဖြစ်ကြောင်း ဆွေးနွေးသည်။

နှစ်နိုင်ငံနယ်စပ် မယ်ဆိုင်ချောင်းကို ပိတ်၍ ရေသွယ်ယူနိုင်ရေးအတွက် မိမိတို့ ခရိုင်၊ မြို့နယ် နယ်ခြားကော်မတီ၏ သဘောထားဖြင့် ခွင့်ပြုပေး၍မရပါကြောင်း၊ မယ်ဆိုင်မြို့ တောင်သူလယ်သမားများ၏ အခက်အခဲများကို နားလည်ကိုယ်ချင်းစာမိပါကြောင်း၊ မယ်ဆိုင်မြို့မှ လယ်သမားများ နှစ်နိုင်ငံပိုင် မယ်ဆိုင်ချောင်းရေကို သွယ်ယူအသုံးပြုနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရ၏ သဘောထားကို တောင်းခံရမည်ဖြစ်ကြောင်း တာချီလိတ်မြို့ နယ်ခြားစည်းကော်မတီမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ အမှတ်(၃) လှုပ်ရှား ယန္တရားတပ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီး ဖန်အေ့ကိဒါကောင့်ချန်ဒါ ဦးဆောင်သော အဖွဲ့ဝင် ငါးဦး၊ မြန်မာဘက်မှ တာချီလိတ်စစ်ဗျူဟာအခြေစိုက်မှ ဗိုလ်မှူးကြီး ကျော်ကိုထိုက်၊ တာချီလိတ်ခရိုင်လူဝင်မှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်းနှင့် တာချီလိတ်နယ်ခြားစည်းကော်မတီ ဥက္ကဋ္ဌ ဦးဘိုလေးနှင့် အဖွဲ့ဝင် ခြောက်ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# တရုတ်နှင့် အမေရိကန်အကြား တစ်စုံတစ်ရာသဘောတူညီမှုရရှိလာ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

ယခုတစ်ပတ် ပထမဆုံးအကြိမ်အဖြစ် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ ဖုန်းဖြင့်ဆွေးနွေးပြီးနောက် အပြောကျယ်သော သံတမန်ဆက်ဆံရေးတွင် တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုထံမှ အစောပိုင်း သဘောတူညီမှုတစ်စုံတစ်ရာကို ခဲရာခဲဆစ်ရရှိခဲ့သော်လည်း ဆက်လက်ဆွေးနွေးစရာများ ရှိသေးကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ သို့သော်လည်း တရုတ်နိုင်ငံအနေဖြင့် တရုတ်(တိုင်ပေ) နှင့် ပတ်သက်သည့်အမေရိကန်မူဝါဒအပေါ် ကျေလည်မှုမရှိနိုင်သေးကြောင်း သိရသည်။

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ ဖုန်းဖြင့်ဆွေးနွေးပြီးနောက် အင်အားကြီးနိုင်ငံနှစ်ခုကြား ငွေကြေး၊ ကုန်သွယ်မှု၊ တောင်တရုတ်ပင်လယ်အရေးကိစ္စနှင့် မြောက်ကိုရီးယားကိစ္စ စသည့် သဘောမတူသော ကဏ္ဍများစွာရှိလင့်ကစား ယင်းကိစ္စများအား အများပြည်သူများသို့ ထုတ်ပြန်ခြင်းမပြုသေးပေ။

တရုတ်တစ်နိုင်ငံတည်း မူဝါဒနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် သဘောထားပြောင်းလဲလျက်ရှိသလို တရုတ်နိုင်ငံအနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်ပြီး အလေးထားလျက်ရှိကြောင်း သိရသည်။ ဖုန်းနှင့်ဆက်သွယ်ပြောဆိုစဉ်အတွင်း အမေရိကန်သမ္မတထရန့်အနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒနှင့်ပတ်သက်ပြီး အပြုသဘောဆောင် ထောက်ခံဆွေးနွေးခဲ့သလို တရုတ်နိုင်ငံအနေဖြင့်လည်း ထရန့်ဦးဆောင်သောအဖွဲ့အား ထောက်ခံအားပေးမှုများပြုလုပ်ရန် သံတမန်နည်းအရ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**






# ကယ်လီဖိုးနီးယားပြည်နယ်၌ ရထားတစ်စင်းလမ်းချော်တိမ်းမှောက်၊ ရထားတွဲများမြစ်ထဲကျ

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၁၁**

ဂျုံမှုန့်များနှင့် ခရမ်းချဉ်သီးဆော့စ်များ သယ်ဆောင်လာသော ယူနီယံပစိဖိတ် ကုန်တင်ရထားတစ်စင်းသည် ယမန်နေ့က ကယ်လီဖိုးနီးယားမြောက်ပိုင်း မန်တိုစီရင်စုတွင် ရထားလမ်းချော် တိမ်းမှောက်ခဲ့ရာ ရထားတွဲ များအနီးရှိ ကိုဆွမ်နက်စ်မြစ်ထဲသို့ ထိုးကျသွားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ရထားတွဲ ၃၃ တွဲ ပါရှိသော ကုန်တင်ရထားသည် ချောင်းကူးတံတားတစ်ခုကို ခုတ်မောင်းနေစဉ် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် လမ်းချော်တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ရထားလမ်းချော်တိမ်းမှောက်ချိန်တွင် ရထားတွဲအများစုမှာ မြစ်ထဲသို့ ထိုးကျသွားပြီး အချို့မှာ ရထားလမ်းပေါ်တွင် ကျန်ရှိခဲ့ကြောင်း သိရသည်။



ရထားလမ်းချော်သည့် အကြောင်းရင်းကို မသိရသေးကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောခဲ့သည်။ သို့သော်လည်း စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရထားလမ်းချော်တိမ်းမှောက်သည့် အချိန်တွင် ရထားပေါ်၌ ဝန်ထမ်းသုံးဦး လိုက်ပါလျက်ရှိသော်လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း မရှိကြောင်း သိရသည်။ အဆိုပါရထားမှာ ကယ်လီဖိုးနီးယားပြည်နယ် ထရေစီမြို့မှ ရိုစ့်ဗီလီသို့ ထွက်ခွာလာကြောင်း သိရသည်။

**(သည်စခရာမန်တိုဘီး)**

# ဖိလစ်ပိုင်၌ အင်အားပြင်းငလျင်လှုပ်ခတ်၊ ၁၅ ဦးသေဆုံး

**မနီလာ ဖေဖော်ဝါရီ ၁၁**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ယမန်နေ့ညပိုင်းက အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ အနည်းဆုံး ၁၅ ဦးထိ သေဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၁ ရက်နေ့က ပြောခဲ့သည်။

ပြင်းအား ၆ ဒသမ ၇ အဆင့်ရှိ ငလျင်သည် ဆူရီဂိုဒယ်နော်တီပြည်နယ် ဆူရီဂိုမြို့ အနောက်မြောက်ဘက်၌ ယမန်နေ့ညက လှုပ်ခတ်မှုဖြစ်ပွားခဲ့သောကြောင့် ဒေသခံ ၁၀၀ နီးပါး ဒဏ်ရာရရှိခဲ့ကြောင်း ဆူရီဂိုဒယ်နော်တီပြည်နယ်အုပ်ချုပ်ရေးမှူး ဆော်မက်တူဂက်စ်က ပြောကြားခဲ့သည်။

အင်အားပြင်းငလျင်ကြောင့် မြို့တွင် လျှပ်စစ်လိုင်းများ ပြတ်တောက်သွားသကဲ့သို့ လေဆိပ်ပြေးလမ်း၊ တံတားများ၊ ဟိုတယ်နှင့် ကျောင်းများအပါအဝင် အဆောက်အအုံများလည်း ပျက်စီးသွားခဲ့ကြောင်း သိရသည်။ ထို့ပြင် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဆူရီဂိုမြို့သို့သွားရောက်မည့် လေကြောင်းခရီးစဉ်များကိုလည်း ဖျက်သိမ်းလိုက်ရကြောင်း သိရသည်။

အင်အားပြင်း ငလျင်လှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ခတ်ခဲ့သေးကြောင်း၊ လှုပ်ခတ်ခဲ့သော ငလျင်ငယ်များမှာ စုစုပေါင်း ၈၉ ခုထိရှိကြောင်းသိရသည်။

**(ဆင်ဟွာ)**



# မြန်မာသင်္ဘောသားအများစုပါရှိသော ရေနံတင်သင်္ဘောတစ်စင်း မတော်တဆဖြစ်

**ကာဂိုရှီမာ (ဂျပန်) ဖေဖော်ဝါရီ ၁၁**

ပနားမားမှတ်ပုံတင်ထားသော ရေနံတင်သင်္ဘောတစ်စင်း ဂျပန်နိုင်ငံအနောက်တောင်ဘက် ကာဂိုရှီမာစီရင်စု ကျွန်းတစ်ခု၌ ဖေဖော်ဝါရီ ၁၁ ရက်က မတော်တဆမှုဖြစ်ပွားခဲ့ရာ သင်္ဘောပေါ်လိုက်ပါလာသည့် သင်္ဘောသားများ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောခဲ့သည်။

၎င်းသင်္ဘောသားများတွင် မြန်မာ ၁၈ ဦးနှင့် တရုတ်(တိုင်ပေ) တစ်ဦးတို့ပါရှိပြီး မတော်တဆဖြစ်ပြီးနောက် ၅၄၀၄ တန်ရှိ ဆာကန်ကုန်တင်သင်္ဘောကို ကယ်ဆယ်မှုများဆောင်ရွက်နိုင်ခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။ အဆိုပါသင်္ဘောမှ အရေးပေါ်အကူအညီတောင်းခံမှုကို ဒေသစံတော်ချိန် နံနက် ၆ နာရီခွဲ ခန့်က ရရှိခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့ကပြောသည်။ မတော်တဆဖြစ်ပွားချိန်တွင် အဆိုပါသင်္ဘောမှာ တိုကိုရာကျွန်းတန်း ဆူဝါနို့စ်ကျွန်း ကမ်းဝေးတစ်နေရာ၌ ရောက်ရှိနေပြီး ကိုယ်ထည်မှ ရေနံများယိုစိမ့်နေကြောင်း သိရသည်။

**(ကျိုဒို)**

# ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ကိုင်ရို အမဲလိုက်ပြတိုက် ပြန်လည်ဖွင့်လှစ်

**ကိုင်ရို ဖေဖော်ဝါရီ ၁၁**

အီဂျစ်နိုင်ငံ ခရီးသွားလုပ်ငန်းဖော်ဆောင်ရာတွင် အထောက်အပံ့ဖြစ်စေရန် ဆယ်နှစ်ကြာပိတ်ထားခဲ့သော ကိုင်ရိုမြို့ရှိ အမဲလိုက်ပြတိုက်ကို လွန်ခဲ့သောရက်ပိုင်းက ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ယနေ့ ဖော်ပြသည်။

ယင်းပြတိုက်အား ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လွန်ခဲ့သော ၂၀၀၇ ခုနှစ်က ပိတ်ထားခဲ့ကြောင်း သိရသည်။

အဆိုပါ ပြတိုက်တွင် မိကျောင်းများ၊ ကုလားအုတ်များ၊ သမင်များ၊ လိပ်ပြာများ၊ သိမ်းငှက်များနှင့် ဇီးကွက်များအစရှိသဖြင့် အမဲလိုက်ရာတွင် ရရှိခဲ့သော နို့တိုက်သတ္တဝါများနှင့် ငှက်များစသည်တို့ကို ပြသထားကြောင်း သိရသည်။

ပြသထားသော သတ္တဝါများတွင် အီဂျစ်နိုင်ငံ တော်ဝင်မိသားစုများ အမဲလိုက်ရာတွင်ရရှိခဲ့သော အကောင်များလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ ပြတိုက်တွင် စုစုပေါင်း ပြသထားသည့် သားရဲတိရစ္ဆာန် ၁၁၈၀ ကောင်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ပါကစ္စတန်နိုင်ငံတောင်ပိုင်းတွင် ရေယာဉ်တိမ်းမှောက်မှုကြောင့် လူငါးဦးထက်မနည်းသေဆုံး

**အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၁**

ပါကစ္စတန်တောင်ပိုင်း၌ ယမန်နေ့က ဘုရားဝတ်ပြုသူများ တင်ဆောင်လာသော ရေယာဉ်တစ်စင်းတိမ်းမှောက်ခဲ့ရာ လူငါးဦးထက်မနည်း သေဆုံးပြီး ငါးဦးပျောက်ဆုံးခဲ့ကြောင်း ဒေသတွင်း မီဒီယာများတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးအိန္ဒုမြစ်အတွင်း လူပေါင်း ၃၀ တင်ဆောင်လာသော ရေယာဉ်တစ်စင်းသည် ဆင်းဂ်ပြည်နယ်တောင်ပိုင်း လာကာနာမြို့ ဒိုခရီနယ်မြေအတွင်းရှိ ဘာသာရေးအဆောက်အအုံသို့ သွားရောက်စဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း ဂျီအိုသတင်းဌာနက ပြောကြားခဲ့သည်။

ရေယာဉ်တိမ်းမှောက်မှုတွင် လူပေါင်း ၂၀ ကို ကယ်တင်နိုင်ခဲ့ပြီး ၁၀ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း လာကာနာမြို့ လက်ထောက်ရဲမင်းကြီး ခါရစ်ဖ် အလီတီပူက ပြောခဲ့သည်။

ရေယာဉ်နစ်မြုပ်သည့်အချိန်သည် မှောင်မိုက်နေသော အချိန်ဖြစ်သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆိုင်းငံ့ထားခဲ့ရသော်လည်း နောက်ပိုင်းတွင် ရေတပ်ရေငုပ်သမားများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ရာ သေဆုံးသူ ငါးဦး၏အလောင်းများကိုတွေ့ခဲ့ပြီး ကျန်ငါးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်းသိရသည်။

တိမ်းမှောက်ခဲ့သည့် ရေယာဉ်ပေါ်တွင် လူပေါင်း ၃၀ နှင့် မော်တော်ဆိုင်ကယ် ခုနစ်စီးတင်ဆောင်လာသဖြင့် ဝန်ပိုဖြစ်ကာ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒေသခံများအနေဖြင့် ကုန်းတွင်းလမ်းများကောင်းမွန်မှုမရှိခြင်း၊ ယာဉ်အသွားအလာ ကျပ်တည်းခြင်းတို့ကြောင့် ရေလမ်းကို အဓိကထား သုံးနေရကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အနုပညာရှင်များ ရန်ကုန်စာအုပ်လမ်းသို့ လာရောက်အားပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့က စာအုပ်စာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စာပေအသိပညာဗဟုသုတကြွယ်ဝလာစေရေးနှင့် ရေးသူဖတ်သူ၊ ထုတ်ဝေဖြန့်ချိသူများအချင်းချင်း ရင်းနှီးကျွမ်းဝင်ကာ စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွင့်လှစ်ထားရှိသော ရန်ကုန်မြို့ ပိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ရန်ကုန်စာအုပ်လမ်းသို့ ယနေ့မွန်းလွဲ ၂ နာရီခွဲက အနုပညာရှင်များ လာရောက်၍ စာမဖတ်သူပပျောက်စေရေးအတွက် ရည်ရွယ်ကာ စာပေချစ်မြတ်နိုးသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

အဆိုပါ အနုပညာရှင်များအဖွဲ့မှ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ စာရေးဆရာ ဦးအေးကြူလေး၊ ဒါရိုက်တာဦးကြည်စိုးထွန်း၊ ဒါရိုက်တာဒေါ်အိအိခိုင်၊ ဒါရိုက်တာသီဟကျော်စိုး၊ ဇာတ်ညွှန်းရေးဆရာ ဦးအောင်စိုးနှင့် အောက်တိုဘာအောင်ကြီး၊ ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသည့် ရဲအောင်၊ မေသန်းနု၊ ချမ်းသာကြည်စိုး၊ ချစ်ချစ်ဇော်၊ ဆုပန်ထွာ၊ ကျော်ထက်၊ မင်းပိုင်နှင့် ဇာတ်ကားထုတ်လုပ်သူများက မိမိတို့ ရိုက်ကူးသရုပ်ဆောင်ခဲ့သည့် ဝတ္ထုထဲမှ ဇာတ်ကောင်စရိုက်များနှင့်စပ်လျဉ်း၍ စာပေချစ်မြတ်နိုးသူပရိသတ်များအား စိတ်အားထက်သန်စွာ ရှင်းလင်းပြောကြားပြီး အမှတ်တရလက်မှတ်ရေးထိုးပေးခြင်း၊ စာပေချစ်မြတ်နိုးသူများနှင့်အတူ ရင်းရင်းနှီးနှီးဓာတ်ပုံတွဲရိုက်ခြင်းတို့ဖြင့် ရန်ကုန်စာအုပ်လမ်းတွင် ပါဝင်ကူညီအားပေးကြသည်။

ထို့နောက် ပါဝင်ကူညီကြသည့် အနုပညာရှင်များအား အမှတ်တရအဖြစ် စာအုပ်များကို တာဝန်ရှိသူများက ပြန်လည်ပေးအပ်ကြသည်။

စာအုပ်ဆိုင်များက အင်္ဂလိပ်၊ မြန်မာ၊ သုတ၊ ရသစာအုပ်မျိုးစုံ၊ ဝတ္ထု၊ မဂ္ဂဇင်း၊ ကာတွန်း၊ ရုပ်ပြစာအုပ်ဟောင်း၊ အသစ်မျိုးစုံတို့ကို မူရင်းဈေးထက် ၁၀ ရာခိုင်နှုန်းလျှော့၊ ၂၀ ရာခိုင်နှုန်းလျှော့ဈေးတို့ဖြင့် သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိ အဆိုအမိန့်များ၊ ဈေးနှုန်းအမျိုးမျိုးဖြင့် အပုံလိုက်ရောင်းချသည့် စာအုပ်မျိုးစုံတို့ကို စာပေချစ်မြတ်နိုးသူများ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ရန် ရောင်းချပေးလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၂ ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၂ နာရီတွင်လည်း စာရေးဆရာကြီး ဒေါက်တာစိုးလွင်က သုတ၊ ရသစာအုပ်များနှင့်ပတ်သက်သည့် အကြောင်းအရာများကို မည်ပုံ



ရန်ကုန်စာအုပ်လမ်းဖြစ်မြောက်ရေးကော်မတီထံမှ လည်း စာပေချစ်မြတ်နိုးသူများအား ပြောကြားပေးသွား သိရသည်။ **သတင်း- ကိုကိုဇော်၊ ဓာတ်ပုံ - ဇော်မင်းလတ်**

**နိုင်ငံတကာအားကစား**

# အာဆင်နယ်နှင့် မန်ယူတို့ အိမ်ကွင်းတွင် အနိုင်ရ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၂၅) စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် အာဆင်နယ်နှင့် ဟားလ်စီးတီးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်အာဆင်နယ်အသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အာဆင်နယ်အသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ဆန်ချက်ဇ်ကို အထောင်ထား၍ ပွဲထွက်ခဲ့ပြီး ဧည့်သည် ဟားလ်စီးတီးအသင်းသည် ၄-၃-၃ တိုက်စစ်ပုံစံဖြင့် ပွဲထွက်လာသည်။ ပထမပိုင်း ပွဲချိန် ၃၄ မိနစ်တွင် တိုက်စစ်မှူး ဆန်ချက်ဇ်၏ အနီးကပ်သွင်းယူသောဂိုးဖြင့် အာဆင်နယ်အသင်း ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းပွဲပြီးခါနီး မိနစ် ၉၀ တွင် ဟားလ်စီးတီးကွင်းလယ်ကစားသမား ဆမ်ကလူကပ်စ် ပယ်နယ်တီဧရိယာအတွင်း လက်ဖြင့်တားဆီးခဲ့ခြင်းကြောင့် တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရပြီး အာဆင်နယ်အသင်းအတွက် ပယ်နယ်တီကို တိုက်စစ်မှူး ဆန်ချက်ဇ်က သွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် အာဆင်နယ်အသင်း ဆန်ချက်ဇ်၏သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲတွင် တန်းဆင်းဇုန်ထဲမှ ရုန်းကန်နေရသည့် ဟားလ်စီးတီးသည် တန်ပြန်တိုက်စစ်များဖြင့် အိမ်ရှင်အာဆင်နယ်ကို ဖိအားပေးနိုင်ခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှု အနည်းငယ်အသာစီးရရှိကာ ဂိုးကန်သွင်းခွင့် ရှစ်ကြိမ်အနက် လေးကြိမ်ဂိုးပေါက်တည့်ခဲ့သည်။

အာဆင်နယ်အသင်းသည် ဂိုးကန်သွင်းခွင့် ၁၅ ကြိမ်အထိ ရရှိခဲ့ပြီး ခုနစ်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ တိုက်စစ်မှူးဆန်ချက်ဇ်သည် ယနေ့ပွဲတွင် သွင်းဂိုးနှစ်ဂိုးသွင်းယူခဲ့ခြင်းကြောင့် ပရီမီယာလိဂ် သွင်းဂိုး ၁၇ ဂိုးရရှိထားပြီဖြစ်သည်။

ပွဲစဉ်(၂၅)အပြီး အာဆင်နယ်အသင်း ရမှတ် ၅၀ ရရှိထားပြီး ဟားလ်စီးတီးမှာ ရမှတ် ၂၀ ဖြင့် တန်းဆင်းဇုန်တွင် ထပ်မံရုန်းကန်ရဦးမည်ဖြစ်သည်။

မန်ယူနှင့် ဝက်ဖို့ဒ်ပွဲစဉ်တွင် အိမ်ရှင်မန်ယူတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူအတွက် အနိုင်ဂိုးများကို ပွဲချိန် ၃၂ မိနစ်တွင် မာတာ သွင်းယူပြီး ဒုတိယပိုင်း မိနစ် ၆၀ တွင် မာရှယ်က သွင်းယူခဲ့သည်။ မန်ယူအသင်းသည် ရမှတ် ၄၈ မှတ် ရရှိထားပြီး ဝက်ဖို့ဒ်မှာ ရမှတ် ၃၀ သာ ရရှိထားသည်။

တခြားပွဲစဉ်များအဖြစ် စတုတ်စီးတီးက ပဲလေ့စ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး မစ်ဒယ်ဘရော့နှင့် အဲဗာတန်မှာ ဂိုးမရှိ သရေကျခဲ့သည်။ ဝက်စ်ဟမ်းနှင့် ဝက်စ်ဘရွန်းမှာ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ပြီး ဆောက်သမ်တန်က အဝေးကွင်းတွင် ဆန်းဒါးလန်းကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင် ရခဲ့သည်။ **သီဟ**

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၀)**

| | | |
|---|---|---|
| လေဗာကူဆင် | ၃-၀ | ဖရန့်ဖတ် |
| ဒမ်စတတ် | ၂-၁ | ဒေါ့မွန် |
| အင်ဂိုစတတ် | ၀-၂ | ဘိုင်ယန်မြူးနစ် |
| လိုက်ပ်ဇစ် | ၀-၃ | ဟမ်းဘတ် |
| ဝါဒါဘရီမင် | ၀-၁ | ဂလာဘတ် |

**စပိန်လာလီဂါ ပွဲစဉ် (၂၂)**

| | | |
|---|---|---|
| ဘက်တစ် | ၀-၀ | ဗလင်စီယာ |
| အလာဗက်စ် | ၀-၆ | ဘာစီလိုနာ |

**အင်္ဂလန် ချန်ပီယံရှစ် ပွဲစဉ် (၃၁)**

| | | |
|---|---|---|
| အက်စ်တွန်ဗီလာ | ၀-၁ | အစ်ဆွစ် |
| ဘရိုက်တန် | ၄-၁ | ဘာတန် |
| ဒါဘီ | ၃-၃ | ဘရစ္စတိုး |
| ဖူဟမ် | ၃-၂ | ဝီဂန် |
| လိဒ် | ၀-၂ | ကာဒစ် |
| နော့ဝှစ်ချ် | ၅-၁ | နော်တင်ဟမ် |
| ကျူပီအာ | ၁-၂ | ဟက်ဒါဖီးလ် |
| ရီးဒင်း | ၀-၀ | ဘန်စလေ |

# တစ်ဖက်နိုင်ငံသို့ တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးခံရသူနှစ်ဦးကို ကူညီနိုင်ခဲ့

**တောင်ကြီး ဖေဖော်ဝါရီ ၁၁**

နိုင်ငံဖြတ်ကျော်သွားလာခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား မသိနားမလည်မှုကြောင့် ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်မှုဖြင့် ဖမ်းဆီးခံရသည့် မြန်မာအမျိုးသမီးငယ်နှစ်ဦးအား သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်မီသိရှိသည့်အတွက် ကူညီကယ်တင်နိုင်ခဲ့သည်။

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်နေ ပအိုဝ်းတိုင်းရင်းသူများဖြစ်ကြသည့် မနန်းသင်ခမ်းအောင်(၂၀နှစ်)နှင့် မနန်းလွှိုင်နိန်း(၂၆နှစ်) တို့နှစ်ဦးသည် ထိုင်းနိုင်ငံဗန်ကောက်မြို့သို့ သွားရောက်အလုပ်လုပ်ကိုင်ကြရန်အတွက် ဖေဖော်ဝါရီ ၉ ရက်က ဟဲဟိုးလေဆိပ်မှ တာချီလိတ်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာခဲ့ကြပြီး တာချီလိတ်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် ကူးသန်းဝင်ရောက်ခဲ့သည်။ အဝေးပြေးဂိတ်မှ မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး မယ်ဆိုင်မြို့ပြင် ဘန်ထန့်ရွာစစ်ဆေးရေးဂိတ်၌ ထိုင်းအာဏာပိုင်များက စစ်ဆေးရာ ၎င်းတို့နှစ်ဦးသည် ပတ်စ်ပို့ရှိသော်လည်း ထိုင်းနိုင်ငံဝင်ရောက်ခွင့် ဗီဇာမပါရှိသဖြင့် တရားမဝင် ဝင်ရောက်မှုဖြင့် ဖမ်းဆီးခံနေရကြောင်း တာဝန်သိမြန်မာနိုင်ငံသားတစ်ဦးက တာချီလိတ်မြို့ရှိ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ အားကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ (CNCMC) သို့ ဖုန်းဖြင့် ဆက်သွယ်အကူအညီတောင်းခံခဲ့သည်။

ထိုသို့ အကူအညီတောင်းခံမှုကြောင့် CNCMC လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့က အချိန်နှင့်တစ်ပြေးညီ မယ်ဆိုင်မြို့ရှိ ထိုင်းတာဝန်ရှိသူများထံ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြရာ ည ၈ နာရီ ၁၅ မိနစ်တွင် ထိုင်းနိုင်ငံ တာဝန်ရှိသူများက ၎င်းအမျိုးသမီးနှစ်ဦးအား CNCMC ကော်မတီထံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

ထို့နောက် အဆိုပါအမျိုးသမီးနှစ်ဦးအား တာချီလိတ်မြို့ရှိ CNCMC ကော်မတီရုံးတွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁) မှ ရဲတပ်ကြပ်ကြီး ချစ်ရန်နှင့် CNCMC ကော်မတီဝင်များက နှစ်သိမ့်အားပေးစကားများ ပြောကြားကာ တာချီလိတ်မြို့ရှိ ၎င်းတို့၏ ဆွေမျိုးများထံ ဆက်သွယ်၍ မိဘနေရပ်ထံပြန်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

အဆိုပါ အမျိုးသမီးနှစ်ဦးသည် ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် တောင်ကြီးမြို့တွင် နိုင်ငံကူးလက်မှတ်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃၁ ရက်က နိုင်ငံကူးလက်မှတ်ရရှိခဲ့ပြီး နိုင်ငံကူးလက်မှတ်ရှိရုံမျှဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်နိုင်ပြီဟု ယူဆကာ သက်ဆိုင်ရာသံရုံးတွင် ဗီဇာမယူဘဲ ထွက်ခွာလာခဲ့ကြရာမှ ယခုကဲ့သို့ ဖမ်းဆီးခံရခြင်းဖြစ်သည့်အတွက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် CNCMC ကော်မတီတာဝန်ရှိသူများက နိုင်ငံဖြတ်ကျော်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့် ပြည်ပသို့ တရားမဝင်သွားရောက်ပါက ကြုံတွေ့နိုင်သည့်အခက်အခဲများအား အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# အချိန်ပိုင်းဓာတ်အားပြတ်တောက်မှု ပြည်သူများသို့အသိပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သော မီးသုံးသူပြည်သူများ ဓာတ်လိုက်မှုအန္တရာယ် ကင်းဝေးစေရေးအတွက် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်း၊ ရှုပ်ထွေး Service ဝိုင်ယာကြိုးများ ရှင်းလင်းခြင်း၊ လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချရသော လျှပ်ကာဓာတ်အားလိုင်းကြိုးများဖြင့် လဲလှယ်တည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်ကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို "ပြည်သူပါဝင်သော လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက်" အနေဖြင့် ယခုအပတ်၌ ဖေဖော်ဝါရီ ၁၄ ရက်နှင့် ဖေဖော်ဝါရီ ၁၆ ရက်တို့တွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၄ ရက်တွင် ဒဂုံအရှေ့၊ တောင်ဥက္ကလာ၊ ရန်ကင်း၊ ပုဇွန်တောင်၊ ပိုလ်တထောင်၊ ဆိပ်ကမ်း၊ ကမာရွတ်၊ ဗဟန်း၊ စမ်းချောင်း၊ လှိုင်၊ မရမ်းကုန်း၊ အလုံ၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ ဒဂုံ၊ ဒလ၊ ခရမ်း၊ သုံးခွ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ သန်လျင်၊ ကျောက်တန်း၊ ဆိပ်ကြီးခနောင်တို၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ရွှေလင်ပန်း၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ လှည်းကူး၊ ဒါးပိန်၊ ဖောင်ကြီး၊ မှော်ဘီ၊ တိုက်ကြီး၊ ဥက္ကံ၊ အင်းတိုင်၊ အဖျောက်၊ မြောင်းတကာ၊ ထန်းတပင်မြို့နယ်များ၊ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

ဖေဖော်ဝါရီ ၁၆ ရက်တွင် ဒဂုံအရှေ့၊ ဒဂုံမြောက်၊ ဒဂုံတောင်၊ သဃ်န်းကျွန်း၊ ပုဇွန်တောင်၊ ပိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ ကမာရွတ်၊ ပန်းဘဲတန်း၊ ဗဟန်း၊ မရမ်းကုန်း၊ သန်လျင်၊ ကျောက်တန်း၊ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ခရမ်း၊ သုံးခွ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီး၊ ရွှေလင်ပန်း၊ မြောင်းတကာ၊ ဥက္ကံ၊ အင်းတိုင်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

ယခုပန်ကြားလွှာ၌ ဖော်ပြပါရှိသော မြို့နယ်များ၏ ရပ်ကွက်အချို့နေရာအချို့တို့တွင်သာ အချိန်ပိုင်းဓာတ်အား ပြတ်တောက်မည်ဖြစ်ပြီး မြို့နယ်တစ်မြို့နယ်လုံး လျှပ်စစ်မီးပြတ်တောက်မှုမျိုး မဟုတ်ပါကြောင်းနှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထားဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# စစ်တွေမြို့နယ် သဲချောင်းကျေးရွာ၌ မီးလောင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် သဲချောင်း(လက်သမား)ကျေးရွာ၌ ယမန်နေ့ညနေ ၅ နာရီခွဲခန့်က ပေါ့ဆမီးကြောင့် နေအိမ်လေးလုံးနှင့် ဈေးဆိုင်ခန်းတစ်ခန်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါ့ဆမီးမှာ သဲချောင်း(လက်သမား)ကျေးရွာနေ ဦးဇာကိရ်ယူဆန်၏ နေအိမ်မှတစ်ဆင့် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်ကျွမ်းမှုကြောင့် နေအိမ်လေးလုံးနှင့် ဆိုင်ခန်းတစ်ခန်း မီးလောင်ပျက်စီးကာ ဆုံးရှုံးမှုကာလတန်ဖိုး ငွေကျပ် ၁၇၉၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။ ယင်းမီးလောင်မှုအား ပြည်နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီးနှင့် ရွာသူရွာသားများက ဝိုင်းဝန်းငြိမ်းသတ်သဖြင့် ညနေ ၅ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးပေါ့ဆစွာသုံးစွဲသူ ဦးဇာကိရ်ယူဆန်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး ၎င်းအား စစ်တွေမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တရားမဝင်ဓာတ်အားသုံးစွဲမှု နစ်နာကြေးငွေ သိန်းနှစ်ထောင်ကျော်ရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြို့ပြနှင့်ကျေးလက်ဒေသနေ ပြည်သူများ၏တိုးတက်သုံးစွဲလာသည့် ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တရားမဝင်ဓာတ်အားသုံးစွဲမှုများကိုလည်း ဒေသအသီးသီးတွင် စစ်ဆေးခဲ့ကြောင်း သိရသည်။

တစ်နိုင်ငံလုံးအနေဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ၊ နိုဝင် ဘာလနှင့် ဒီဇင်ဘာလများအတွင်း တရားမဝင် ဓာတ်အားသုံးစွဲမှု ၂၅၄ မှု ရှိသည့်အနက် တရားမဝင်ဓာတ်အားသုံးစွဲမှု နစ်နာကြေးငွေ စုစုပေါင်းငွေကျပ်သိန်း ၂၀၀၀ ကျော်ရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၉ ရက်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၌ ပြုလုပ်သည့် သတင်းထုတ်ပြန်ခြင်း အခမ်းအနားမှ သိရသည်။

**ခိုးသုံးမှုမှာ အများဆုံး**

တရားမဝင် မီးသုံးစွဲမှုများတွင် တိုက်ရိုက်ခိုးသုံးမှုမှာ အများဆုံးဖြစ်ပြီး ဝန်ပို၊ ဆင့်ပွား၊ ရှန့်လင့်ခွာ၊ မီတာခွထောက်၊ ကာဗာဆီးလ်ဖြုတ် သုံးစွဲခြင်းများနှင့် အိမ်သုံးမီတာဖြင့် စီးပွားရေးလုပ်ငန်းစသည့်တရားမဝင်ဓာတ်အားသုံးစွဲမှုများကို စစ်ဆေးတွေ့ရှိရကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးမြင့်သူက ပြောသည်။

"တရားမဝင် ဓာတ်အားခိုးယူသုံးစွဲရာမှာ နည်းလမ်းတွေအများကြီး ရှိပါတယ်။ ဓာတ်အားတွေကို မီတာကနေ တိုက်ရိုက်မသုံးဘဲ ဖြုတ်ပြီးသုံးတာတို့၊ ဝန်ပိုသုံးတာတို့နဲ့ ဆင့်ပွားသုံးတာတို့ အားလုံးဟာ အလွန်အန္တရာယ်ရှိပါတယ်။ သတ်မှတ်ထားတဲ့ ဝန်ထက်ပိုသွားလို့ မနိုင်ဘူးဆိုရင် အန္တရာယ်ဖြစ်ပြီး မီးလောင်နိုင်ပါတယ်။ နောက်ပြီး တရားမဝင် သုံးစွဲခြင်းဖြင့်လည်း နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေဆုံးရှုံးပါတယ်။ တကယ်တမ်းတော့ တရားမဝင်မီတာ သုံးစွဲတယ်ဆိုတာက သုံးစွဲသူတွေရဲ့ အသိဉာဏ်ရှိမှုနဲ့ သစ္စာရှိမှုလိုပါတယ်။ နိုင်ငံတော်က ဒီလောက်သုံးရမယ်ဆိုရင် ကိုယ်ကသုံးတဲ့အပေါ် မူတည်ပြီး ပေးဆောင်ရမှာပါပဲ။ ဒါမှလည်း နိုင်ငံတော်ကို အကျိုးပြုရာရောက်မယ်။ တရားမဝင်သုံးစွဲလိုက်ရင် နိုင်ငံတော်ကရရှိမယ့် ဘဏ္ဍာငွေဆုံးရှုံးသွားတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

**ဒေသအသီးသီးတွင် စစ်ဆေး**

တရားမဝင် ဓာတ်အားသုံးစွဲမှုများ စစ်ဆေးဆောင်ရွက်ရာတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်နှင့်မြောက်)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့နှင့် အနောက်)၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် စစ်ဆေးခဲ့ရာ ၈၃၀၃၁ ဦး စစ်ဆေးနိုင်ခဲ့ပြီး ဆုံးရှုံးမှု ယူနစ်ပေါင်း ၁၉၇၀၈၄ ယူနစ် ဆုံးရှုံးခဲ့ကြောင်း၊ တရားမဝင်ဓာတ်အား သုံးစွဲမှု ၈၀ ရှိသည့်အနက် စစ်ကိုင်းတိုင်းဒေသကြီးတွင် တရားမဝင်ဓာတ်အားသုံးစွဲမှု နစ်နာကြေးအများဆုံးဖြစ်ပြီး စုစုပေါင်း လျော်ကြေးငွေကျပ် ၂၅၇၆၄၈၀၃ ရရှိခဲ့ကြောင်း၊ အလားတူ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တရားမဝင်ဓာတ်အားသုံးစွဲမှု ၁၇၄ မှုရှိသည့်အနက် နစ်နာကြေးငွေ စုစုပေါင်း ငွေ ကျပ် ၁၇၉၇၂၈၈၀၂ ရရှိခဲ့ကြောင်း သိရသည်။

"တရားမဝင် သုံးစွဲတာတွေ လျော့နည်းသွားအောင် မီတာတွေကို စည်းခတ်တယ်။ အဲဒါကို တချို့လူတွေက စည်းတွေကိုဖြုတ်ပြီး သုံးကြတယ်။ နောက်ပြီး တရားမဝင်မသုံးစွဲနိုင်အောင် ဒစ်ဂျစ်တယ်မီတာတွေ အိမ်သုံးမီတာတွေထားတယ်။ တကယ်တမ်း ဌာနက ဆောင်ရွက်တာထက် အားလုံးပူးပေါင်းဆောင်ရွက်တာ အကောင်းဆုံးပါ။ ခြံစည်းရိုးခတ်လို့မှ မရတာ၊ သော့ခတ်ထားလို့မှမရတာ။ သော့ခတ်ထားတဲ့ ခြံစည်းရိုးကိုတောင် တရားမဝင်သုံးချင်တဲ့သူက ဖျက်တာပဲလေ။ အားလုံး တိတိကျကျနဲ့ လိုက်နာဆောင်ရွက်ရင် တရားမဝင်သုံးစွဲခြင်းကို ကာကွယ်ရာရောက်သလို နိုင်ငံတော်ရဲ့ဘဏ္ဍာငွေလည်း မဆုံးရှုံးတော့ပါဘူး။ သုံးစွဲသူ ပြည်သူတွေရော၊ ဌာနက ဝန်ထမ်းတွေပါ စနစ်တကျလိုက်နာပြီး ဆောင်ရွက်မယ်ဆိုရင် တရားမဝင် သုံးစွဲခြင်းဟာ ပပျောက်သွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်စောင်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**
ပြည်ထဲရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)မှ ထုတ်ပြန်ခဲ့သည့် Interviews with Rohingyas Fleeing from Myanmar Since 9 October 2016 အစီရင်ခံစာတွင် နယ်မြေအတွင်းလှုပ်ရှားနေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လူ့အခွင့်အရေးဆိုင်ရာဥပဒေများကို ချိုးဖောက်နေသည်ဟု စွပ်စွဲထားသည်ကို သိရှိရပါကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့အား အင်အားကို အသုံးပြုရာတွင် အချိုးအစားညီမျှမှု (Proportionality)၊ ဥပဒေနှင့်ညီညွတ်မှု (Legality)၊ တာဝန်ခံမှု (Accountability)၊ လိုအပ်ချက်ရှိမှု (Necessity)စသော နိုင်ငံတကာစံနှုန်းများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားထားရှိခဲ့ပြီး တရားခံများဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း၊ ရှာဖွေခြင်းနှင့် သိမ်းဆည်းခြင်းများနှင့် ပတ်သက်၍ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရဲလက်စွဲပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်စေလျက် ရှိပါကြောင်း၊ ထိုကဲ့သို့ ညွှန်ကြားချက်/ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့် တပ်ဖွဲ့ဝင်များအား ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပြီး ညွှန်ကြားချက်/ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေး တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။ သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နယ်မြေရှင်းလင်းဆောင်ရွက်မှုများသည် လူ့အခွင့်အရေးချိုးဖောက်မှု အပါအဝင် ဥပဒေနှင့်မညီသော လုပ်ဆောင်ချက်များ ပြုလုပ်ခဲ့ခြင်း ရှိ/မရှိအား စစ်ဆေးနိုင်ရန် အောက်ပါစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုစုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်း၊ အဖွဲ့ဝင်များအဖြစ် ရထားရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်နေဝင်း၊ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးကြီး နေထွန်း၊ သတင်းရဲတပ်ဖွဲ့ တပ်ဖွဲ့ခွဲမှူး (စစ်တွေ) ဒုတိယရဲမှူးကြီး မောင်မောင်လွင်၊ အတွင်းရေးမှူးအဖြစ် မှုခင်းရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်မောင်အေးတို့ ပါဝင်ကြောင်းသိရှိရသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးပေါ်ပေါက်ချက်များအရ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခဲ့ကြောင်း တွေ့ရှိရပါက ကျူးလွန်သူများကို ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

**ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို တောင်ကြီးမြို့မီးပုံးပျံလွှတ်ကွင်း၌ မြို့ပေါ်ရပ်ကွက်အသီးသီးနှင့် ဌာနဆိုင်ရာ အသီးသီး၊ ရဲတပ်ဖွဲ့၊ တပ်မိသားစု အသီးသီးတို့မှ ဖေဖော်ဝါရီ ၁၀ ရက်က အားကြိုးမာန်တက် အစုအဖွဲ့လိုက် စုပေါင်းယှဉ်ပြိုင်ကြစဉ်** (ဆယ့်နှစ်လရာသီယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သော ထမနဲထိုးပွဲတော်ကို စည်းလုံးညီညာ စည်ကားသိုက်မြိုက်စွာ မြို့လုံးကျွတ် ကျင်းပကြကြောင်း သိရသည်။)
**လဘန်အောင်(ကချင်မြေ)**






ပြည်ထောင်စု ငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ် "ငြိမ်းချမ်းရေး စည်တော်သံ အနုပညာပွဲခင်းသာ ဖျော်ဖြေပွဲ"နှင့် "ငြိမ်းချမ်းရေး ရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းပွဲ" အား အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

နေ့ရက် – ၁၃.၂.၂၀၁၇ (တနင်္လာနေ့)
အချိန် – ညနေ(၅)နာရီမှ ည (၁၁)နာရီအထိ
နေရာ – အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (၂)၊ နေပြည်တော်

DIAMOND WALL CO.,LTD

အခမ်းအနားကျင်းပရေးကော်မတီ
ဆက်သွယ်ရန် – ၀၉ ၄၃၀၆၆၄၃၀
၀၉ ၄၄၂၁၂၁၀၂၀

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ မင်္ဂလာမြို့တော်အိမ်ရာ၊ စံပယ်လမ်း၊ တိုက်(၃)၊ အခန်း ၀၀၁ဟုခေါ်တွင်သည့် မြေညီထပ်၊ ထပ်ခိုး (အပါ)တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်အမွေဆက်ခံ လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ပိုပိုစိန် ၁၂/တမန(နိုင်) ၀၆၁၅၂၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက ၇-၂-၂၀၁၇ ရက်စွဲပါ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အရ တရားဝင်ဝယ်ယူ လက်ရှိပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလဲ့ဝင်း LL.B,D.B.L
အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

**ဒေါ်နှင်းစံပယ်ဖြူ ၁၀/မလမ(နိုင်)၁၇၅၄၆၉ သိစေရန်ကြော်ငြာခြင်း**

ဒေါ်နှင်းစံပယ်ဖြူ ၁၀/မလမ(နိုင်)၁၇၅၄၆၉ အမှတ် (၅၉)၊ ၁၄လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသည် အမှတ်(၇၈၃/ခ)၊ စာဂ ၁၇ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ (၁)ခန်းတွဲ (၅)ထပ်တိုက်တွင်ပါရှိသော ပထမထပ် တိုက်ခန်းကို ၁-၂-၂၀၁၄ ရက်တွင် အရစ်ကျစာချုပ်ဖြင့် ဝယ်ယူခဲ့ရာ စရန်အရစ်ကျငွေပေးသွင်းပြီး ကျန်အရစ်ကျငွေများကို ဆက်လက်ပေးသွင်းခြင်းမရှိသောကြောင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ဖြေရှင်းခြင်းမရှိပါက စာချုပ်ပယ်ဖျက်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ဦးမျိုးဇော်ထက်
၁၄/ညတန(နိုင်)၁၀၀၁၃၇
ဖုန်း-၀၉-၅၀၃၉၃၂၁

KTL Khayann Treasure Land Co.,Ltd.
Construction & Home Decoration
အိမ်အတွင်း၊ အပြင် နိုင်ငံတကာဒီဇိုင်းများဖြင့်အလှဆင်ပေးခြင်း။
PAE လုံးချင်းအိမ်များနှင့် Steel Structure များ တည်ဆောက်ပေးခြင်း။
Home Renovation များ ပြုပြင်မွမ်းမံပေးခြင်း။
အခန်းဖွဲ့ခြင်းလုပ်ငန်းများ အုတ် Partition ၊ အလူမီနီယံ၊ မှန်၊ Composite P.V.C များဖြင့် အခန်းဖွဲ့ပေးခြင်း၊ Celing မျက်နှာကြက်များဖြင့် အလှဆင်ပေးခြင်း၊ အိမ်အတွင်းအပြင် ဆေးသုတ်ခြင်းလုပ်ငန်း၊ ကြွေပြားကပ်ခြင်း/ခင်းခြင်း၊ ပါကေးခင်းခြင်း၊ အလူမီနယံများ Composite များ Deisign များဖြင့် အလှဆင်ခြင်း။ အလူမီနီယံ Slide Door ၊ သံပန်း၊ Sunshade ၊ စတီးလ်၊ လိတ်တံခါးများ တပ်ဆင်ခြင်း။
No.42, 94 Street, Mingalar Taung Nyunt Township,Yangon, Myanmar.Tel : 09-73242372, 09-420127578, 09-421126097

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆င/၂၈၆၁ SKAT SOWAR LFJ3048G1, D/T(4x2)L ယာဉ်လက်ဝယ်ရှိသူ PHYO WAI SHAN TRADING Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ရှေ့မှယာဉ်ကို ကျော်တက်သည့်ဆိုင်ကယ် လမ်းဘေးထိုးကျ

**နောင်ချို ဖေဖော်ဝါရီ ၁၁**

နောင်ချိုမြို့ မန္တလေး- လားရှိုးကားလမ်း မိုင်တိုင်အမှတ် (၇၅/၇) နှင့် (၇၆/၀) ကြား၌ ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီက နောင်ချိုမြို့ဘက်မှ ပြင်ဦးလွင်မြို့ဘက်သို့ စီးပြီးသည် ဆိုင်ကယ်ကို အရှိန်ဖြင့် မောင်းနှင်ခဲ့ပြီး ၎င်းရှေ့မှ မောင်းနှင်နေသော ၁၂ ဘီးယာဉ် (အမျိုးအစားမမှတ်မိ)ကို ကျော်တက်မောင်းနှင်စဉ် မျက်နှာချင်းဆိုင်ဘက်မှ ခြောက်ဘီးယာဉ် (ယာဉ်အမျိုးအစားမမှတ်မိ) အား ရုတ်တရက်တွေ့ပြီး ရှောင်တိမ်းရာမှ အရှိန်မထိန်းနိုင်ဘဲ ကားလမ်းဝဲဘက်သို့ လဲကျတိမ်းမှောက်ခဲ့သည်။

အခင်းဖြစ်နေရာ၌ ဆိုင်ကယ်မောင်းသူမှာ မျက်နှာတွင် ဒဏ်ရာရရှိ သေဆုံးသွားသဖြင့် ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ စီးပီးအား နောင်ချိုမြို့မ ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း လူကုန်ကူးမှု ကိုးမှုဖြစ်ပွားခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

လူကုန်ကူးမှုများကို မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့က အမျိုးသားရေးအသွင်ဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ ဖမ်းဆီး အရေးယူလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း လူကုန်ကူးမှု ကိုးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လူကုန်ကူးမှုများမှာ ဦးတည်နိုင်ငံအဖြစ် တရုတ်၊ ထိုင်း၊ မလေးရှားနှင့် ပြည်တွင်းတို့ကို လူမှောင်ခိုကူးကြခြင်းဖြစ်ပြီး ဇန်နဝါရီလအတွင်း တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ခိုင်းစေမှု ခုနစ်မှု၊ ပြည်တွင်း၌ အဓမ္မခိုင်းစေမှုတစ်မှု၊ ပြည့်တန်ဆာပြုခိုင်းစေမှုတစ်မှုဖြင့် ကိုးမှုဖြစ်ပွားခဲ့သည်။

ဇန်နဝါရီလအတွင်း လူကုန်ကူးမှုဖြစ်ပွားခဲ့သော တိုင်းဒေသကြီး၊ ပြည်နယ်များမှာ မန္တလေးတိုင်းဒေသကြီးတွင် တစ်မှု၊ ပဲခူးတိုင်းဒေသကြီးတွင် သုံးမှု၊ ကချင်ပြည်နယ်တွင် တစ်မှု၊ ကယားပြည်နယ်တွင် တစ်မှု၊ ရှမ်းပြည်နယ်တွင် သုံးမှုဖြစ်ပွားခဲ့သည်။

အဆိုပါ လူကုန်ကူးမှုများကြောင့် တရားခံ ၁၉ ဦး ရှိခဲ့ပြီး တရားခံကိုးဦး ဖမ်းဆီးရမိခဲ့သည်။ လူကုန်ကူးခံရသူ စုစုပေါင်း ၁၆ ဦးအနက် ၁၁ ဦးအား ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာ စင်တာအား ၎င်းတို့အတွက် လိုအပ်သော သတင်းအချက်အလက်များပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ အခြား လူမှုရေးအကူအညီများပေးနေသည့်အဖွဲ့အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်း၊ ၎င်းတို့လိုအပ်သည့် အကူအညီများပံ့ပိုးပေးခြင်းနှင့် နောက်ဆက်တွဲစောင့်ရှောက်မှုပေးခြင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ အမှတ် (၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## ရပ်ထားသောယာဉ်ကိုတိုက်မိရာ ဆိုင်ကယ်မောင်းသူသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အိုးဘိုတောင်ရပ်ကွက် Danko စက်သုံးဆီဆိုင်အနီး မုံရွာ-ရေဦးသွား ကားလမ်း၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၅ နာရီက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

စစ်ဆေးချက်အရ အာကာမင်း(၁၉ နှစ်) မောင်းနှင်ပြီး သိန်းတိုး (၁၉ နှစ်) လိုက်ပါလာသည့် ဆိုင်ကယ်သည် လမ်းပေါ်၌ ရပ်တန့်ထားသော ၂၂ ဘီးတွဲယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။ ထိုသို့တိုက်မိမှုကြောင့် အာကာမင်းသည် ဒဏ်ရာများရရှိကာ သေဆုံးသွားပြီး သိန်းတိုးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ၂၂ ဘီးတွဲယာဉ်မောင်း ဦးညွန့်ဝင်းဆွေနှင့် အာကာမင်းတို့နှစ်ဦးအား မုံရွာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## လက်နက်ခဲယမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းမိ

**ဘားအံ ဖေဖော်ဝါရီ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်ရဲတပ်ဖွဲ့ ထုံးအိုင်နယ်မြေရဲစခန်းမှူး ရဲအုပ် ညီညီမိုး ဦးစီးအဖွဲ့သည် ဖေဖော်ဝါရီ ၁၀ ရက်က မန်းနစ်လယ်၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ မန်းနစ်လယ်နှင့်



ဦးပလိုင်း၊ မောင်ဝင်းမြင့်၊ ခင်ဇော်ဦး၊ ဦးကြိမ်ဥ(ခ) စောညွန့်၊ စောသန်းငွေ တို့ခြောက်ဦးအားတွေ့ရှိရပြီး ၎င်းတို့ကို ရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြားနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ဦးကြိမ်ဥ(ခ)စောညွန့် လွယ်ထားသော လွယ်အိတ်အတွင်းမှ ကိုးလုံးကျည်ဖြင့် ပစ်ခတ်ရသော အရှည် ရှစ်လက်မခန့်ရှိ သေနတ်အတို(ကျည်ထိုးထား)တစ်လက်၊ ကိုးလုံးကျည်(ကောင်း) တစ်တောင့်၊ ပေါင်းကိုးလုံးကျည် နှစ်တောင့်တို့ကို ရှာဖွေတွေ့ရှိရသဖြင့် ရဲအုပ်ညီညီမိုးက သိမ်းဆည်းခဲ့ပြီး မူးယစ်ဆေးဝါး လက်ဝယ်ထား သုံးစွဲရောင်းချသူများဖြစ်သော မန်းနစ်လယ်ပါ ခြောက်ဦးတို့အား ထုံးအိုင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## မိန်းကလေးငယ်အား သားမယားပြုကျင့်သူ ထောင်ဒဏ် အနှစ် ၂၀ ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

လယ်ဝေးမြို့နယ် ဇလီအုပ်စု အေးရှားဝေါ ကျောက်ကွင်းရပ်နေ ဖိုးကျော်(၄၅ နှစ်) သည် အသက်(၁၂ နှစ်) အရွယ် မ---အား သားမယားပြုကျင့်ခဲ့မှုကြောင့် မိန်းကလေးငယ်၏ အစ်ကိုဖြစ်သူက ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ရာအိမ်မှူး ဦးတင်မြင့်ထံတိုင်ကြားခဲ့ကာ ဆက်လက်၍ မြို့နယ်ရဲစခန်းသို့သွားရောက်ပြီး ပြစ်မှုကျူးလွန်သူအား ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားခဲ့သည့် အမှုဖြစ်သည်။

နေပြည်တော် ဒက္ခိဏခရိုင်တရားရုံးက အဆိုပါအမှုအား ကြားနာစစ်ဆေးခဲ့ပြီး ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ပြစ်မှုကျူးလွန်သူ ဖိုးကျော် (၄၅ နှစ်)ကို ထောင်ဒဏ်အနှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**

## စိတ်ကြွရူးသွပ်ဆေးပြားရှစ်သိန်းကျော်ဖိုး ဖမ်းမိ

**မင်းလှ ဖေဖော်ဝါရီ ၁၁**

မင်းလှမြို့နယ် သရက်-မင်းလှကားလမ်း၌ ဖေဖော်ဝါရီ ၁၀ ရက်က ဆိုင်ကယ်စီးလာသော အမျိုးသားတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းလှမြို့နယ် သရက်-မင်းလှကားလမ်း မိုင်တိုင်အမှတ်(၆၃/၂) အနီးတွင် စောင့်ဆိုင်းပိတ်ဆို့ရှာဖွေစဉ် မလွန်အုတ်ကျင်းဘက်မှ ထန်းကိုင်းရေနံမှော်ဘက်သို့ ကိုကြည် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၂၉၃ ပြား၊ တန်ဖိုး ၈၇၉၀၀၀ ခန့်၊ မူးယစ် ဆေးဝါးရောင်းရ ငွေကျပ် ၅၈၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မူးယစ်ဆေးဝါးများကို တစ်ရွာတည်းနေ အောင်မျိုး (၃၀နှစ်)ထံမှ ရရှိကြောင်းသိရှိခဲ့ရသဖြင့် ၎င်း၏နေအိမ်အား ဆက်လက်ဝင်ရောက်ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးများ ရှာဖွေတွေ့ရှိခြင်းမရှိဘဲ အောင်မျိုးအား တွေ့ရှိခဲ့၍ ၎င်းအသုံးပြုနေသည့် VIVO ဖုန်းတစ်လုံးကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ ယင်းသိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ မင်းလှမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**


**Vacancy Announcement –005UNDP HR/2017**

Title : Local Security Assistant
Grade : GS-6 (UNDSS)
Duty Station : Yangon

**Responsible:** Under the overall guidance and supervision of the Security Adviser (SA) or Deputy Security Adviser (DSA), the Local Security Assistant assists in the implementation of security operations and all matters relating to the management of safety and security for UN personnel in the country or in the region of assignment.

**Qualifications and experience:** High School education is required to perform the duties of the post. At least 6 Years' experience in the area of safety or security, law enforcement, or related area such as security information or safety administration is required. Proficiency in Myanmar and English languages (both oral and written).

**Application dead line: 17 February 2017, Please apply follow online;**
https://jobs.partneragencies.net/erecruitjobs.html?JobOpeningId=8010



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**နေပြည်တော်**

**ရေးဖြေစာမေးပွဲရက် ကြေညာခြင်း**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး၊ အငယ်တန်းစာရေး၊ ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးနေရာများ ရွေးချယ်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) ဖြေဆိုရမည့်နေ့ရက် - ၁၉-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)
(ခ) ဖြေဆိုချိန် - ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ ကြာမြင့်ချိန် နှစ်နာရီ
(ဂ) ဖြေဆိုရမည့်ဘာသာ - အင်္ဂလိပ်စာ
(ဃ) ဖြေဆိုရမည့်နေရာ - လျှောက်လွှာတင်သွင်းသည့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖြေဆိုရမည်။

၂။ ခုံအမှတ်စာရင်း၊ စာမေးပွဲအချိန်ဇယား၊ ဖြေဆိုရမည့်နေရာများကို ၁၇-၂-၂၀၁၇ ရက်မှစ၍ သက်ဆိုင်ရာတိုင်းဒေကြီး/ပြည်နယ် ပြည်ထောင်စုနယ်မြေ ဦးစီးမှူးရုံးများတွင် ကြေညာထားပါမည်။



**တနင်္သာရီတိုင်းဒေသကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊**
**လမ်းဦးစီးဌာန၊ မြိတ်ခရိုင်၊ မြိတ်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

တနင်္သာရီတိုင်းဒေသကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြိတ်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လေညှာ-ရတနာပုံ-ခလုံလွှိုင်လမ်း လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော အောက်ပါပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားမည့် လုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

(က) သစ်မာ (140)m³
(ခ) ကျောက်ရောမြေ (15000)m³

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၈-၂-၂၀၁၇ ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - နံနက် ၁၀း၀၀ နာရီ
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၅-၂-၂၀၁၇ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - မွန်းတည့် ၁၂း၀၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၆-၂-၂၀၁၇ ရက်
**တင်ဒါဖွင့်လှစ်မည့်အချိန်** - နံနက် ၁၀း၀၀ နာရီ

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပြီး လျှောက်လွှာများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**လျှောက်လွှာဝယ်ယူရမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းအထူးအဖွဲ့(၂၄)၊ မြိတ်မြို့၊ ကန်ဖျားလမ်းမကြီး၊ ဘောလုံးကွင်းရှေ့ ဖုန်း-၀၅၉-၄၁၉၁၈
**တင်ဒါဖွင့်လှစ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ဖုန်း-၀၅၉-၄၁၀၀၇၊ ၄၁၁၁၇



**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်၊ မီးစက်လမ်းနေ ဦးညွန့်တင်၏သမီး ကျွန်မ မစန္ဒာဦး(ခ) မစုစုမိုး ၁၄/ညတန(နိုင်)၀၀၃၆၇၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မစန္ဒာဦး(ခ) မစုစုမိုး ၁၄/ညတန(နိုင်)၀၀၃၆၇၅**



**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 3I/4609 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**



**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | ပုံစံ/စည်းကမ်းချက် ထုတ်ယူရန်ရက် | တင်ဒါပိတ်မည့် ရက်/အချိန် |
|---|---|---|---|
| 1. | Marine Paint | ၁၃-၂-၂၀၁၇ | ၂၄-၂-၂၀၁၇ ရက် ၁၃း၀၀ နာရီ |
| 2. | Battery (With Acid) | | |
| 3. | Life Buoy | | |

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာနကမ်းနားလမ်း(ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဆိပ်ကမ်းမြို့နယ်တွင် ၁၃-၂-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၃၂၂တို့ကို စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**



**အများသိစေရန် ကြေညာချက်**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းကို မူလအမည်ပေါက်ထံမှ ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးဇော်ထွန်း ၁၂/ကမရ(နိုင်)၀၀၆၂၇၁(မှ) | ဒေါ်မေသက်ခိုင် ၁၂/ကမရ(နိုင်)၀၅၆၈၀၂ | တိုက်အမှတ် ၉၊ အခန်းအမှတ် ၁၆၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**



**ပြင်ဆင်ဖြည့်စွက်ခြင်း**

၃-၂-၂၀၁၇ ရက်ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၈)တွင် ကြေညာခဲ့သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့လက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ ပြည်နယ်/တိုင်းဒေသကြီးရုံးများ၊ မြို့နယ်ရုံးများ၊ အလုပ်သမားဆေးရုံကြီးများ၊ ဆေးခန်းများတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေး (လစာနှုန်း ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)ရာထူး(၁၈၀)နေရာအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။ **လူမှုဖူလုံရေးအဖွဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

# ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်း သရေကျ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်နှင့်ရတနာပုံအသင်း တစ်ဂိုးစီ သရေကျခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရှမ်းယူနိုက်တက်အသင်းသည် သရေတစ်မှတ်သာ ရယူနိုင်ခဲ့သည်။ အဓိကကစားသမားအချို့ပါဝင်နိုင်ခြင်းမရှိသည့် ရတနာပုံအသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးပြန်ပေးခဲ့ရသောကြောင့် နိုင်ပွဲဆက်မှုရပ်တန့်ခဲ့ရသည်။ ဒုတိယနေရာမှ ရတနာပုံနှင့် တတိယနေရာမှ ရှမ်းယူနိုက်တက်အသင်းတို့၏ သရေရလဒ်ကြောင့် ရန်ကုန်အသင်းသည် ထိပ်ဆုံးမှ နှစ်မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

နှစ်သင်းစလုံး လူစုံထုတ်ကစားခဲ့ပြီး ရတနာပုံအသင်းတွင် ဒဏ်ရာရရှိနေသည့် အောင်သူနှင့် သိန်းသန်းဝင်းတို့ ပါဝင်နိုင်ခြင်း မရှိပေ။ ရတနာပုံအသင်းသည် ရှမ်းယူနိုက်တက်အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့ပြီး တိုက်စစ်တွဲလုံးများကဖိအားပေးနိုင်ခဲ့သည်။ ၃၆ မိနစ်တွင် ရတနာပုံအသင်း ဂိုးစရခဲ့ပြီး ရဲကိုဦးဖန်တီးပေးသော ဘောလုံးကို ဝင်းနိုင်စိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက် တိုက်စစ်မှာ ရတနာပုံနောက်တန်းကို မကျော်နိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနေသည်။

ဒုတိယပိုင်းအစတွင် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၄၈ မိနစ်တွင် ဂိုးပြန်ရခဲ့သည်။ ယင်းချေပဂိုးကို တိုက်စစ်မှူး ခရစ္စတိုဖာက အဝေးကန်ချက်ဖြင့် ရယူခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် မိနစ် ၈၀ နောက်ပိုင်းတွင် သရေရလဒ်ကို ထိန်းကစားသွားခဲ့သည်။

ဝဏ္ဏသိဒ္ဓိကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက နေပြည်တော်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အတွက် ဂိုးများကို ကျော်ကိုကိုက နှစ်ဂိုး၊ ဇော်မင်းထွန်းက တစ်ဂိုးတို့သွင်းယူခဲ့ပြီး နေပြည်တော်အတွက် ချေပဂိုးကို ဘမ်ဘာက သွင်းယူခဲ့သည်။ အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် မကွေးနှင့် ရခိုင်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ရခိုင်အတွက် လှအေးထွေးက ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ဟီလာကိုက မကွေးအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

**ညီမြတ်သော်တာ**



ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်း အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်
ဓာတ်ပုံ-စိုးညွှန့်

# နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

နွေရာသီအခြေခံအားကစားသင်တန်းနည်း ၃၃ နည်းနှင့် အဆင့်မြင့်သင်တန်းများကို နွေရာသီကျောင်းပိတ်ရက်များတွင် သင်ကြားပေးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၀ ရက်က ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်သော နွေရာသီ အခြေခံအားကစားသင်တန်းများဖွင့်လှစ်နိုင်ရေး ပေါင်းစပ်အစည်းအဝေးမှ သိရသည်။

"ကျွန်တော်တို့ နွေရာသီအခြေခံအားကစားသင်တန်းတွေကို အခြေခံနဲ့ အဆင့်မြင့်ဆိုပြီး သင်ကြားပေးသွားမှာဖြစ်ပါတယ်။ နှစ်စဉ် ဖွင့်လှစ်ပေးမှုဟာ မျိုးဆက်သစ်အားကစားသမားတွေ ထွက်ပေါ်လာစေမှာဖြစ်တယ်" ဟု အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်က ပြောသည်။

အဆိုပါသင်တန်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း၍ အခြေခံအားကစားသင်တန်းများကို မတ် ၁၃ ရက်မှ ဧပြီ ၇ ရက်နှင့် အဆင့်မြင့်သင်တန်းများကို ဧပြီ ၂၄ ရက်မှ မေ ၁၉ ရက်အထိ ရန်ကုန်မြို့၌ ဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းသားလျှောက်လွှာများကို ရန်ကုန်လူထုအားကစားနှင့် ပညာပေးဌာနခွဲ (ရန်ကုန်)၌ ပေးသွားမည်ဖြစ်သည်။

ယင်းအခြေခံအားကစားနည်း သင်တန်းများကို ရန်ကုန်မြို့ သက်ဆိုင်ရာ အားကစားကွင်း/ရုံများ၌ အဖွဲ့ချုပ်များ၊ မြို့နယ် အား/ကာ ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး မြားပစ်၊ ပြေးခုန်ပစ်၊ ဘော့စ်ဘော၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ကာယကြံ့ခိုင်မှု၊ ဘိုးလင်း၊ လက်ဝှေ့၊ စစ်တုရင်၊ ခြင်းလုံး၊ စက်ဘီး၊ ဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဟော်ကီ၊ ဂျူဒို၊ ကရာတေးဒို၊ လေ့လှော်၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သိုင်း၊ ဘော်လီဘော၊ အလေးမ၊ အမျိုးသမီးအားကစား (အေရိုးဗစ်)၊ ဝူရှူး၊ ရွက်လှေ၊ မသန်စွမ်း၊ ကမ်ပိုစသည့် အားကစားနည်းများ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကာ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၄၀၀၄၃၁ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**အေကေလင်း**



## ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ပုသိမ်မြို့နေ
(ဦးမြဝင်း)- ဒေါ်ခင်ချိုလွင်တို့၏ တစ်ဦးတည်းသော သား
**မောင်စိုးမိုး**
**LL.B, AGTI (MP)**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်-၁)**
**နှင့်**
နေပြည်တော်နေ
ဦးဝင်းမြင့် (ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်)- ဒေါ်ချိုချိုတို့၏ တစ်ဦးတည်းသော သမီး
**မဖြူဖြူသင်း**
**B.A (Philosophy)**
**လက်ထောက်မန်နေဂျာ၊ ဧရာဝတီဘဏ်လီမိတက်**

တို့၏ ၁၁-၂-၂၀၁၇ရက်တွင် နေပြည်တော် MICC-2 (Banquet Hall) ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာသြဝါဒစကား မြွက်ကြားပေးပါသော၊ အမှတ်တရ မင်္ဂလာပန်းစည်းချီးမြှင့်ပေးပါသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးနှင့်ဇနီး ဒေါက်တာနန်းခမ်းမိုင်၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး ဒေါ်ခင်စောမူတို့အားလည်း ကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ(၁)ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ (၂) ဦးဟင်နရီဗန်ထီးယူ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် ဇနီးများ၊တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်သက်လင်း(MRTV)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော မအိအိလင်း၊ မင်္ဂလာစောင်းတီးခတ်ပေးပါသော မဝင်းနန္ဒာ၊ မင်္ဂလာပန်းကြဲပေးပါသော မောင်မျိုးထက်ကောင်းနှင့် မဖြိုးဖြိုးအေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မစုလှိုင်ဝင်း၊ မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးပါသော မမေစိုးသူအောင်၊ မင်္ဂလာသတို့သားအရံ မောင်သာထက်ဦးနှင့် မောင်ဖြိုးမင်းဦး၊ မင်္ဂလာသတို့သမီးအရံ မခင်သူဇာဝင်းနှင့် မခင်ခန့်ခန့်ချော၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးပါသော ကျော်ထိုက်၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော icon မှ ကိုမျိုးမင်းဇော်နှင့်အဖွဲ့သားများ၊ မင်္ဂလာဖိတ်စာစီစဉ်ပေးပါသော Dagon Press၊ တက်ရောက်ချီးမြှင့်ပေးပါသော မိတ်ဆွေ အပေါင်းအသင်းများ၊ လွှတ်တော်ရုံးမှဝန်ထမ်းများ၊ MICC-2 မှ ဝန်ထမ်းများ၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှပိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စိုးမိုး- မဖြူဖြူသင်း**

## ပိုင်ရှင်ကိုယ်တိုင်အလွန်သက်သာသောဈေးနှုန်းဖြင့်ခြံများရောင်းမည်

ပြင်ဦးလွင်တွင် ဈေးသက်သာစွာဖြင့် ဝယ်ယူအပန်းဖြေနေထိုင်လိုသူများ အေးချမ်းစွာနေထိုင်လိုသူများအတွက် အနီးစခန်းလေယာဉ်ကွင်းရှေ့၊ ပတ်ဝန်းကျင်ဆိတ်ငြိမ်၊ ရပ်ကွက်သန့်၊ လမ်းကျယ်၊ ကတ္တရာခင်းထားပြီး၊ လမ်းအဝင်အထွက်ကောင်း (80'x80') ခြံစည်းရိုးခတ်ပြီး၊ မြေပြင်ညီမြေကွက်များအားတစ်ကွက်ချင်းသော်လည်းကောင်း၊ မိသားစုဆွေမျိုးများတွဲလျက်သော်လည်းကောင်း အပန်းဖြေနေထိုင်နိုင်ရန်အတွက် အရှုပ်အရှင်းကင်းခြံကွက်များ အမြန်ရောင်းမည်။

**(80'x80') ၁ကွက်- ကျပ်သိန်း 600**

**ဆက်သွယ်ရန် ဖုန်း- 09-451146685, 09-5178979, 09-43022828, 09-420301091, 09-250165519**



## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့ ကုမ္ပဏီ၏ တစ်ဦးတည်းမှုပိုင်ဖြစ်ကြောင်းအသိပေးကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၅၁/ဒီ)ရှိ SHIN YE HTUT CO.,LTD(ရှင်ရဲထွဋ်ကုမ္ပဏီလီမိတက်) (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၅၄၅/၂၀၀၈-၂၀၀၉)မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကိုတည်ဆဲဥပဒေနှင့်အညီ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (မှတ်ပုံတင်အမှတ်- ၄/၁၆၅၆၅/၂၀၁၆) ဖြင့်ကုမ္ပဏီ၏တစ်ဦးတည်း မှုပိုင်အဖြစ်ပြုလုပ်သုံးစွဲတပ်ဆင်ဖြန့်ချိရောင်းချရန်အတွက် မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အမည်အမှတ်တံဆိပ်အမှတ်အသားကို အသုံးပြု၍ "ဂျပန်နိုင်ငံရှိ WATAHAN CO.,LTD နှင့်မြန်မာနိုင်ငံမှ SHIN WATAHAN CO.,LTD တို့၏ နည်းပညာပူးပေါင်းကူညီဆောင်ရွက်မှုကိုရယူ၍ မိမိတို့ကုမ္ပဏီ အနေဖြင့် ကားပါကင်အစိတ်အပိုင်းတစ်ချို့ကိုပြည်ပမှမှာယူတင်သွင်း၍ မိမိတို့ အလုပ်ရုံတွင်အထပ်မြင့်ကားပါကင် နှင့် ရွေ့လျားကားပါကင်များအား တပ်ဆင်ဖြန့်ချိသွားမည်ဖြစ်ပါသည်။" အဆိုပါ ကုန်အမှတ်တံဆိပ်ဖြင့်ပင် အဆိုပါကားပါကင်အမျိုးမျိုးတို့ကို တံဆိပ်ခတ်နှိပ်၊ သုံးစွဲပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းတွင် တပ်ဆင်၊ ဖြန့်ချီ ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီ၏မှုပိုင်အဖြစ်အသုံးပြုလျက်ရှိသော အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတို့ကုမ္ပဏီမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတုပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား ပြုလုပ်တုပသုံးစွဲခြင်းမပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ကုမ္ပဏီလုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုမှ ကုန်ကျသမျှသော အရပ်ရပ်စရိတ်ကြေးငွေ များအတွက် လျော်ကြေးငွေများ တောင်းဆိုသွားမည်ဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းတို့အရတရား၊ စွဲဆိုမည့်အပြင် တုပပြုလုပ် ထားသည့်ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ပယ်ဖျက်ပေး သည်အထိ ဆက်လက် အရေးယူ ဆောင်ရွက်သွားဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေငြာအပ်ပါသည်။

SHIN YE HTUT CO.,LTD
(ရှင်ရဲထွဋ်ကုမ္ပဏီလီမိတက်)

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ညည-၅၃/၁၃ နေ မမီမီဇင်၊ မအိအိဇော်၊ မယဉ်မျိုးဟန်၊ မောင်အောင်လှိုင်မြင့်၊ မမေသံလွင် တို့၏ဖခင် ဦးခွေး၉/မနတ(နိုင်)၀၂၇၃၆၃နှင့် ဦးခင်မောင်ဇော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခွေး(ခ)ဦးခင်မောင်ဇော်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဓယ/ ၂၅၃၃၇ HONDA WAVE 110 ယာဉ်လက်ဝယ်ရှိသူ EASY RIDER MOTORBIKE က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၁-၂၀၁၇ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၂)ပါ ယာဉ်အမှတ် ၁၂ယ/ ၃၃၆၉၈၏ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်းကြော်ငြာတွင် ဦးဇင်ဝင်းဇော် အစား ဦးဇင်မင်းဇော်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/4137 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/1938 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၁၈၊ ဦးပိုင်အမှတ် (၃၀)၊ ၄၁×၄၂ကြား၊ ၈၀×၈၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအန်ဖုန်းထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၅၄၇/၂၀၀၈)ဖြင့် ပေးကမ်းခြင်းကို လက်ခံခဲ့သော ဒေါ်ရှင်ဖုန်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၄၅/၂၀၁၆)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ဆန်းကျော် ၉/ခအဇ(နိုင်) ၀၃၇၇၉၂မှ ဂရန်စာချုပ်မူရင်းပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်မိတ္တူ၊ အမည်ပြောင်းလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ခရီးသွားဆောင်းပါး

# သဲသောင်ဖြူလွ လှိုင်းထရိုက်ခတ် ကမ်းခြေစပ်သို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်

**ထားဝယ်မြို့တွင်းမှ မော်တော်ယာဉ်နှင့်ထွက်လာသော ကျွန်တော်တို့ မိနစ်ပိုင်းအတွင်း မောင်းမကန်ကမ်းခြေဘက်နှင့် လောင်းလုံးမြို့နယ်ဘက်သို့သွားမည့် လမ်းဆုံသို့ ရောက်လာသည်။ ကားအသွားအလာရှင်းနေချိန်ဖြစ်၍ လောင်းလုံးမြို့နယ်ဘက်သို့သွားသည့် ကားလမ်းအတိုင်း ချိုးကွေ့မောင်းနှင်လာခဲ့ရာ နံနက်စောစောမို့လားမသိ၊ အေးအေးချမ်းချမ်းနှင့်သာသာ ယာယာရှိနေသည်။ မျက်နှာချင်းဆိုင်မှလာသော ကားတစ်စီး၊ နှစ်စီးမျှသာ ရှောင်တိမ်းရသဖြင့် အနှောင့်အယှက်မဖြစ်၊ မိုင်နှုန်း မြင့်မောင်းနှင်လာခြင်းမဟုတ်ဘဲ ပုံမှန်သာ မောင်းနှင်လာခြင်းဖြစ်ရာ အန္တရာယ်ကင်းလေသည်။ ဤနှုန်းအတိုင်းမောင်းနှင်လျှင် ဇက်ဆာအော်ကမ်းခြေသို့ ကားမောင်းချိန် နှစ်နာရီကျော်မှ ရောက်ရှိမည်ဟု မှန်းမိသည်။**



ကျွန်တော် ထားဝယ်မြို့သို့ မကြာခဏရောက်ဖူးသည်။ တာဝန်ဖြင့်ရောက်တိုင်း အလုပ်တာဝန်ပြီးသည်နှင့် အနီးဝန်းကျင်ကိုလေ့လာခဲ့သလို မောင်းမကန်ကမ်းခြေသို့လည်း အခေါက်တိုင်းနီးပါးရောက်ရှိခဲ့သည်။ သဘာဝတောတောင်ရှုခင်းများထက် ကမ်းခြေကိုပိုပြီး နှစ်သက်သောကျွန်တော်သည် ကမ်းခြေနှင့်နီးသော မြို့ရွာများသို့ရောက်လျှင် ကမ်းခြေသို့မရောက်ရောက်အောင် သွားလေ့ရှိရာ ယခုလည်း ထားဝယ်သို့ရောက်ချိန်တွင် ထားဝယ်မြို့မှ ၆၅ ကီလိုမီတာခန့်ကွာဝေးသော ဇက်ဆာအော်ကမ်းခြေသို့ မော်တော်ယာဉ်ဖြင့် ထွက်လာခဲ့ခြင်းဖြစ်သည်။

ထားဝယ်မြို့တောင်ဘက် လောင်းလုံးမြို့နယ်အတွင်း တည်ရှိသော ဇက်ဆာအော်ကမ်းခြေသို့ ကျွန်တော်တစ်ကြိမ်မျှ မရောက်ဖူး။ သည်တစ်ခေါက် ထားဝယ်အရောက်တွင် နေ့ဝက်ခန့်အချိန်ရသဖြင့် ရောက်အောင်သွားခြင်းဖြစ်သည်။ လူသိနည်းသေးသော ဇက်ဆာအော်ကမ်းခြေမှာ သဘာဝအတိုင်း အရိုင်းဆန်ဆန်လှပကာ ဆွဲဆောင်မှုအပြည့်ရှိနေမည်ဟု ယုံကြည်နေမိသည်။ ထားဝယ်ခရိုင်အတွင်း မောင်းမကန်ကမ်းခြေ၊ နဘူးလယ်ကမ်းခြေ၊ တီမြစ်ကမ်းခြေ၊ ဂရင်းဖားသားကမ်းခြေနှင့် ဇက်ဆာအော်ကမ်းခြေတို့အပြင် အခြားနာမည်မကြီးသော ကမ်းခြေအချို့ တည်ရှိ နေရာ ကမ်းခြေများကို စနစ်တကျဖော်ထုတ်နိုင်ပါက သဘာဝ အခြေခံခရီးသွားလုပ်ငန်းတိုးတက်ဖွံ့ဖြိုးလာမည်မှာ အမှန်ပင်ဖြစ်သည်ဟု တွေးမိသည်။

လောင်းလုံးမြို့နယ်အတွင်း ကားလမ်းအတိုင်း မောင်းနှင်လာခဲ့ရာ လမ်းဘေးဝဲယာတစ်လျှောက် ရွာငယ်များကို တွေ့ရသည်။ ရွာများဖြစ်သော်လည်း အိုးအိမ်များမှာ ကောင်းမွန်ကြောင်း သတိပြုမိသည်။ လောင်းလုံးမြို့နယ်အတွင်း ဖြတ်သန်းစဉ် ထားဝယ်မြစ်ကို တစ်ခါတစ်ရံလှမ်းမြင်ရသည်။ လောင်းလုံးမြို့နယ်သည် ထားဝယ်မြစ်ဝနှင့် မိုင် ၂၀ ခန့်သာ ကွာဝေးပြီး ထားဝယ်မြစ်ဝနှင့် ကပ္ပလီပင်လယ်အကြားတွင် တည်ရှိသော မြို့နယ်တစ်ခုလည်း ဖြစ်သည်။

ထားဝယ်ခရိုင်တွင် ထားဝယ်၊ ရေဖြူ၊ လောင်းလုံး၊ သရက်ချောင်းမြို့နယ်များပါဝင်ပြီး လှပသောကမ်းခြေအချို့လည်း တည်ရှိနေရာ သဘာဝအခြေခံခရီးသွားလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရန် အခြေခံကောင်းများ ပိုင်ဆိုင်ထားသည်ကို သတိပြုမိသည်။ အမှန်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် ဂျိုင်းမြစ်၊ အတ္တရံမြစ်၊ ရေးမြစ်၊ ထားဝယ်မြစ်၊ လေညာမြစ်၊ တနင်္သာရီမြစ်နှင့် ပါချန်မြစ်တို့စီးဆင်း နေသည့်အပြင် တနင်္သာရီတောင်တန်းများကြောင့် တော၊ တောင်၊ မြစ်၊ ချောင်းနှင့်ပင်လယ်တို့ကြောင့် သဘာဝအလှအပများစုဝေးရာ ဒေသတစ်ခုဖြစ်နေခြင်းဖြစ်သည်။

အချိန် ၂ နာရီကျော်ခန့်ကြာသည်နှင့် အက်ချာရွာအနီးသို့ ရောက်ရှိခဲ့သည်။ အက်ချာရွာသည် ရေလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်ကြသည်ဖြစ်ရာ စားနိုင်၊ သောက်နိုင်ကြသည့် အခြေအနေရှိသည်ကို ခန့်မှန်းမိသည်။ အက်ချာရွာနှင့် ဇက်ဆာအော်ကမ်းခြေမှာ မဝေးသော်လည်း အချို့ကဆိုင်ကယ်ဖြင့်လာကြသည်။ လူသိမများသေးသော ကမ်းခြေဖြစ်သည့်အလျောက် ထားဝယ်မြို့မှ ခရီးသွားဧည့်သည်များမှာ အများအားဖြင့် မရောက်ဖြစ်ကြ၊ ထားဝယ်မြို့မှ မောင်းမကန် ကမ်းခြေသွားကာ အပန်းဖြေကြ၊ ရေကူး၊ နားခို စားသောက်ကြပြီး ပြန်ကြခြင်းဖြစ်သည်။

ကျွန်တော်တို့ ဇက်ဆာအော်ကမ်းခြေသို့ ရောက်ရှိချိန်မှာ နံနက် ၉ နာရီခန့်ရှိနေပြီဖြစ်သည်။ ဖြူဖွေးသောသဲသောင်ပြင်၊ ပြာလဲ့နေသော ပင်လယ်ပြင်နှင့် အုန်းပင်တန်းများကြောင့် သဘာဝရှုခင်းက လှပပြီး ဆွဲဆောင်မှုအပြည့်ရှိနေသည်။ ဖြူဖွေးနုလွနေသည့် သဲမှုန်ဖွဖွပေါ်တွင် လမ်းလျှောက်ရင်း ပင်လယ်ပြာပြာကို မြင်တွေ့ရသည်မှာ ဘဝင်အေးချမ်းစရာပင်။ အုန်းပင်၊ သစ်ပင်များ အုပ်ဆိုင်းဆိုင်းနှင့် တိတ်ဆိတ်ငြိမ်းချမ်းသော ဇက်ဆာအော်ကမ်းခြေအလှကား ရောက်လာသူကို အေးချမ်းမှုအပြည့်ပေးလေသည်။

ဖြူဖွေးသော သဲသောင်ပြင်၊ စိမ်းညို့နေသော တနင်္သာရီတောင်တန်း၊ တောင်စွယ်၊ ပြာလဲ့နေသော ကပ္ပလီပင်လယ်ပြင်နှင့် ရေလှိုင်းပုတ်သံများက ငြိမ်းချမ်းခြင်း၊ အေးချမ်းခြင်း၊ တိတ်ဆိတ်ခြင်းနှင့်အတူ ရောက်ရှိလာသူများကို ရသမျိုးစုံ၊ ခံစားမှုအဖုံဖုံကို မျှဝေပေးလျက်ရှိနေသည်က အမှန်ပင်။ ကမ်းခြေသဲသောင် ပြင်အချို့နေရာများတွင် သဘာဝကျောက်တုံးငယ်များ ဖြစ်တည်နေသည်ကိုတွေ့ရသည်။ နေပူပူတွင် ကလေးငယ်အချို့ ရေကူးသံများ၊ ဆော့ကစားသံများက ဖုံးလွှမ်းလျက်ရှိသည်။

ဇက်ဆာအော်ကမ်းခြေသို့ ခရီးသွားဧည့်သည်ရောက်ရှိမှု နည်းပါးနေသေးသော်လည်း ယခင်နှစ်များကထက် ပိုမိုလာရောက်ကြကြောင်း သိရသည်။ ကမ်းခြေတွင် တည်းခိုရန် ဘန်ဂလိုလေးများ တည်ဆောက်ထားရာ ခရီးသွားများ တည်းခိုအနားယူအိပ်စက်ရန် အဆင်ပြေလေသည် ။ဘန်ဂလိုတစ်လုံးအပေါ် ကျွန်တော်တို့ တက်ရောက်လေ့လာခဲ့ရာ ဝါးထရံကို သပ်ရပ်စွာကာရံထားပြီး အခန်းအတွင်း၌ တစ်ယောက်အိပ်ခုတင်နှစ်လုံးကို ယှဉ်ပြီး ချပေးထားသည်ကို တွေ့ရသည်။

သစ်သားခုတင်နှစ်လုံးပေါ်တွင် ရေမြုပ်မွေ့ရာ၊ သန့်ရှင်းသပ်ရပ်သော အိပ်ရာခင်း၊ စောင်၊ ခေါင်းအုံးနှင့် ခြင်ထောင်များကို စနစ်တကျခင်းပေးထားသည်။ လျှပ်စစ်မီးကိုလည်း ဆိုလာစွမ်းအင်ဖြင့် ၂၄ နာရီရရှိအောင် ဖြည့်ဆည်းပေးထားရာ အဆင်ပြေလေသည်။ ပင်လယ်ပြင်ကို မျက်နှာမူပြီး တည်ဆောက်ထားသော ဘန်ဂလိုများကြောင့် ဘန်ဂလိုအတွင်း အနားယူအိပ်စက်ရင်း ပင်လယ်လေကို ကောင်းစွာရရှိစေသည့်အပြင် ကမ်းခြေမှ ရေလှိုင်းပုတ်သံများကို ကြားသိနိုင်ရာ သဘာဝအသံ၊ သဘာဝပတ်ဝန်းကျင်၊ သဘာဝပင်လယ်လေနှင့် သဘာဝမြင်ကွင်းများက ရိုးစင်းသော်လည်း စိတ်နှလုံးကြည်မွေ့စေရာ သီးခြားကမ္ဘာသို့ရောက်ရှိနေဘိအလားခံစားရလေသည်။

ခရီးသွားဧည့်သည်များအတွက် ကမ်းခြေတွင် စားသောက်ဆိုင်တစ်ဆိုင်ကိုလည်း ဖွင့်လှစ်ပေးထားသည်ကို တွေ့ရသည်။ နံနက် ၇ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ပေးထားပြီး အစားအစာမျိုးစုံရရှိနိုင်ရာ ပင်လယ်စာများလည်း လတ်ဆတ်စွာမှာယူစားသောက်နိုင်အောင်စီစဉ်ပေးထားသည်။ စားသောက်ဆိုင်မှာလည်း လာရောက်စားသုံးသည့်ခရီးသွားဧည့်သည်များအတွက် ပတ်ဝန်းကျင်မြင်ကွင်းကို ကြည့်ရှုရင်း စားသုံးနိုင်ရန် ဆိုင်ပတ်လည်ကို ကာရံထားခြင်းမရှိဘဲ ဖွင့်ပေးထားရာ သန့်ရှင်းသောလေကို ရှူရှိုက်ရင်း သစ်ပင်များအကြား သဘာဝပတ်ဝန်းကျင်နှင့် တိုက်ရိုက်မြင်တွေ့ကြည့်ရှုခံစားနိုင်သည်။ သန့်ရှင်းခြင်း၊ သပ်ရပ်ခြင်း၊ သဘာဝကျခြင်းတို့ကို စနစ်တကျ စီမံဆောင်ရွက်ပေးထားခြင်းဖြစ်မည်ဟု တွေးမိသည်။

ကျွန်တော်တို့ ကမ်းခြေဘက်သို့ ပြန်ဆင်းခဲ့ကြသည်။ ဇက်ဆာအော်ကမ်းခြေသည် တစ်ကီလိုမီတာကျော်သာ ရှည်လျားသော်လည်း ပြန့်ပြူးသော သဲသောင်ပြင်၊ ဖြူဖွေးနူးညံ့သော သဲမှုန်လွလွများ၊ ကြည်လင်ပြာလဲ့နေသော ကပ္ပလီပင်လယ်ရေပြင်၊ သန့်ရှင်းနေသောကမ်းခြေ၊ တနင်္သာရီတောင်တန်းတောင်စွယ်များအကြား တည်ရှိနေမှုက လာရောက်လေ့လာအပန်းဖြေကြသည့် ခရီးသွားများကို မပြန်ချင်အောင် ဆွဲဆောင်မှုအပြည့်ရှိနေသည်က အမှန်ပင်။

လက်ကိုင်ဖုန်းပြောဆို၍ရသော်လည်း အင်တာနက်ချိတ်ဆက်အသုံးပြုမရသဖြင့် သတင်းအချက်အလက်ဆက်နွယ်ချည်နှောင်မှု ကွန်ရက်ပြင်ပတွင်လွတ်လပ်စွာ ရပ်တည်နေထိုင်နိုင်မှုအရသာကလည်း စိတ်နှလုံးနှင့်ဦးနှောက်ကို တစ်ခဏတာ အနားယူခွင့်၊ လွတ်လပ်ခွင့်ရရှိစေသည်ဟု ခံစားနေမိပြန်သည်။ နေ့စဉ်နှင့်အမျှ အချိန်နှင့်အမျှ သတင်းအချက်အလက်နှင့် နည်းပညာကမ္ဘာထဲတွင် ဝဲလည်ယစ်မူးနေသော ကျွန်တော်တို့အတွက် အကောင်းဆုံး အပန်းဖြေစရာ နေရာတစ်ခုဟုပင် တွေးနေမိသည်။ ယခုကျွန်တော်သည်ပင် နည်းပညာချုပ်ကိုင်ခံရမှုမှ လွတ်ကင်းနေပြီမဟုတ်ပါလော။ တစ်ခါတစ်ရံ ဤလိုအချိန်ကာလမျိုးလည်း ယနေ့ ခေတ်လူသားတို့အဖို့ လိုအပ်သည်ဟု တွေးမိသည်။

ကမ်းခြေတွင် လမ်းလျှောက်ရင်း ပုစွန်ကင်များနှင့် ငါးကင်များ လာရောက်ရောင်းချသည့် ကလေးငယ်တစ်ဦးကိုတွေ့၍ မေးကြည့်ရာ အနီးရှိညောင်ပင်ရွာမှဖြစ်ပြီး ကျောင်းပိတ်ရက်တွင် ကမ်းခြေသို့ ဈေးလာရောင်းခြင်းဖြစ်ကြောင်း၊ စတုတ္ထတန်းကျောင်းသားတစ်ဦးဖြစ်ကြောင်း ပြောပြသည်။ တစ်ခါတစ်ရံ ရောင်းကောင်းသော်လည်း ဧည့်သည်နည်းပါးသည့်ရက်များတွင် ဈေးရောင်းမကောင်းကြောင်း သိရသည်။ ငါးမှန်အကင်တစ်ကောင်ကို ငွေကျပ် ၃၀၀၀၊ ပုစွန် ငါးကောင်ပါ တစ်ကင်ကို ငွေကျပ် ငါးရာဆိုသဖြင့် ဝယ်ယူစားသောက်ခဲ့ရာ လတ်ဆတ်ချိုမြသော အရသာရှိလေသည်။


ဇက်ဆာအော်ကမ်းခြေသို့ အပန်းဖြေလာရောက်ကြသူများအတွက် ညောင်ပင်ရွာသို့ သွားရောက်လေ့လာနိုင်သလို ပင်လယ်စာများကိုလည်း စိတ်တိုင်းကျ တစ်ဝစားသုံးနိုင်သည်။ ကမ်းခြေတံငါရွာအချို့၏ လူမှုဘဝနေထိုင်မှုများကို လေ့လာနိုင်သလို လှေငှားပြီး ကမ်းခြေနှင့် တောင်ခြေကမ်းနားများသို့ လှေလှော်အပန်းဖြေနိုင်ကာ ရေအောက်ရှိ သန္တာကျောက်တန်းများ၊ ရေအောက်အပင် မျိုးစိပ်သစ်များနှင့် ကူးခပ်သွားလာကျက်စားနေသော ရောင်စုံရေသတ္တဝါများကိုလည်း စိတ်လက်ပေါ့ပါးစွာ လေ့လာနိုင်လေသည်။


တစ်ဖန်ကမ်းခြေအနီးတွင်ရှိသော တောင်ထိပ်ပေါ်သို့ တက်ရောက်ကာကမ်းခြေနှင့် ပင်လယ်အလှ၊ ကျွန်းများနှင့် ရေယာဉ်များ သွားလာနေမှုမြင်ကွင်းကို လွတ်လပ်စွာ တမေ့တမြော ကြည့်ရှုခံစားနိုင်သည့် အခွင့်အရေးလည်း ရှိနေသည်။ ပေ ၅၀၀ခန့်မြင့်သော တောင်ထိပ်သို့ သဘာဝလူသွားလမ်းငယ်အတိုင်း တိုးဝှေ့တက်ရောက်ရသည့် အတွေ့အကြုံ၊ ထူးခြားသစ်ပင် မျိုးစိတ်များကို အနီးကပ်လေ့လာခွင့်ရသည့်အနေအထား၊ ကျေးငှက်တို့၏ အသံများက မောပန်းနွမ်းနယ်စိတ်ကို ကြည်နူးလန်းဆန်းမှုဖြစ်စေသည်။


တစ်ဖန် အက်ချာကျေးရွာမှ ကီလိုမီတာ ၂၀ခန့်သာဝေးသော ရှင်မော်ဘုရားသို့လည်း ဆိုင်ကယ်ဖြင့် သွားရောက်ဖူးမြော်နိုင်သည်။ တိတ်ဆိတ်ငြိမ်သက်သော သဘာဝဝန်းကျင်အလယ်တွင် တည်ရှိသော ရှင်မော်ဘုရားက သပ္ပာယ်စရာ၊ ဖူးမြော်ကြည်ညိုသဒ္ဓါပွားစရာ ကောင်းလေသည်။ တရားဘာဝနာ အားထုတ်ရန်ကောင်းသော နေရာပင်ဖြစ်သည်။


မွန်းတည့်ချိန်ဖြစ်ရာ ကျွန်တော်တို့ဇက်ဆာအော်ကမ်းခြေမှ ဆိုင်ကယ်ဖြင့် ကားဆီသို့ပြန်လာခဲ့ကြသည်။ ထားဝယ်ခရိုင်အတွင်း သဘာဝကမ်းခြေအလှများ၊ တောတောင်ရေမြေများသည် သဘာဝတရားကပေးသော ဆုလဒ်များသဖွယ်ရှိနေသည်။ ခရီး သွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများပင်။ အပြန်လမ်းတစ်လျှောက် ဖြူလွသော သဲသောင်ကမ်းခြေနှင့် လှိုင်းပုတ်သံတို့က အတွေးအာရုံထဲကတော်တော်နှင့် မထွက်တော့။

**ထားဝယ်ခရိုင်အတွင်း မောင်းမကန်ကမ်းခြေ၊ နဘူးလယ်ကမ်းခြေ၊ တီမြစ် ကမ်းခြေ၊ ဂရင်းဖားသားကမ်းခြေနှင့် ဇက်ဆာအော်ကမ်းခြေတို့အပြင် အခြားနာမည်မကြီးသော ကမ်းခြေအချို့ တည်ရှိနေရာကမ်းခြေများကို စနစ်တကျဖော်ထုတ်နိုင်ပါက သဘာဝအခြေခံ ခရီးသွားလုပ်ငန်းတိုးတက်ဖွံ့ဖြိုးလာမည်မှာ အမှန်ပင်ဖြစ်သည်ဟု တွေးမိသည်။**















# မြန်မာတက်ကျသံ(၃)

**မောင်ခင်မင်(ဓနုဖြူ)**

"တက်ကျသံလေးမျိုးအခေါ်တွေလည်း မှတ်ထားဖို့လိုတယ်။ သာဓကနဲ့ပြောရရင် /ခါ/ဆိုတဲ့ အသံမျိုးကို သံပြေ level tone ခေါ်တယ်။ တက်ကျသံသုံးမျိုးမှာတုန်းက ခေါ်တာနဲ့အတူတူပဲ"

"ဟုတ်ကဲ့"

"/ခါး/ဆိုတဲ့ အသံမျိုးကိုတော့ သံလေး heavy tone လို့ခေါ်တယ်။ သက်သံလေး၊ ဒါမှမဟုတ် အလေးသက်သံ လို့လည်းခေါ်တယ်။ heavy talling tone ပေါ့"

"ဒီအသံက တက်ကျသံသုံးမျိုးမှာတုန်းက အမြင့်သက်သံ high talling နဲ့အတူတူပေါ့နော်ဆရာ"

"ဟုတ်ပါတယ်။ ဝစ္စပေါက်သံပေါ့"

"နောက် /ခါ့/ ဆိုတဲ့အသံမျိုးကိုတော့ အစ်သံ creaky tone လို့ခေါ်တယ်။ အောက်မြစ်သံနဲ့ တူတယ်"

"ဟုတ်ကဲ့ပါ"

"/ခတ်/ဆိုတဲ့ အသံမျိုးကိုတော့ ရပ်သံ stop tone လို့ခေါ်တယ်။ အသက်အောင့်သံ လို့လည်း ခေါ်တယ်"

"ဟုတ်ကဲ့၊ မှတ်မိပါပြီဆရာ"

"မှတ်မိတယ်ဆိုရင် လေ့ကျင့်ခန်းကလေးလုပ်ကြည့်ရအောင်။ ဆရာပြောတဲ့အသံကို ဘယ်တက်ကျသံလဲဆိုတာ နာမည်တပ်ပေးရမယ်"

"ဟုတ်ကဲ့"

" 'နေ့' ဆိုတာ ဘာသံလဲ"

" အစ်သံပါဆရာ"

"ဟုတ်ပြီ၊ 'မျောက်' ဆိုတာရော"

"ရပ်သံပါဆရာ"

" 'လယ်' ဆိုတာ..."

"သံပြေပါ ဆရာ"

" 'တော' ကရော"

"သံလေးပါ"

အဲ...ဟုတ်ပြီ။ ဩော်...အဲဒီလိုတက်ကျသံလေးမျိုးခွဲတဲ့ အယူအဆလည်း ထုံးတမ်း စဉ်လာလေ့လာမှုမှာရှိတယ်"

"ဩော်...ဘယ်လိုခွဲပါသလဲဆရာ"

"ကဗျာဖွဲ့နည်းကျမ်းတွေမှာ အသံလေးမျိုးခွဲလေ့ရှိတယ်။ ပုဂံဝန်ထောက်ဦးတင်ရဲ့ ကဗျာဗန္ဓသာရကျမ်းမှာ လေ့လာကြည့်နိုင်တယ်။ မှတ်လို့လွယ်အောင် ခုနပြောတဲ့အစဉ်အတိုင်းပြောမယ်။ နည်းနည်းတော့ ရှုပ်စရာရှိတယ်နော်။ မရှုပ်အောင်ခွဲပြီးမှတ်ပါ"

"ဟုတ်ကဲ့" /ဒါ/ဆိုတဲ့ သံပြေကို ထုံးတမ်းစဉ်လာအရ တက်သံလို့ခေါ်တယ်။ ဘာသာဗေဒအမြင်အရ တစ်သံချင်းမှာ တက်သံဆိုတာမရှိလို့ အခေါ်ချင်းရှုပ်ထွေးနိုင်တယ်"

"ဩော်...ဟုတ်တယ်နော်ဆရာ"

"/ခါး/ဆိုတဲ့သံလေးကိုတော့ 'နိမ့်သံ' တဲ့။ /ခါ့/ ဆိုတဲ့ အသံကိုကျတော့ 'သက်သံ'တဲ့။ /ခတ်/ဆိုတဲ့ ရပ်သံကိုတော့ အောင့်သံတဲ့။ အစဉ်အတိုင်းပြောရင် တက်သံ၊ သက်သံ၊ နိမ့်သံ၊ အောင့်သံဆိုတဲ့အသံလေးမျိုးပေါ့ကွယ်"

"ဟုတ်ကဲ့ပါ။ တက်ကျသံတွေက အခေါ်ကွဲပေမယ့် အခြေခံသဘောကတော့ အတူတူပဲနော်"

"ဟုတ်ပါတယ်။ ဩော်... ရပ်သံကို သံရပ်လို့လည်း ခေါ်တယ်။ တချို့က သံပြတ်လို့လည်းခေါ်တယ်။ abrupt tone ပေါ့။ ဖြတ်တောက်တဲ့အသံပေါ့ကွယ်"

"ဟုတ်ကဲ့၊ မှတ်ထားပါ့မယ်"

"တက်ကျသံတွေကို နံပါတ်တပ်ပြီး tone I၊ tone II၊ tone III၊ tone IV လို့ခေါ်တာလည်း ရှိတယ်။ အမေရိကန်

**"ကကာကား၊ ကိကီကီး၊ ကုကူကူး အထိတော့ အသံအစီအစဉ်က တူပါတယ်။ ဒီအသံအစီအစဉ်အတိုင်းဆိုရင် 'ကေ့ကေကေး၊ ကဲ့ကယ်ကဲ၊ ကော့ကော်ကော၊ ကို့ကိုကိုး' လို့ဆိုရမှာပေါ့"**

**"ဟုတ်တယ်လေ"**

**"ဒါပေမယ့် ကုကူကူးပြီးရင် ကေကေ့ကေး၊ ကဲကဲ့၊ ကော ကော့ကော်လို့ကလေးတွေ ဆိုနေကြတာ ကြားရလို့ပါဆရာ"**

**"ဟုတ်ပါပြီ။ ပထမအစီအစဉ်က တက်ကျသံစဉ်အတိုင်း၊ အနိမ့်သက်သံ သံပြေ၊ အမြင့်သက်သံဆိုတဲ့ အစီအစဉ်နဲ့ဆိုတာလေ။ ဒါကြောင့် ကေ့ကေကေးလို့ဆိုတာပေါ့။ 'ကုကူကူး' နဲ့ 'ကေ့ကေကေး' က တက်ကျသံအစီအစဉ်အတူတူပဲ မဟုတ်လား"**

ဘာသာဗေဒပညာရှင် ဒေါက်တာကော်နန် Dr.w.Coruyn နဲ့ ဒေါက်တာ မက်ဒေးဗစ် Dr.R.Mc David တို့ရဲ့ မြန်မာဘာသာစကားစာတမ်းတွေမှာ အဲဒီခွဲပုံကို တွေ့နိုင်တယ်။ အချုပ်ပြောရရင် အပေါ်ကအစဉ်အတိုင်းပါပဲ။ သံပြေကို တက်ကျသံ ၁၊ သံလေးကို တက်ကျသံ ၂၊ အစ်သံကို တက်ကျသံ ၃၊ ရပ်သံကို တက်ကျသံ ၄ လို့ခေါ်တာပါ"

"ဒီအစဉ်အတိုင်း မှတ်နိုင်တာပေါ့နော်ဆရာ"

"ဟုတ်ပါတယ်။ နောက်တစ်သံထည့်ပြောတာရှိသေးတယ်"

"ဟင်....ဘာအသံပါလဲဆရာ"

"တက်ကျသံလေးသံပြည့်ပြီမဟုတ်လားဆရာ"

"ဟုတ်ပါတယ်။ ဒါပေမယ့် တချို့ပညာရှင်တွေက မတြာဝက်အသံကို တက်ကျသံမဲ့ toneless ဆိုပြီးထည့်ပြောကြတယ်။ /အတက်/မှာပါတဲ့ /အ/ဆိုတဲ့ တစ်ဝက်သံမျိုးပေါ့။ ဗျည်းနဲ့တွဲရင် /ကယား/ဆိုတဲ့စကားမှာပါတဲ့ /က/အသံမျိုးပေါ့။ အဲဒီအသံကို neutral tone ကြား တက်ကျသံလို့လည်း ခေါ်တယ်။ တချို့ကတော့ tone V တက်ကျသံ ၅ လို့ခေါ်ကြတယ်"

"တက်ကျသံမှမဟုတ်ဘဲ နော်ဆရာ"

"ဒါပေမယ့် သဘောအရ တက်ကျသံရှိမရှိဆိုပြီး ထည့်ပြောတာပေါ့ကွယ်။ ပြောရဦးမယ်။ မြန်မာပညာရှင်ဝဇီရဗုဒ္ဓိဦးဖိုးစိန်ကလည်း အဲဒီအသံကိုနာမည် ပေးထားတယ်။ 'ဖော့သံ'တဲ့။ ဖော့ပြီးဆိုရတဲ့အသံပေါ့ကွယ်။ 'သံဖော့'လို့လည်း သုံးတဲ့ အခါသုံးတယ်"

"ဟုတ်ကဲ့ဆရာ"

"ဒါပေမယ့် မတြာဝက်အသံဟာ အသံပြည့်ရွတ်ဆိုရတဲ့ အသံတစ်ခုခုကနေပြီး ပြောင်းလာဖို့ များတာမို့ အဲဒီအသံကို တက်ကျသံတစ်ခုအဖြစ် မယူဆတဲ့ပညာရှင် တွေများတယ်။ အသံတစ်ဝက်ပဲရှိတာမို့ တက်ကျသံလက္ခဏာလည်း မထင်ရှားဘူးပေါ့"

"ဟုတ်ကဲ့ပါ။ /သခိုး/ဆိုတဲ့စကားဟာ /သူခိုး/ကနေ ပြောင်းလာတာမို့ /သ/ဟာ တက်ကျသံမထင်ရှားတော့ဘူး လို့ထင်ပါတယ်ဆရာ"

"ဟုတ်ပါတယ်။ အဲဒီသဘောပါပဲ"

"တက်ကျသံသုံးမျိုး အယူအဆနဲ့ တက်ကျသံလေးမျိုး အယူအဆ ဘာကြောင့်ကွဲပြားရတယ်ဆိုတာလည်း သိချင်ပါတယ်ဆရာ"

"တက်ကျသံသုံးမျိုးအယူအဆအရ ရပ်သံကို အနိမ့်သက်သံနဲ့အမျိုးအစားအတူတူပဲလို့ ယူဆတယ်။ ရပ်သံကို တက်ကျသံလက္ခဏာအဖြစ် မယူဆဘူးလေ။ ဒါပေမယ့် ရပ်သံကို ဗျည်းအဖြစ်ယူဆရင်တော့ မြန်မာစကားသံတွေဖွဲ့ရာမှာ အဆုံးဗျည်းသံရှိတယ်ဆိုတဲ့ အယူအဆကိုပါ လက်ခံရာရောက်တာပေါ့"

"ဟုတ်ကဲ့ပါ။ ရပ်သံသရလို့ယူဆရင်တော့ ရပ်သံဟာ သရရဲ့လက္ခဏာတစ်ခုဖြစ်တယ် လို့ဆိုရာ ရောက်တာပေါ့နော်"

"အေးပေါ့။ တက်ကျသံသုံးမျိုးအယူအဆအရတော့ ရပ်သံဟာတက်ကျသံ လက္ခဏာမဟုတ်တော့ဘူးလေ။ နောက်ဆက်ပြောမယ့် စကားသံဖွဲ့ပုံစနစ်အကြောင်းကျရင် ပိုရှင်းသွားပါလိမ့်မယ်"

"ဒါဆို တက်ကျသံသုံးမျိုးအယူအဆက ထုံးတမ်းစဉ်လာ အယူအဆနဲ့ ပိုနီးစပ်တယ်လို့ဆိုရမလားဆရာ"

"ဆိုနိုင်ပါတယ်။ ဆရာတို့က တက်ကျသံသုံးမျိုးခွဲပြီး ဆိုတဲ့အလေ့ကို ကျောင်းစနေကတည်းက ရခဲ့တာမဟုတ်လား"

"တစ်ခုမေးချင်ပါသေးတယ်ဆရာ။ တက်ကျသံသုံးမျိုးကို ရွတ်ဆိုတဲ့အစီအစဉ်နှစ်မျိုးရှိတယ်ထင်လို့ပါ။ အဲဒါဟုတ်ပါသလား"

"ဘယ်လိုနှစ်မျိုးရှိတာလဲ။ သာဓကလေးနဲ့ပြောပါလား"

"ကကာကား၊ ကိကီကီး၊ ကုကူကူး အထိတော့ အသံအစီအစဉ်က တူပါတယ်။ ဒီအသံအစီအစဉ်အတိုင်းဆိုရင် 'ကေ့ကေကေး၊ ကဲ့ကယ်ကဲ၊ ကော့ကော်ကော၊ ကို့ကိုကိုး' လို့ဆိုရမှာပေါ့"

"ဟုတ်တယ်လေ"

"ဒါပေမယ့် ကုကူကူးပြီးရင် ကေကေ့ကေး၊ ကဲကဲ့၊ ကော ကော့ကော်လို့ကလေးတွေ ဆိုနေကြတာ ကြားရလို့ပါ ဆရာ"

"ဟုတ်ပါပြီ။ ပထမအစီအစဉ်က တက်ကျသံစဉ် အတိုင်း၊ အနိမ့်သက်သံ သံပြေ၊ အမြင့်သက်သံဆိုတဲ့ အစီအစဉ်နဲ့ဆိုတာလေ။ ဒါကြောင့် ကေ့ကေကေးလို့ဆိုတာလေ။ 'ကုကူကူး' နဲ့ 'ကေ့ကေကေး' က တက်ကျသံအစီအစဉ်အတူတူပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

" 'ကေ့ကေကေး' လို့ မဆိုဘဲ 'ကေကေ့ကေး' လို့ဆိုတာက အသံကိုမူတည်ပြီး ဆိုတာမဟုတ်ဘဲ စာအရေးကိုမူတည်ပြီးဆိုတာလေ။ 'ကေကေ့ကေး' မှာ ဘယ်စာလုံးကို အရင်ရေးရသလဲ"

"ကေကိုအရင်ရေးရပါတယ်ဆရာ၊ ကေကိုအောက်မြစ်ထည့်မှ ကေ့ဖြစ်ပါတယ်။ ဝစ္စပေါက် ထည့်မှ ကေးဖြစ်ပါတယ်"

"ဒါဆိုရင် အဖြေရပြီလေ။ အရင်ရေးတဲ့ကေက ရှေ့မှာနေမယ်။ နောက်ထပ်ဖြည့်ရေးရတဲ့ ကေ့ကသူ့နောက်ကနေမယ်။ ဒါထက်ပိုပြီးဖြည့်ရတဲ့ ကေးကနောက်ဆုံးမှာနေမယ်။ ကျန်တဲ့ စာလုံးတွေလည်း အဲဒီသဘောပါပဲ။ အသံကိုမူတည်တဲ့စနစ်နဲ့ အရေးကိုမူတည်တဲ့စနစ်ကွာတဲ့ သဘောပါ"

"နားလည်ပါပြီဆရာ"

"ထင်ရှားတဲ့သာဓကတစ်ခုပြဦးမယ်။ အသံကိုမူတည်ရင် 'ကဲ့ကယ်ကဲ' လို့ရေးပေမယ့် အရေးကိုမူတည်တော့ ကဲကဲ့လို့ နှစ်လုံးတည်းဖြစ်နေတယ်မဟုတ်လား။ 'ကယ်'ကို ဘာဖြစ်လို့ မထည့်တာပါလိမ့်"

"ဟုတ်ကဲ့... 'ကယ်' က 'ကယ်' ဟာ... ကျွန်တော် သိပြီ။ ကယ်ကစာအရေးအနေနဲ့ ယသတ်တာမို့ အသတ် ကျမှပါမှာပါ။ ဒါကြောင့် ဒီနေရာမှာ မထည့်တာပါ။

ဟုတ်ပါပြီ။ ဒါက တက်ကျသံနဲ့ဆက်စပ်နေတဲ့ပြဿနာတစ်ခုပါ။ တက်ကျသံအစီအစဉ်နဲ့ ရေးရင်တော့ အသံစဉ်ညီညွတ်တာပေါ့။ အရေးအစဉ်အနေနဲ့ကျတော့ အသံအစဉ်နဲ့ကွဲလွဲမှု တွေ့ရှိနိုင်တာပေါ့ကွယ်။ ကဲ...တက်ကျသံအကြောင်း ဒီလောက်ဆိုတော်လောက်ပါပြီ "

"ကျေးဇူးတင်ပါတယ်ဆရာ"

# အကျက်လွန် အစားအသောက်တွေထဲက ထွက်လာတဲ့အန္တရာယ်

**ကလျာမိုးမြင့်**

အကျက်လွန်နေတဲ့ပေါင်မုန့်မီးကင်တွေနဲ့ အာလူးကြော်တွေဟာ ကင်ဆာဖြစ်ပွားစေနိုင်တဲ့အလားအလာအတော်လေးများတယ်လို့ အစားအစာတွေကို သုတေသနပြုနေကြတဲ့ကျွမ်းကျင်သူပညာရှင်တွေက ပိုမိုသတိပေးပြောဆိုလာကြပါတယ်။ သတိပေးတားမြစ်မှုတွေ လုပ်ဆောင်နေသော်လည်းပဲ သတိထားလိုက်နာမှုမရှိဘဲ အကျက်လွန်နေတဲ့အစားအစာတွေကို မကြာခဏစားသုံးမိသူတွေ ဒုနဲ့ဒေးရှိနေတုန်းပါပဲ။

ပေါင်မုန့်မီးကင်ပြုလုပ်တဲ့အခါ အာလူးနဲ့အခြားသောအကြွပ်ကြော်တွေ ကြော်လှော်တဲ့အခါ ရွှေဝါရောင်သန်းလာတဲ့အထိသာ ကြော်လှော်ရမှာဖြစ်ပြီး ညိုမည်းသွားပြီဆိုရင်တော့ ဒါဟာအကျက်လွန်အစားအစာဖြစ်သွားပါပြီ။ အကျက်လွန်သွားတဲ့ အစားအသောက်ကနေ ထွက်လာတဲ့ဓာတုပစ္စည်းဟာ ကင်ဆာဖြစ်ပွားစေနိုင်တယ်လို့ ကျွမ်းကျင်ပညာရှင်တွေက အမြဲလိုလိုသတိပေးခဲ့ပါတယ်။

ကစီဓာတ်ပါတဲ့အစားအစာတွေကို မီးကင်တဲ့အခါ၊ ကြော်တဲ့အခါ၊ ဒါမှမဟုတ် အပူပေးတဲ့အခါ အပူရှိန်ပြင်းပြင်းနဲ့ အချိန်ကြာကြာကြော် လှော်ချက်ပြုတ်လိုက်မယ်ဆိုရင် အကျက်လွန်သွားတဲ့အစားအသောက်ကနေ Acrylamide ဓာတ်ပစ္စည်းကို ထုတ်လုပ်ပါတယ်။ အစားအသောက်စံနှုန်းမြှင့်တင်ရေးအေဂျင်စီ (FSA) က ချက်ပြုတ်ရာမှာ လမ်းညွှန်ထားတဲ့ မှာကြားချက်တွေကို ကောင်းစွာလိုက်နာကြဖို့နဲ့ ညိုမည်းပြီးတူးသွားတဲ့အထိ ကြော်လှော်တာမျိုးကို ရှောင်ရှားဖို့ သတိပေးတားမြစ်ထားပါတယ်။ ဒါပေမယ့် ကင်ဆာဖြစ်ပွားမှုကိုလေ့လာနေတဲ့ဗြိတိန်က သုတေသနပညာရှင်တွေကတော့လူတွေမှာဒီလိုဖြစ်ပွားတယ်ဆိုပြီး လုံးဝမှန်ကန်ကြောင်းပြသနိုင်တဲ့ အထောက်အထား ပြသနိုင်ခြင်းမရှိသေးဘူးလို့ဆိုပါတယ်။

(FSA) ကသတိပေးထားတဲ့အချက်တွေထဲမှာ အာလူးနဲ့ မုန်လာဥဝါတွေကို ရေခဲသေတ္တာထဲမှာထည့်ထားပြီး မလုပ်သင့်ဘူးလို့လည်း ဖော်ပြထားပါတယ်။ နိမ့်တဲ့အပူချိန်မှာအသီးအရွက်တွေထဲမှာရှိတဲ့ သကြားဓာတ်ပမာဏဟာမြင့်လာပြီး အဲဒီအသီးအရွက်တွေကိုချက်ပြုတ်လိုက်တဲ့အခါ Acrylamide ထုတ်လုပ်မှု ပမာဏကို ပိုမိုတိုးပွားလာစေပါတယ်။

Acrylamide ဓာတ်ပစ္စည်းဟာ အစားအသောက်မျိုးစုံထဲမှာရှိနေနိုင်ပြီး ချက်ပြုတ်မှုဖြစ်စဉ်အားဖြင့် သဘာဝအလျောက်ပေါ်ထွက်လာတာဖြစ်ပါတယ်။ အပူချိန် ၁၂၀ ဒီဂရီအထက်မှာချက်ပြုတ်ထားတဲ့ ကစီဓာတ်ပါဝင်မှုများတဲ့ အစားအသောက်များ ဥပမာအာလူးကြော်၊ ပေါင်မုန့်၊ ဂျုံနဲ့ပြုလုပ်ထားတဲ့ နံနက်ခင်းအစားအစာတွေ၊ ဘီစကစ်၊ ကိတ်မုန့်နဲ့ကော်ဖီတွေမှာ Acrylamide ပါဝင်မှုများတာကိုတွေ့ရပါတယ်။ ပေါင်မုန့်၊ ကိတ်မုန့်၊ အာလူးတွေ၊ ကန်စွန်းဥတွေကို အပူချိန်လွန်လွန်ကဲကဲထားပြီး မီးဖုတ်မယ်၊ ကင်မယ်ဆိုရင်လည်း ဒီဓာတ်ပစ္စည်းထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ မီးကင်ထားတဲ့ ပေါင်မုန့်အရောင်ပိုပြီး ညိုမည်းသွားလေလေ Acrylamide ပါဝင်မှုနှုန်းပိုများ လေလေပဲဆိုတာကို သတိပြုရမှာပါ။ မီးကင်နေတဲ့ဖြစ်စဉ်အတွင်းမှာ ပေါင်မုန့်အတွင်းမှာရှိနေတဲ့ သကြားဓာတ်၊ အမိုင်နိုအက်စစ်နဲ့ ရေဟာပေါင်းစပ်သွားပြီး ညိုမည်းတဲ့အရောင်နဲ့ Acrylamide ကို ဖြစ်ပေါ်စေပြီးမီးကင်လိုက်တဲ့ အစားအသောက် ရဲ့မွှေးပျံ့တဲ့အနံ့ကိုပါ တစ်ဆက်တည်းပေါ်ထွက်လာစေပါတယ်။ ဒီတော့ အစားအသောက်တွေကို မီးမတူးစေဘဲအပူချိန်ကိုသတိထားပြီး ချက်ပြုတ်ကြော်လှော်ခြင်းဖြင့်အန္တရာယ်ကို ကာကွယ်ကြရအောင်။

**(ဘီဘီစီ)**



မြန်မာ့ရိုးရာအားကစား

# မှေးမှိန်ပျောက်ကွယ်နီးပါးဖြစ်သော မြန်မာ့ရိုးရာအားကစားများ ပြန်လည်ဦးမော့လာရေး အမှန်တကယ်အဖြေရှာဖို့ လိုအပ်ပြီလား ----

ဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)၊ဓာတ်ပုံ- မင်းထက်

**အမျိုးသားရေးအစ အားကစားကဟု ဆိုရိုးစကားရှိခဲ့သည်။ ရှေးမြန်မာမင်းများအဆက်ဆက်ကပင် မြန်မာ့ရိုးရာအားကစားကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုခဲ့ကြသည်ကို ရှေးမှတ်တမ်းမှတ်ရာအထောက်အထားများက သက်သေထူနေသည်။ ယနေ့ခေတ်ကာလတွင် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံကြီးများတွင် ဆိုင်ရာရိုးရာအားကစားများကိုအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အပြိုင်ဖော်ထုတ်နေကြပြီး ထိုးဖောက်နေကြသည်။ အောင်မြင်မှုရသည်များရှိသလို ထိုးဖောက်နေဆဲ အားကစားနည်းများလည်း များစွာတွေ့မြင်နေရသည်။ ယင်းအထဲတွင် မြန်မာ့ရိုးရာအားကစားတစ်ရပ်ဖြစ်သည့် ရိုးရာလက်ဝှေ့အားကစားတစ်ရပ်လည်း ပါဝင်နေသည်။ သို့မို့ကြောင့် မြန်မာ့ရိုးရာအားကစားများကို သက်ဆိုင်ရာအဖွဲ့ချုပ်များအနေဖြင့် တကယ်ပဲဖော်ထုတ်ဖို့လုပ်နေပြီလား မေးမြန်းစရာဖြစ်လာသည်။ အဖြေရှာစရာဖြစ်လာသည်။ နိုင်ငံတကာကဲ့သို့ အမျိုးသားရေးတာဝန်တစ်အရပ်အဖြစ် အမှန်တကယ်ပဲဖော်ထုတ်ဖို့လိုအပ်နေတဲ့အချိန်ရောက်ပြီလား------။**

ထိုသို့ဖော်ရာတွင် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် အားလုံးပါဝင်ပူးပေါင်းဖို့လိုအပ်သလို ဘက်ပေါင်းစုံက ပူးပေါင်းပါဝင်မှသာ အောင်မြင်မှုရမည်ဖြစ်ပြီး အမျိုးသားရေးအသွင်ဆောင်သည့် မြန်မာ့ရိုးရာအားကစား ပြန်လည်ဦးမော့လာမည်ဖြစ်သည်။ မြန်မာ့ရိုးရာအားကစားများ ပြန်လည်ဦးမော့လာရေးဘယ်သူတွေမှာ တာဝန်ရှိသလဲ။ ဘယ်သူတွေနဲ့ သက်ဆိုင်သလဲ။ အမှန်တကယ်ပဲအားသွန်ခွန်စိုက်လုပ်နေပြီလား။ အပေါ်ယံနှမ်းဖြူးနေတာလား၊ ကိုယ်ကျိုးအတွက်ရှာဖွေနေကြတုန်းပဲလား စသည်ဖြင့် အမှန်တကယ် အဖြေရှာဖို့လိုအပ်နေသည့်အချိန်ဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်း၊ အဖွဲ့ချုပ်များအနေဖြင့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဘယ်လိုအဖြေရှာမလဲ။ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပူးပေါင်းလုပ်ဆောင်ဖို့ လိုအပ်လာသည်မှာ အမှန်ပင်။

"မြန်မာ့ရိုးရာအားကစားကကြာပါပြီ။ အရင်ကအဖွဲ့ချုပ်လည်းရှိခဲ့တယ်။ဒါပေမယ့် မဖော်ထုတ်နိုင်ခဲ့ဘဲ ခါးဆက်ပြတ်သွားခဲ့တယ်။ ကျွန်မတို့ မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ်အနေနဲ့က ၂၀၁၂ခုနှစ်မှ ဝန်ကြီးဌာနက တာဝန်ပေးတာနဲ့ ပြန်ဖွဲ့စည်းခဲ့တာ။ ရည်ရွယ်ချက်ကတော့ ရိုးရာအားကစားနည်းတွေ ပြန်ပြီးဖော်ထုတ်ဖို့ပေါ့။ ဒါပေမယ့် ပြန်ပြီးဖော်ထုတ်ဖို့နဲ့ ထိုး ဖောက်ဖို့ဆိုတာ အဖွဲ့ချုပ်တစ်ခုတည်းနဲ့ ဘယ်လိုမှမရဘူး။ ပြည်သူတွေ၊ လုပ်ငန်းရှင်တွေ အားလုံးက အမျိုးသားစိတ်ဓာတ်နဲ့ ပူးပေါင်းပါဝင်မှ အဆင်ပြေမှာ"ဟု မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဒေါ်ဥမ္မာသန်းက ပြောသည်။

ယခုအခါ မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ်အောက်တွင် စွန်အလုနှင့် စွန်ဖြတ်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲတို့ရှိသည်။ သို့သော်လည်း နိုင်ငံတစ်ဝန်းအားသွန်ခွန်စိုက် မကျင်းပနိုင်ခဲ့သည်မှာ ကြာပြီဖြစ်သည်။ ထို့ပြင် မြန်မာ့စစ်တုရင်ပြိုင်ပွဲ၊ ချောတိုင်တက်၊ ခေါင်းအုံးရိုက်နှင့် အခြားအားကစားပြိုင်ပွဲများကို လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အာဇာနည်နေ့အပါအဝင် အခါကြီး၊ ရက်ကြီးများတွင် ဒေသအလိုက် နိုင်ငံတစ်ဝန်း ကျင်းပနိုင်ခဲ့သော်လည်း စည်းစနစ်တကျ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ကိုင်တွယ်ကျင်းပနိုင်ခဲ့ခြင်းမရှိသည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

ရိုးရာအားကစားအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဒေါ်ဥမ္မာသန်းက "နှစ်စဉ် မတ်လနဲ့ဧပြီလမှာ စွန်အလုနှင့် စွန်ဖြတ်ပြိုင်ပွဲတွေကို အဖွဲ့ချုပ်အနေနဲ့ ကျင်းပပေးနေပါတယ်။ တစ်ဦးချင်းရော၊ အဖွဲ့လိုက်ပြိုင်ပွဲရော၊ စွန်အလုပြိုင်ပွဲကတော့တစ်ဦးချင်းပေါ့။ အသင်းလိုက်၊ အဖွဲ့လိုက်ကတော့ စွန်ဖြတ်ပြိုင်ပွဲရှိတယ်။ ကျွန်မတို့အဖွဲ့ချုပ်အနေနဲ့ အခုလာမယ့် အကြိမ်ဆိုရင် (၁၃) ကြိမ်မြောက်ရှိပြီ။လွန်ဆွဲပြိုင်ပွဲကတော့ ပြည်နယ်နဲ့တိုင်းဒေသကြီးပြိုင်ပွဲအဖြစ် တစ်ကြိမ်ပဲကျင်းပနိုင်ခဲ့သေးတယ်။ အဲဒီတစ်ကြိမ်ကလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန(အား/ကာ) က ဦးစီးပြီးတော့ လွပ်လပ်ရေးနေ့မှာ ကျင်းပခဲ့တာ။ ကျွန်မတို့အဖွဲ့ချုပ်အနေနဲ့ကတော့ ဒိုင်အပါအဝင် ၁၀ ဦးလောက်နဲ့ အဖွဲ့ချုပ်က တာဝန်ရှိသူတွေ သွားပြီးတော့ ကူညီခဲ့တယ်။ ထုပ်ဆီးတိုး ပြိုင်ပွဲကိုလည်း ကျောင်းပေါင်းစုံပြိုင်ပွဲအဖြစ်ပဲ ကျင်းပနိုင်ခဲ့ပါတယ်။ အခုတော့ ထုပ်ဆီးတိုးပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီးတော့ ရိုးရာအားကစားကို ဖော်ထုတ်တဲ့အနေနဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေ လုပ်နေပါတယ်။ လွန်ဆွဲပြိုင်ပွဲအပါအဝင် ရိုးရာအားကစားအားလုံးကိုပေါ့"ဟု ပြောသည်။



ကျောင်းသား ကျောင်းသူများ ရိုးရာထုပ်ဆီးတိုးပြိုင်ပွဲကျင်းပနေစဉ်

မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်အနေဖြင့် ယခုအခါ စွန်အလုနှင့် စွန်ဖြတ်ပြိုင်ပွဲများကို ရန်ကုန်မြို့ အားကစားနှင့် ကာယသိပ္ပံ(ကျိုက္ကဆံ)ကွင်း၌ နှစ်စဉ်ကျင်းပလျက်ရှိသည်။ ယခုနှစ်ဧပြီလဆန်းပိုင်းတွင်လည်း (၁၃) ကြိမ်မြောက် စွန်အလုနှင့် စွန်ဖြတ်ပြိုင်ပွဲများကို ကျင်းပနိုင်ရန် စီစဉ်လျက်ရှိသည်။ စွန် အလုနှင့် စွန်ဖြတ်ပြိုင်ပွဲများကို ယခင်နှစ်များက နှစ်စဉ်ပြိုင်ပွဲဦးရေ ရာကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အသင်းပေါင်း ၁၅ သင်း ယှဉ်ပြိုင်ခဲ့သော်လည်း စွန်အလုပြိုင်ပွဲတွင် ပညာရှင်မျိုးဆက်သစ်များထွက်ပေါ်လာမှုမှာ အားနည်းလျက်ရှိသည်။ ထို့အပြင် ရန်ကုန်မြို့မှ ပြိုင်ပွဲဝင်များသာ အများစုလာရောက်ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ နယ်မြို့များမှ ဝင်ရောက်ယှဉ်ပြိုင်မှုမရှိသေးသည်ကိုလည်း အဖွဲ့ချုပ်မှ သိရသည်။ မြန်မာ့ရိုးရာအားကစားများဖြစ်သည့် လက်ဝှေ့၊ ခြင်းလုံး၊ သိုင်း၊ စစ်တုရင်၊ ချောတိုင်တက်၊ ခေါင်းအုံးရိုက် စသည်ဖြင့် ရှေးယခင်အဆက်ဆက်မှ ကစားနည်းအမျိုးမျိုးရှိခဲ့သော်လည်း တချို့အားကစားနည်းများသည် အဖွဲ့ချုပ်အလိုက် ရပ်တည်လျက်ရှိပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ရိုးရာအားကစားအဖွဲ့ချုပ်အောက်တွင် နည်းစနစ်ပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့်အညီ သတ်မှတ်ထားသည့် စွန်အလုနှင့် စွန်လွှတ်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲ အားကစားနည်းသုံးမျိုးသာရှိပြီး ကျန်အားကစားနည်းများမှာ ထည့်သွင်းထားခြင်း မရှိသေးသည်ကို တွေ့ရသည်။ တခြားအားကစားနည်းများသည် နယ်မြေအလိုက် ပြိုင်ပွဲများကျင်းပနေသော်လည်း စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာသတ်မှတ်ထားမှုမှာမရှိသေးပေ။

"ရိုးရာအားကစားကို ဖော်ထုတ်တဲ့နေရာမှာ အခြေခံကျောင်းတွေက ပြန်ပြီးဖော်ထုတ်မှ အဆင်ပြေမယ်လို့မြင်တယ်။ ကျောင်းတွေကနေ ရိုးရာအားကစားကိုသိထားမှ ရိုးရာအားကစားရေရှည်တည်တံ့နိုင်မှာ ဖြစ်တယ်။ ရိုးရာအားကစားထဲမှာ ပျောက်လုနည်းပါးဖြစ်သွားတာဆို စစ်တုရင်ပေါ့။ စစ်တုရင်က အရင်ပြိုင်ပွဲတွေလုပ်ဖြစ်တယ်။ ဂျပန်နိုင်ငံကဆို ဒီမြန်မာ့ရိုးရာစစ်တုရင်ကို တော်တော်လေးစိတ်ဝင်စားခဲ့တာ။ ဒါပေမယ့် ပြန်လည်ဖော်ထုတ်နိုင်မှု မလုပ်နိုင်ခဲ့ဘူး။ ခုဆိုရင်မြန်မာ့အားကစားလောကမှာ ဒုတိယလိုက်ပါ တယ်ဆိုတဲ့ ရိုးရာလက်ဝှေ့တောင်မှဘောလုံးလောက်မဟုတ်ဘူး။ခုနောက်ပိုင်း ပြန်ပြီးနည်းနည်းဦးမော့လာတာ။ ဒါပေမယ့် ရိုးရာအားကစားဆိုတာ လူစိတ်မဝင်စားပေမယ့်လည်း ရိုးရာကတော့ ပျောက်သွားလို့မဖြစ်ဘူး။ ရိုးရာပျောက်ရင် လူမျိုးပါပျောက်သွားနိုင်တယ်။ ဒါမျိုးဆိုတာ တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့ချုပ်တစ်ခုတည်းက စိတ်အားထက်သန်နေလို့လည်း မဖြစ်ဘူး။ ပြည်သူလူထုကရော၊ အားကစားဝန်ကြီးဌာနကရော၊ လုပ်ငန်းရှင်တွေကပါ အဘက်ဘက်ကနေ အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်မှ အောင်မြင်မှာ။ စည်းလုံးညီညွတ်မှုကိုအခြေခံတဲ့ ကစားနည်းလေးတွေဖြစ်တာကြောင့် ဖွံ့ဖြိုးတိုးတက်စေချင်တယ်"ဟု အားကစား ဝါသနာရှင် ဦးစောသီဟက ပြောသည်။

ယခုအခါ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင် မြန်မာ့ရိုးရာအားကစားနည်းတစ်မျိုးဖြစ်သည့် ထုပ်ဆီးတိုးပြိုင်ပွဲနှင့် ဆင်တူယိုးမှားတူသည့် အားကစားနည်းကို အားကစား ပြိုင်ပွဲတစ်ရပ်အသွင်ဖြင့် ကမ္ဘာ့နိုင်ငံများသို့ ထိုးဖောက်နေပြီဖြစ်သည်။ အိမ်နီးချင်းထိုင်းနိုင်ငံသည် မြန်မာ့ရိုးရာလက်ဝှေ့နှင့်ဆင်တူသည့် မွေထိုင်းကိုလည်းကမ္ဘာ့နိုင်ငံများသို့ ထိုးဖောက်နိုင်ခဲ့ပြီး ယခုအခါ အောင်မြင်မှုရရှိနေပြီဖြစ်သည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် ရိုးရာအားကစားအနေဖြင့် ခြင်းလုံးသာဆီးဂိမ်းပြိုင်ပွဲတွင် နိုင်ငံတကာနည်းစနစ်နှင့်အညီ ထိုးဖောက်နိုင်ခဲ့ပြီး ကျန်ရိုးရာအားကစားနည်းများမှာ ပြည်တွင်းပြိုင်ပွဲများပင် ရှန်းကန်ဆဲဖြစ်၍ မှေးမှိန်ပျောက်ကွယ်နီးပါးဖြစ်သော မြန်မာ့ရိုးရာအားကစားများ ပြန်လည်ဦးမော့လာရေး အမှန်တကယ် အဖြေရှာဖို့ လိုအပ်လာပြီဖြစ်ပါကြောင်း ------- ။ ။



ပြီးခဲ့သောနှစ် စွန်အလုပြိုင်ပွဲတွင် ဆုရခဲ့သော စွန်ကို တွေ့ရစဉ်

**မြန်မာ့ရိုးရာအားကစားများ ပြန်လည်ဦးမော့လာရေး ဘယ်သူတွေမှာ တာဝန်ရှိသလဲ။ ဘယ်သူတွေနဲ့ သက်ဆိုင်သလဲ။ အမှန်တကယ်ပဲ အားသွန်ခွန်စိုက်လုပ်နေပြီလား။ အပေါ်ယံနှမ်းဖြူးနေတာလား၊ ကိုယ်ကျိုးအတွက် ရှာဖွေနေကြတုန်းပဲလား**

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ်တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# လုပ်ငန်းကျွမ်းကျင်မှုနှင့်အတူ လုပ်ငန်းခွင်လိုက်လျောညီထွေရှိခြင်းကလည်း အောင်မြင်မှုများ ရရှိလာနိုင်

**တွေ့ဆုံမေးမြန်း- ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး**




"ခွင့်ရက်ရှည်ယူထားပြီး ပထမဆုံး ရုံးပြန်တက်တဲ့အခါ ကိုယ့်ကိုယ်ကိုယ် စိုးရိမ်ပူပန်မှု အနည်းနဲ့အများ ရှိနိုင်ပါတယ်။ ရုံးနဲ့အဆက်အသွယ်ပြတ်နေသလိုဖြစ်တဲ့အတွက် ပုံမှန်တာဝန်ယူနေကျ အလုပ်တွေကို အခြားသူတစ်ဦးကို လွှဲပြောင်းထားရတာ၊ လုပ်ငန်းခွင်မိတ်ဆွေသူငယ်ချင်းတွေနဲ့ ဝေးကွာထားတာတွေဟာ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်တဲ့အခါ မပျော်ပိုက်မှုတွေဖြစ်စေတာမို့ ခွင့်ယူထားပေမယ့် ရုံးနဲ့အဆက်အသွယ်မပြတ်အောင်နေခဲ့တယ်"ဟု တယ်လီနော မြန်မာတွင် အလုပ်လုပ်ကိုင်နေသည့် မန်နေဂျာ အမျိုးသမီးတစ်ဦးက ပြောသည်။

ဝန်ထမ်းများနှင့် အလုပ်ရှင်အများစုသည် လုပ်ငန်းကျွမ်းကျင်မှုကိုသာ အာရုံစိုက်လာကြသည်ကို တွေ့ရပြီး လက်တွေ့တွင် လုပ်ငန်းကျွမ်းကျင်မှုနှင့်အတူ အရေးကြီးသည့်အခန်းကဏ္ဍတွင် လုပ်ငန်းခွင်သာယာပျော်ရွှင်ရေးနှင့် လိုက်လျောညီထွေရှိရေး၊ အချင်းချင်း ချစ်ခင်ရင်းနှီးစွာ စုစည်းလုပ်ဆောင်တတ်ခြင်းတို့လည်းပါဝင်ကြောင်း အဆိုပါအမျိုးသမီးက ပြောပြသည်။

**လုပ်ငန်းခွင်မှာမပျော်ကြသူများလျှင် လုပ်ငန်းအောင်မြင်မှုအားနည်းနိုင်**

နိုင်ငံတကာအလုပ်သမား အဖွဲ့အစည်း၏ လေ့လာချက်များအရ အမျိုးသမီးဝန်ထမ်းများသည် ပိုမိုများပြားပြီး စိတ်ခံစားမှုဦးစားပေးတတ်သူအများစုမှာလည်း လုပ်ငန်းခွင်အတွင်းမှ အမျိုးသမီးများဖြစ်ကြောင်း သိရသည်။ လုပ်ငန်းခွင်ကျွမ်းကျင်ကြသော်လည်း လိုက်လျောညီထွေမရှိခြင်း၊ လုပ်ငန်းခွင်အတွင်း ပျော်ပိုက်မှုမရှိခြင်းတို့ကြောင့် နေ့စဉ်လုပ်ငန်းခွင်ဘဝတွင် အခက်အခဲများကြုံတွေ့တတ်ကြောင်း သိရသည်။

"လုပ်ငန်းခွင်ဆိုတာ ဖိနှိပ်မှုတွေရှိတတ်ပါတယ်။ ဒါတွေက စီမံခန့်ခွဲသူတွေက ပေးတဲ့ဖိအားတွေရှိသလို လုပ်ငန်းမကျွမ်းကျင်မှုတွေကြောင့်လည်း ဖိအားတွေရလာတတ်တယ်။ မြန်မာနိုင်ငံမှာရော၊ အခြားနိုင်ငံ တော်တော်များများမှာပါ လုပ်ငန်းခွင် ပျော်ရွှင်မှု၊ လုပ်ငန်းခွင်အေးချမ်းသာယာမှု အားနည်းနေသေးတာကို တွေ့ရတယ်။ ဒါတွေကို မြှင့်တင်ပေးရမှာ အလုပ်ရှင်တွေရဲ့ တာဝန်ဖြစ်ပါတယ်။ ဒါပေမယ့် အလုပ်သမားတွေဘက်ကလည်း အခွင့်အရေးကိုသာ ကြည့်လို့မရပါဘူး။ အလုပ်ရှင်ရဲ့ တတ်နိုင်တဲ့ စွမ်းအား၊ မိမိရဲ့အရည်အချင်းနဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့အခြေအနေတွေကို သိရှိထားဖို့ လိုပါတယ်"ဟု ILO Myanmar မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

> **"လုပ်ငန်းခွင်ဆိုတာ ဖိနှိပ်မှုတွေရှိတတ်ပါတယ်။ ဒါတွေက စီမံခန့်ခွဲသူတွေက ပေးတဲ့ ဖိအားတွေရှိသလို လုပ်ငန်းမကျွမ်းကျင်မှုတွေကြောင့်လည်း ဖိအားတွေရလာတတ်တယ်။ မြန်မာနိုင်ငံမှာရော၊ အခြားနိုင်ငံတော်တော်များများမှာပါ လုပ်ငန်းခွင်ပျော်ရွှင်မှု၊ လုပ်ငန်းခွင်အေးချမ်းသာယာမှု အားနည်းနေသေးတာကို တွေ့ရ**

**ဝန်ထမ်းများကို စိတ်ဓာတ်ခွန်အားပေးရန်လို**

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီးနောက် ရင်းနှီးမြှုပ်နှံသူများက အလုပ်အကိုင်များ ခန့်အပ်ပေးကြရာတွင် လုပ်ငန်းခွင်သာယာပျော်ရွှင်ရေးအတွက် ပိုမိုအချိန်ပေးလုပ်ဆောင်နေကြသည်ကို မြင်တွေ့ရသော်လည်း ဝန်ထမ်းများ၏ စိတ်ဓာတ်ရေးရာမြင့်မားရေး၊ အချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို လေ့ကျင့်ပေးမှု အားနည်းနေသေးသည်ဟု အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတစ်ခုမှ မန်နေဂျာ ဦးနေမျိုးသူရိန်က ပြောပြသည်။

အကယ်၍ အလုပ်လုပ်ချင်စိတ်၊ အလုပ်ကို မြတ်နိုးတွယ်တာသည့်စိတ် မရှိတော့ခြင်း၊ အလုပ်စဝင်ဝင်ချင်းက ကဲ့သို့ စိတ်မျိုးမရှိတော့ဘဲ အလုပ်ဆင်းချိန်ကိုသာမျှော်လင့်နေသည့်စိတ်များ ဝင်ရောက်လာခြင်းသည် ယင်းအလုပ်ကို ဆက်လက်လုပ်ကိုင်ရန် မသင့်တော့ခြင်းပင်ဖြစ်သည်ဟု အလုပ်အကိုင်အခွင့်အလမ်းစောင့်ကြည့်လေ့လာသူ Jason Rogers ထံမှ သိရသည်။

ထို့အပြင် စက်ရုံအလုပ်ရုံများတွင် သတ်မှတ်ထားသည့် အချိန်အတွင်း ပြီးစီးရန်အတွက် အချိန်ပို အလုပ်လုပ်ရခြင်းများသည် လူမှုရေး၊ မိသားစုအရေး ပျက်ကွက်မှုများ ရှိလာတတ်ပြီး စိတ်အခန့်မသင့်ဖြစ်မှုနှင့် လုပ်ငန်းခွင်အတွင်း ပူးပေါင်းဆောင်ရွက်နိုင်မှုစွမ်းအင်ကို လျော့ကျတတ်ကြောင်း ၎င်းက ပြောပြသည်။

"လုပ်ငန်းခွင်ထဲမှာ လူတွေအများကြီး ပါဝင်တယ်။ နောက်ခံအကြောင်းအရာတွေကလည်း မတူတော့ သူတို့စိတ်ခံစားမှုတွေအားလုံးကိုမသိနိုင်ဘူး။ ဒါပေမယ့် သိအောင်စုံစမ်းအဖြေရှာပြီး မိသားစုလုပ်ငန်းသဖွယ် ကူညီပေးဖို့က စီမံခန့်ခွဲသူတွေမှာ တာဝန်ရှိပါတယ်။ အလုပ်သမားတွေအတွက် မွေးနေ့ပွဲ လုပ်ပေးတာ၊ မိသားစုကိစ္စ သာရေးနာရေးကို စုစုစည်းစည်းနဲ့ အကူအညီပေးတာ၊ စုပေါင်းပြီး အလှူဒါနတွေ၊ ပျော်ရွှင်ပွဲလေးတွေ လုပ်ပေးတာဟာ ဝန်ထမ်းတွေအတွက် အားဆေးတွေဖြစ်တာမို့ လုပ်ဆောင်သင့်တယ်။ ဝန်ထမ်းတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ အလုပ်ရည်မှန်းချက်တွေပြီးမြောက်ဖို့ စေတနာပါပါ လုပ်ဆောင်ရင် လုပ်ငန်းတိုင်း အောင်မြင်မှာ သေချာတယ်"ဟု Samsung မြန်မာမှ Managing Director ကိုဇာနည်က ပြောကြားသည်။

**လုပ်ငန်းခွင်မပျော်ပိုက်တော့တဲ့အခါ ဆန်းစစ်ပါ**

"လူ့စွမ်းအား အရင်းအမြစ်ဌာနမှာ တာဝန်ယူခဲ့တာ ၁၁ နှစ် ရှိပါပြီ။ ကျွန်မရဲ့အတွေ့အကြုံအရ အလုပ်ရဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကြောင့် အပြင် ဝန်ထမ်းရဲ့ခံယူချက်တွေ၊ ယူဆချက်တွေဟာ အဆိုးဘက်ကို ဦးတည်နေတာကိုလည်း မြင်တွေ့ရတယ်။ ဥပမာအားဖြင့် အလုပ်ရှင်က မျက်နှာလိုက်တယ်လို့ ယူဆတယ်။ တစ်ဖက်မှာလည်း အဲဒီလူလောက် ကိုယ့်မှာ လုပ်ငန်းကျွမ်းကျင်မှု အတတ်ပညာ၊ ပေါင်းသင်းဆက်ဆံရေး၊ ပညာအရည်အချင်း အားနည်းချက်တွေရှိတာကို မေ့ထားကြတယ်။ ကျွန်မက အလုပ်သမားအချင်းချင်း အဆင်မပြေတာဖြစ်ဖြစ်၊ အလုပ်ထွက်ဖို့ တောင်းဆိုတာဖြစ်ဖြစ် ကြုံလာရင် အဲဒီလူတွေကို မေးကြည့်တယ်။ အခြားအလုပ်နေရာတစ်ခုခုကို ချိတ်ဆက်ပြီးပြီလား၊ အခုလုပ်နေတဲ့ အလုပ်ဖိအားအပြင် အခြားကိုယ်ရေးကိုယ်တာကိစ္စတွေရှိနေလား၊ အခုလက်ရှိရာထူး၊ လစာ၊ အခွင့်အလမ်းတွေထက် ပိုပြီးမြင့်မားတဲ့နေရာ ရောက်မယ်လို့ ခံယူချက်အပြည့်ရှိလားဆိုတာ မေးကြည့်တော့ အများစုက လက်ရှိအလုပ်မှာ အဆင်မပြေကြပေမယ့် အလုပ်ပြောင်းဖို့အတွက် ယုံကြည်ချက် အားနည်းနေတာကို တွေ့ရတယ်"ဟု MPG Trading မှ HR မန်နေဂျာ မသန္တာလှိုင်က ပြောပြသည်။

လုပ်ငန်း၏ လျှို့ဝှက်ထားသင့်သည့် အရေးကြီး အချက်အလက်များကို မလျှို့ဝှက်တတ်ခြင်း၊ လုပ်ငန်းခွင်အတွင်း အတင်းအဖျင်းပြောဆိုခြင်း၊ လူမှုကွန်ရက်များကို အလွန်အကျွံသုံးစွဲခြင်း၊ အိမ်တွင်းပြဿနာများနှင့် လူမှုရေးပြဿနာများအား သယ်ဆောင်ခြင်း၊ တာဝန်ပေးအပ်ခံရတိုင်း ငြင်းဆိုခြင်း သို့မဟုတ် အခွင့်အရေးတောင်းဆိုခြင်း၊ လုပ်ငန်းခွင်အတွင်း လူမှုရေးရှုပ်ထွေးခြင်း၊ အလွန်အမင်း လွတ်လပ်စွာ နေထိုင်ခြင်း၊ ကြွားဝါပြောဆိုခြင်း၊ အရက်သေစာသောက်စားခြင်း၊ မဆိုင်သည့်ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဒေါသအလျောက် တုံ့ပြန်တတ်ခြင်း၊ နေမကောင်းစဉ်တွင် အလုပ်လုပ်ကိုင်ခြင်း၊ ဖုန်းပြောဆိုခြင်းနှင့် ဖုန်းသုံးအား လိုအပ်သည်ထက်ပိုကာ ကျယ်လောင်ခြင်း၊ လုပ်ငန်းငွေကြေးများကို အလွဲသုံးစားလုပ်တတ်ခြင်း၊ သူတစ်ပါး အလုပ်ကိစ္စများတွင် ထပ်ဆင့်တာဝန်ခံခြင်းတို့သည် လုပ်ငန်းခွင်လိုက်လျောညီထွေမှုကို အားနည်းစေကြောင်း အလုပ်သမားရေးရာအဖွဲ့ချုပ်က အလုပ်သမားတို့ လိုက်နာသင့်သည့် အချက်အလက်များအဖြစ် စုစည်းပေးထားသည်။

"လုပ်ငန်းခွင်အတွင်းမှာ ဘယ်ရာထူးနေရာကလူပဲဖြစ်ဖြစ် လူတစ်ဦးချင်းစီရဲ့ အားသာချက် အားနည်းချက်တွေကိုပါ သိရှိနိုင်အောင် ကြိုးစားပြီး ခေါင်းဆောင်မှုစွမ်းရည်ကို တိုးတက်အောင် မြှင့်တင်ထားသင့်ပါတယ်။ ဒါမှလည်း လုပ်ငန်းခွင်သဟဇာတဖြစ်အောင်နေနိုင်ပြီး အမြင့်ကိုတက်လှမ်းနိုင်မယ်"ဟု ILO Myanmar မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**အလုပ်ရှင်နှင့် အလုပ်သမား ပဋိပက္ခအဖြေရှာ**

အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှု ပြဿနာများကြောင့် လုပ်ငန်းခွင်ကုန်ထုတ်စွမ်း အားကျဆင်းခြင်း၊ စက်ရုံပြင်ပ ဆန္ဒပြမှုများကြောင့် လုပ်ခလစာဆုံးရှုံးခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ကျဆင်းလာစေနိုင်သည့်အပြင် လုပ်ငန်းခွင်အတွင်း သာယာအေးချမ်းမှု၊ လိုက်လျောညီထွေရှိမှုများလည်း ဆုံးရှုံးနိုင်ကြောင်း သိရသည်။

"ပြဿနာဖြစ်လာရင် အလုပ်ရှင်က အလုပ်ပိတ်လို့မရသလို အလုပ်သမားကလည်း လမ်းပေါ်ထွက်ချင်တိုင်း ထွက်လို့မရပါဘူး။ လူမှုရေးတရားမျှတမှုကို ဒီမိုကရေစီနည်းလမ်းတကျ တောင်းဆိုတတ်ဖို့ လိုအပ်ပါတယ်။ ဥပမာပြောရရင် စက်ရုံပြင်ပထွက်ရင် ဖြစ်လာနိုင်မယ့် ပြစ်ဒဏ်တွေ၊ ဥပဒေတွေ အကြောင်းကိုလည်း အလုပ်သမား

စာမျက်နှာ ၂၁ သို့

# အပြုံးပန်းများ ပွင့်လန်းခြင်းကို ထိန်းသိမ်းကာ တိုးတက်အောင်မြင်ခြင်းသို့ ချီတက်စို့

**သတင်းဆောင်းပါး-လေးဝတီထွန်းစောခိုင်၊ ဓာတ်ပုံ-ဓညစော**

မြူနှင်းမှုန်ဇာပဝါလွှမ်းခြုံထားသော ပြည်နယ်မြို့တော်စစ်တွေ၏ ဖေဖော်ဝါရီ ၇ ရက် နံနက်ခင်းသည်ကား မင်္ဂလာအပေါင်းနှင့်ပြည့်စုံနေသည်။ “ကျွဲချိုဖျားအေးတပို့တွဲ” ဟု တင်စားရသော ရာသီဆောင်းလတပို့တွဲလ၏ အအေးဒဏ်ကို အန်တုကာအပြုံးပန်း ကိုယ်စီနှင့် စုစုရုံးရုံးရောက်ရှိလာကြသော အရွယ်စုံ၊ အရောင်စုံ လူအများ၏ ဆိုက်ရောက်ရာ နေရာတစ်ခု။ ၎င်းသည်ကား စစ်တွေမြို့လမ်းမကြီးနှင့် ကျောင်းကြီးလမ်းထောင့်ရှိ ဘဝ ငါးခုကိုကျော်ဖြတ်ပြီး လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးခဲ့သော စစ်တွေမြို့ အထက (၁) ကျောင်းတော်ကြီးပင်ဖြစ်ပြီး စစ်တွေတက္ကသိုလ်မှ မူလပိုင်ရှင် အထက(၁) သို့ လွှဲအပ်မည်ဖြစ်ကြောင်း သိရသည်။

**အပြုံးပန်းများကိုယ်စီလွှဲအပ်ပြီ**

စစ်တွေတက္ကသိုလ်(ဟောင်း)အား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ စစ်တွေသို့ ပြန်လည်လွှဲပြောင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ




**စစ်တွေတက္ကသိုလ်(ဟောင်း)နှင့်ပတ်သက်သော အထောက်အထား စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်စဉ်**

ကျောင်းကြီး၏ သဇင်ခန်းမတွင်ပြုလုပ်ရာ ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ပြည်နယ်ဝန်ကြီးများ၊ စစ်တွေတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်မောင်ထွန်းနှင့် စစ်တွေတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထက(၁) စစ်တွေကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဦးနှင့် ဆရာ ဆရာမများ၊ အထက (၁) မှ အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းကြီးများနှင့် မြို့သူ မြို့သားများ တက်ရောက်ကြပြီး လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက အဖွင့်အမှာစကားပြောကြားပေးသည်။

ယင်းနောက် စစ်တွေတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်မောင်ထွန်းက ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းထံသို့ ကျောင်းဆောင်နှင့်ပတ်သက်သော အထောက်အထား စာရွက်စာတမ်းများကိုလွှဲအပ်ရာ တက်ရောက်လာကြသူများက လက်ခုပ်သြဘာပေးကြသည်။ ဆက်လက်၍ အငြိမ်းစား ကျောင်းအုပ်ကြီးများကိုယ်စား ဦးစံလှကျော် (လ/ထပြည်နယ်ပညာရေးမှူး-ငြိမ်း) က ဝမ်းမြောက်ကြောင်း ကျေးဇူးတင်စကားပြောကြားရာ ယနေ့တွင် အခမ်းအနား တက်ရောက်လာကြသူများအားလုံး မျက်နှာ၌ ပြုံးပန်းများကိုယ်စီတွေ့မြင်ရ၍ ပီတိဖြစ်မိပါကြောင်း၊ ဤကျောင်းသည် ယခင်က အထက(၁) အဖြစ် ရပ်တည်ခဲ့သော်လည်း ရခိုင်ပြည်နယ်၌ ဥပစာကောလိပ် ဖွင့်ရန်လိုအပ်လာသောအခါ ကျောင်းဆောင်မရှိ၍ အဆင့်မြင့်ပညာသို့ ပေးထားခဲ့ရကြောင်း၊ ၎င်းမှ စစ်တွေတက္ကသိုလ်အထိ ဤကျောင်းဆောင်မှပင် နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ်များစွာကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုအခါ စစ်တွေတက္ကသိုလ်ကြီးသည် သီးခြားခြံကျယ်ကျယ်ကြီးဖြင့် ထီးထီးမားမား ရှိသွားပြီဖြစ်၍ အထက(၁)သို့ ပြန်လည်လွှဲပြောင်းရန် ကျောင်းသားဟောင်းကြီးများ၊ အငြိမ်းစားဆရာ ဆရာမများ၊ စစ်တွေမြို့သူမြို့သားများက တောင်းဆိုခဲ့ကြောင်း၊ ပွင့်လင်းမြင်သာမှုရှိအောင် မီဒီယာများကတစ်ဆင့်လည်း ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ အခက်အခဲအမျိုးမျိုးကြားမှ တောင်းဆိုခဲ့ရပြီး ယခုအခါ အစိုးရအဆင့်ဆင့်၏ သဘောတူညီမှုနှင့်အတူ လွှဲအပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆောင်ရွက်ပေးခဲ့သူအားလုံးကို ကျေးဇူးတင်ပါကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားသွားသည်။

**ဘဝငါးခုဖြတ်သန်းမိခင်နေရာပြန်လာ**

စစ်တွေအထက(၁)ကို အင်္ဂလိပ်အစိုးရလက်ထက် Akyab Government High School အဖြစ် ၁၈၃၈ ခုနှစ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ဒေသလိုအပ်ချက်အရ ၁၉၇၆ ခုနှစ်တွင် ဥပစာကောလိပ်အဖြစ် လွှဲအပ်ခဲ့ရပြီး စစ်တွေဒေသကောလိပ်၊ စစ်တွေကောလိပ်၊ စစ်တွေဒီဂရီကောလိပ်၊ စစ်တွေတက္ကသိုလ် စသည်ဖြင့် ဘဝငါးခုကို ဖြတ်သန်းရင်း ပညာတတ်လူချွန်လူမွန်များကို မွေးထုတ်ပေးကာ ယခုအခါ မူလမိခင် အထက (၁) သို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

**ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်**

ကျောင်းဆောင်လွှဲအပ်ခြင်းနှင့် ပတ်သက်၍ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက “စစ်တွေတက္ကသိုလ်ဟောင်းကို အထက(၁)သို့ လွှဲအပ်ခြင်းနှင့်ပတ်သက်ပြီးတော့ ကျောင်းသားဟောင်းတွေက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြလာပါတယ်။ ဒါကို ကျွန်တော်အပါအဝင် ရခိုင်ပြည်နယ်အစိုးရရဲ့ သဘောထားက ပေးသင့်တယ်လို့ ဆုံးဖြတ်ပြီး အထက်ကို တင်ပြခဲ့ပါတယ်။ ဒါကလည်း စစ်တွေတက္ကသိုလ်ဟာ သီးခြား ထီးထီးမားမား ခံ့ခံ့ညားညား တည်ရှိပြီးဖြစ်၍ မူလပိုင်ရှင်ဖြစ်တဲ့ အထက(၁) ကို ပြန်ပေးသင့်တယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကြိုးစားပေးခဲ့ပါတယ်။ ကျွန်တော်လည်း ဒီကျောင်းမှာပညာသင်ကြားခဲ့တာပါ။ ခုတော့ ပြန်လည်ရရှိပြီဆိုတော့ ရခိုင်ပြည်နယ်အစိုးရနဲ့ပူးပေါင်းပြီးတော့ လိုအပ်တာတွေကို ပြုပြင်သွားကြဖို့ လိုပါတယ်။ ဒီလိုလုပ်ဆောင်တာမှာ ပြည်သူပူးပေါင်းပါဝင်လက်တွဲမှုဟာ အရေးကြီးပါတယ်။ ဒီကျောင်းကြီး ရေရှည်တိုးတက်ရေးအတွက် ရခိုင်ပြည်နယ် ပညာရေးတိုးတက်မြင့်မားရေးအတွက် ကြိုးကြိုးစားစား ဆောင်ရွက်ပေးသွားကြပါ။ အစိုးရအနေနဲ့လည်း ဆောင်ရွက်ပေးပါမယ်” စသည်ဖြင့် ပြောပြသည်။

**တိုးတက်အောင်မြင်ခြင်းသို့**

စစ်တွေတက္ကသိုလ်ဟောင်းအား အထက(၁) သို့ လွှဲပြောင်းလိုက်ပြီဖြစ်၍ ဝမ်းသာကြည်နူးနေကြပြီး တိုးတက်အောင်မြင်ရေးအတွက် စုပေါင်းဆောင်ရွက်ရန် ဆန္ဒရှိနေကြသည်။ “ကျွန်တော် ဒီနေ့အများကြီးဝမ်းသာပီတိဖြစ်ပါတယ်။ အသက်မသေမီ မိခင်ကျောင်းတော်ကြီးကို အထက(၁)သို့ ပြန်ရစေချင်ပါတယ်။ ဒီတော့ ဆန္ဒပြည့်ပါပြီ။ ကျွန်တော် ၁၉၅၅-၅၆ က ၁၉၅၇-၅၈ အထိ ဒီကျောင်းမှာ ပညာသင်ခဲ့ပါတယ်။ ကျွန်တော်တို့ ပညာသင်စဉ်မှာ ဒီကျောင်းက ထူးချွန်သူတွေ များများပေါ်ထွန်းခဲ့ပါတယ်။ ခုတော့ ကျောင်းဆောင်ကို ပြန်ရပြီ။ ခြံဝင်းကြီးကလည်း ကျယ်ကျယ်ဝန်းဝန်းဆိုတော့ အားကစားမျိုးစုံလုပ်လို့လည်း ရပါတယ်။ ဒါကြောင့် ဒီကျောင်းတော်ကြီးရဲ့ အစဉ်အလာဟောင်းတွေကို အတုယူပြီးတော့ တိုးတက်အောင်မြင်အောင် ကြိုးစားပေးကြဖို့ အားလုံးကို တောင်းဆိုပါတယ်” စသည်ဖြင့် စစ်တွေအထက (၁) ကျောင်းသားဟောင်းတစ်ဦးဖြစ်သူ စစ်တွေမြို့ ရှုပတောင်ရပ်ကွက်မှ အသက် ၇၅ နှစ်ရှိ ဦးကျော်လှမောင်က ပြောသည်။

စစ်တွေအထက (၁) ကျောင်းဆောင်အား ၂၀၁၆-၂၀၁၇ တွင် အပြီးပြန်လည်ပြုပြင်မွမ်းမံကာ ၂၀၁၆-၂၀၁၈ ပညာသင်နှစ်မှစ၍ အလယ်တန်းမှ အထက်တန်းအထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရှိရပြီး ဤကျောင်းတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်းချီတက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

*စာမျက်နှာ ၂၀ မှ*

တွေ နားလည်အောင် ရှင်းလင်းပြောကြား ပညာပေးမှုတွေ လိုအပ်နေပါတယ်။ အလုပ်ရှင်ဘက်က လိုက်လျောသင့်တာတွေ လိုက်လျောပေးနိုင်အောင်နဲ့ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံနဲ့ကိုက်ညီတဲ့ ခိုင်းစေမှုတွေဖြစ်လာအောင် စီမံခန့်ခွဲမှုနေရာမှာလည်း မြန်မာလူမျိုးတွေက ကြားခံရှိနေသင့်တယ်”ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ပြောကြားသည်။

“အစိုးရရော၊ အလုပ်ရှင်ရော၊ အလုပ်သမားရော၊ CSO တွေရော အားလုံး ပူးပေါင်းပြီး လုပ်ငန်းခွင်အေးချမ်းသာယာမှုနဲ့ လိုက်လျောညီထွေမှုရှိအောင် လုပ်ဆောင်မှသာ တစ်ဦးချင်းရဲ့ ဝင်ငွေအတည်တကျဖြစ်မှုနဲ့ နိုင်ငံရဲ့စီးပွားရေး ပိုမိုတည်ငြိမ်မှုရှိမယ်လို့ ယုံကြည်ပါတယ်။ တစ်ဦးနဲ့တစ်ဦး မဆုံးတဲ့တောင်းဆိုမှုတွေ၊ ကန့်သတ်မှုတွေကြောင့် ကုန်ထုတ်စွမ်းအားတွေ ကျဆင်းလာမယ်ဆိုရင် နိုင်ငံအတွက်လည်း ထိခိုက်သလို အလုပ်သမားတွေရဲ့စားဝတ်နေရေးနဲ့ လုပ်ငန်းခွင်တည်မြဲရေးအတွက်လည်း ထိခိုက်ပါတယ်။ နောက်ဆုံး အခုလို စီးပွားရေးဦးမော့လာခါစမှာ အလုပ်သမားတွေရဲ့ သာယာပျော်ရွှင်စွာ အလုပ်လုပ်နိုင်ရေးက စိန်ခေါ်မှုတွေဖြစ်ပါတယ်။ ကျွန်တော်တို့ အီးယူအနေနဲ့လည်း Smart Myanmar စီမံချက်တွေလုပ်ပြီး လုပ်ငန်းခွင် ပိုမိုသာယာအောင် ပူးပေါင်းနေပါတယ်။ ကျွန်တော်တို့အမြင်ပြောရရင် သာယာတဲ့လုပ်ငန်းခွင်ဖြစ်ဖို့ ဦးစားပေးဆောင်ရွက်စေချင်တယ်”ဟု ဥရောပသမဂ္ဂမှ သံအမတ်ကြီး ရိုလန်ကိုဘီယာက Smart Myanmar အစီအစဉ် ဆောင်ရွက်စဉ်က ပြောကြားခဲ့ဖူးသည်။

**၂၀၁၇နှစ်ဆန်းနှင့် အလုပ်အကိုင်**

ယခုနှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများမှာ ကြီးမားကျယ်ပြန့်လာသည့်အလျောက် လိုအပ်လာသော ဝန်ဆောင်မှုများကိုပေးနိုင်ရန် ဝန်ထမ်းခေါ်ယူမှုမှာ အမြဲမပြတ် ရှိနေသည်။ ဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများသည် ဝန်ထမ်းခေါ်ယူမှု အများဆုံးဖြစ်ပြီး ဖြန့်ဖြူးပို့ဆောင်ရေးလုပ်ငန်းများ၊ အိုင်တီ၊ ကွန်ပျူတာဆက်စပ်မှုဆိုင်ရာ လုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်နှင့် ကုန်သွယ်ရေးလုပ်ငန်းများနှင့် ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများ၊ ကြော်ငြာလုပ်ငန်းများတွင် ဝန်ထမ်းခေါ်ယူမှုနှင့်အလုပ်အကိုင်အတွက် အများဆုံးခန့်အပ်လျက်ရှိသည့် လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်ရရှိစေရေးအတွက် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးလုပ်ငန်း ဆောင်ရွက်လိုသည့် ကုမ္ပဏီများကို ၂၀၁၀ ပြည့်နှစ်မှစတင်ကာ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်တွေ ချထားပေးလျက်ရှိရာ ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေးအကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၉၀ အထိ ရှိလာပြီဖြစ်ကာ နေ့စဉ် ပျမ်းမျှ လူဦးရေ ၅၀ မှ ၃၀၀ အကြားသည် အလုပ်အကိုင် ရရှိရေးအတွက် လျှောက်ထားနေကြကြောင်း Myanmar Researcher.Net မှ သုတေသနတွေ့ရှိချက်များအရ သိရသည်။



## မလှိုင်မြို့နယ် မြင်းဦးလှည့်ကျေးရွာမှ ရှေးခေတ်ရုပ်ကြွင်းများထိန်းသိမ်းထား

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၁**

မိတ္ထီလာခရိုင် မလှိုင်မြို့ အရှေ့မြောက်ဘက် မြင်းဦးလှည့်ကျေးရွာ၏ မြောက်ဘက် သုံးမိုင်ခန့်အကွာမှ ၁၉၉၉-၂၀၀၀ ပြည့်နှစ်က ရှေးခေတ်လူအရိုးစုရုပ်ကြွင်းများ၊ ရောင်စုံကျောက်ပုတီးစေ့များ၊ အရိုးပုတီးစေ့များ၊ မြေအိုး၊ မြေခွက်များ၊ သဲကျောက်ဖြင့် ပြုလုပ်ထားသော လက်နက်ပုံစံခွက်များ၊ ကြေးလက်နက်များ၊ သံလက်နက်များ၊ မှတ်ကျောက်ငယ်များ၊ ယောက်သွားခွံများ၊ ကြေးနန်းစည်းတုတ်များ တူးဖော်တွေ့ရှိခဲ့သည်။

အဆိုပါပစ္စည်းတချို့ကို ရှေးဟောင်းသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ရုံးတွင် အပ်နှံပြီး ရောင်စုံကျောက်ပုတီးနှင့် အရိုးပုတီးတချို့ကို အမျိုးသားပြတိုက်(ရန်ကုန်) တွင် ပြသနိုင်ရန် ပေးပို့ခဲ့သည်။ ကြေးထည်၊ သံထည်ပစ္စည်းများနှင့် ပုံစံခွက်၊ မြေထည်ပစ္စည်းတချို့ကို မန္တလေးယဉ်ကျေးမှုပြတိုက်တွင်ထားရှိသည်။

အဆိုပါကျေးရွာမှ တူးဖော်မှုကို ယာယီထိန်းသိမ်းခဲ့ပြီး ၂၀၀၄- ၂၀၀၅ ဘဏ္ဍာနှစ်တွင် အဆောက်အအုံငါးလုံးဖြင့် လုပ်ငန်းခွင်ပြတိုက် (Site Museum) အဖြစ် စနစ်တကျ ထိန်းသိမ်းထားခဲ့သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သမိုင်းအထောက်အထားများကို ဓာတုဗေဒနည်းဖြင့် သိပ္ပံနည်းကျစနစ်တကျထိန်းသိမ်း၍ အလူမီနီယံမှန်ပေါင်များဖြင့် ထားရှိကာ လုပ်ငန်းခွင်ပြတိုက်တစ်ခုလုံးကိုလည်း ပြုပြင်ထိန်းသိမ်းရေးများ ဆောင်ရွက်နေသည်။

မြင်းဦးလှည့်ကျေးရွာမှ ကြေးခေတ်ဦးတူးဖော်မှုတွင် ရှေးခေတ်လူကြီး၊ ကလေးနှင့် မိန်းမရုပ်ကြွင်းပေါင်း ၂၈ ခုကို အလူမီနီယံမှန်ခေါင်းများဖြင့် သွင်းထားသည်။ ရှေးခေတ်ရုပ်ကြွင်းများမှာ ခုနစ်ပေခန့် မြင့်မားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ပင်လုံမြေကိုသက်သေတည်၍ သွေးချင်းဆုံရာပင်လုံမှသည် ငြိမ်းချမ်းသာယာပြည်မြန်မာသို့

ဆောင်းပါး - မြင့်မြတ်သစ္စာ
ဓါတ်ပုံ - ဇွဲမာန်



တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် မြန်မာပြည်၏ လွတ်လပ်ရေးကို ကမ္ဘာသိအောင် ပြသနိုင်ခဲ့သော ပင်လုံစာချုပ်၏သက်သေအဖြစ် ပင်လုံကျောက်တိုင်မှာ နံနက်ခင်းနှင်းမှုန်အောက်တွင် ထွက်ပေါ်လာသော နေရောင်ခြည်နှင့်အတူ ဝင့်ဝင့်ကြွားကြွား တွေ့မြင်ရလျက်ရှိသည်။ သန့်ရှင်းစင်ကြယ်မှုပြယုဂ်ဖြစ်သော အဖြူရောင်ကျောက်တိုင်နှင့် အနောက်ဘက်တွင် ကပ်လျက်စိုက်ထူထားသည့် တိုင်းရင်းသားကိုယ်စားလှယ် ၂၃ ဦးတို့၏ ရုပ်ပုံတို့မှာ တိုင်းပြည်သူ့ကျွန်ဘဝမှလွတ်မြောက်ရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဦးဆောင်ပြခဲ့ကြသော သမိုင်းဝင်ပုံရိပ်များအဖြစ် တွေ့မြင်ရသည်မှာ လေးစားကြည်ညိုဂုဏ်ယူဖွယ်ရာပင် ဖြစ်သည်။

သမိုင်းဝင်ပြည် ထောင်စုကျောက်တိုင်သည် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ်၏ မြောက်ဘက် ၆ မိုင်အကွာရှိ ပင်လုံမြို့နယ်ခွဲ အမှတ်(၂)ရပ်ကွက် လွိုင်လင်-ပန်ကေတု-သီပေါကားလမ်းပေါ်တွင် တည်ရှိသည်။ မြန်မာပြည်လွတ်လပ်ရေး၏ သမိုင်းဝင်တိုင်းရင်းသားစည်းလုံးမှုကို ပြသခဲ့သော ပင်လုံမြို့သည် ပင်လယ်ရေမျက်နှာပြင် အထက်အမြင့်ပေ ၄၄၄၀ တွင် တည်ရှိပြီး ၁၈၇၅ ခုနှစ်တွင် မြို့ကိုတည်ခဲ့ကာ ရပ်ကွက်(၄)ခုနှင့် ကျေးရွာပေါင်း ၁၄၄ ရွာဖြင့် တိုင်းရင်းသားမျိုးစုံ စုစည်းနေထိုင်ရာမြို့အဖြစ် တည်ရှိသည်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် ပြည်ထောင်စုနေ့တွင် တိုင်းရင်းသားခေါင်းဆောင်များ ပြည်မတောင်တန်းပူးပေါင်း၍ မြန်မာပြည်လွတ်လပ်ရေးအတွက် လက်မှတ်ရေးထိုးသည်မှာ နှစ်(၇၀)တိုင်ခဲ့ပြီဖြစ်သည်။ လွတ်လပ်ရေးရရန် တောင်တန်းပြည်မပူးပေါင်းရေး ကြိုးပမ်းဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းအား မေ့မရနိုင်သကဲ့သို့ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုကို ပြသခဲ့သည့် ပင်လုံကျောက်တိုင်ကိုလည်း ယနေ့တိုင် တိုင်းရင်းသားအားလုံးက လေးစားမြတ်နိုးဂုဏ်ယူတန်ဖိုးထားလျက်ရှိသည်။

နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးရယူရာတွင် မြေပြန့်ဒေသနည်းတူ တောင်ပေါ်ဒေသသည်လည်း တပေါင်းတစည်းတည်း လွတ်လပ်ရေးရရှိရန် တောင်တန်းနှင့်ပြည်မပူးပေါင်းကာ ပင်လုံစာချုပ်ဖြင့် လက်မှတ်ရေးထိုး၍ မြန်မာပြည်၏ လွတ်လပ်ရေးကို ရရှိခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၉ရက်နေ့တွင် ပင်လုံစာချုပ်ချုပ်ဆိုရန် ပထမညီလာခံကို ကျင်းပခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းက ‘သမိုင်းတစ်လျှောက်တွင် ဗမာနှင့်တောင်တန်းသားများ ခိုင်မြဲစွာလက်တွဲနေထိုင်လာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ကြောင်း၊ ပြည်တွင်းပြဿနာအား အချင်းချင်းသာ ဖြေရှင်းရန်ဖြစ်ပြီး လွတ်လပ်ရေးရပြီးနောက် ပြန်လည်ထူထောင်ရာတွင် လူတိုင်းစည်းကမ်းရှိရန်လိုကြောင်း၊ စည်းလုံးညီညွတ်သော မြန်မာနိုင်ငံအဖြစ် တိုင်းရင်းသားအားလုံးက မဖြစ်မနေတည်ဆောက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် ပြည်ထောင်စုနေ့သည် တိုင်းရင်းသားခေါင်းဆောင် များ ပြည်မတောင်တန်းပူးပေါင်း၍ မြန်မာပြည် လွတ် လပ်ရေးအတွက် လက်မှတ်ရေးထိုးသည်မှာ နှစ်(၇၀) တိုင်ခဲ့ပြီ ဖြစ်သည်။ လွတ်လပ်ရေးရရန် တောင်တန်း ပြည်မပူးပေါင်းရေး ကြိုးပမ်းဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းအား မေ့မရနိုင်**

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဒုတိယညီလာခံကို ကျင်းပခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းက “လွတ်လပ်ပြီးနောက်ပိုင်းမှာ ပြည်မနဲ့ တောင်တန်းသားတို့ ကြံ့ကြံ့ခိုင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အတိတ်ကာလကအထင်အမြင်လွဲမှားမှုတို့ကို ချေဖျက်ပစ်ရေး” ကို မိန့်ခွန်းတွင် ပြောကြားခဲ့သည်။ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ နံနက် ၉ နာရီတွင် တတိယနေ့ညီလာခံကို ဆက်လက်ကျင်းပခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားရာ၌ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ တွင် အဆင့်အတန်းခွဲခြားခြင်းမရှိစေရန်နှင့် အားလုံးတန်းတူရည်တူခံစားခွင့်ရှိရန် အာမခံချက်ပေးကြောင်း၊ အားလုံးဟုဆိုရာ၌ အုပ်ချုပ်သူစော်ဘွားများသာမဟုတ် ပဒေသရာဇ်အောက်တွင် ဤအခွင့်အရေး မခံစားရသေးသော အုပ်ချုပ်ခံပြည်သူများ ပါဝင်ကြောင်း၊ ဘုရင်ခံအမှုဆောင် ကောင်စီတွင် နယ်ခြားဒေသဆိုင်ရာ ကောင်စီဝင် တစ်ဦးခန့်ထားပေးရန် မိမိတောင်းဆို၍ အက်တလီကလည်း သဘောတူပြီးဖြစ်ကြောင်း၊ ကချင်လူမျိုး များ လိုလားတောင့်တလျက်ရှိသည့် ကချင်ပြည်နယ်ဖြစ်လာရေးကို မူအားဖြင့် လက်ခံကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ သမိုင်းဝင်နေ့ဖြစ်သော ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၁ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်ခေါင်းဆောင် ၂၃ ဦးတို့က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို စတင်သန္ဓေတည်ခဲ့သည့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုး ကမ္ပည်းမော်ကွန်းတည်ခဲ့လေသည်။ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည့် တိုင်းရင်းသားကိုယ်စားလှယ် ၂၃ ဦးမှာ ဗိုလ်ချုပ်အောင်ဆန်း (မြန်မာကိုယ်စားလှယ်)၊ ဦးထွန်းမြင့် (လူထုကိုယ်စားလှယ်)၊ စဝ်ယိဝ်ဖ (လူထုကိုယ်စားလှယ်)၊ ဦးကီယိုမန်း (ချင်းကိုယ်စားလှယ်)၊ ဦးကြာပု (လူထုကိုယ်စားလှယ်)၊ ဦးတောင်ဇာခုပ် (ချင်းကိုယ်စားလှယ်)၊ ဦးတင်ဧ (လူထုကိုယ်စားလှယ်)၊ ဦးလှုရှိမ့်နှ (ချင်းကိုယ်စားလှယ်)၊ ဦးတော်ဝါးဒူဝါအမ်ခွန်ဖုန်း (လူထုကိုယ်စားလှယ်)၊ ဦးလဘန်ဂရောင် (ကချင်ကိုယ်စားလှယ်)၊ ဦးဖြူ (သထုံစော်ဘွားကိုယ်စားလှယ်)၊ ဒူဝါဇော်လွန်း (ကချင်ကိုယ်စားလှယ်)၊ စဝ်ထွန်းအေး (သာမိုင်းခမ်းစော်ဘွား)၊ ဦးဒိန်ရတန် (ကချင်ကိုယ်စားလှယ်)၊ စဝ်ခွန်ပန်းစိန် (တောင်ပိုင်းစော်ဘွား)၊ ဆမားဒူဝါဆင်ဝါးနောင် (ကချင်ကိုယ်စားလှယ်)၊ စဝ်ရွှေသိုက်(ညောင်ရွှေစော်ဘွား)၊ ဦးခွန်ထီး (လူထုကိုယ်စားလှယ်)၊ စဝ်ဟုံဖ (မြောက်ပိုင်းသိန္နီစော်ဘွား)၊ ဦးခွန်စော (လူထုကိုယ်စားလှယ်)၊စဝ်နွံ (လဲချားစော်ဘွား)၊ ဒူဝါဇော်ရစ် (ကချင်ကိုယ်စားလှယ်)၊ စဝ်စံထွန်း(မိုင်းပွန်စော်ဘွား)တို့ပင် ဖြစ်သည်။

ကိုယ့်ထီးကိုယ့်နန်းနှင့် နေထိုင်ခဲ့သော မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားခေါင်းဆောင်တို့၏ သွေးစည်းညီညွတ်မှုကို ပြသခဲ့သော ပင်လုံစာချုပ်ဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ခြင်း ဖြစ်သည်။ ထိုသို့ပင်လုံစာချုပ်ချုပ်ဆိုရန်အတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်နေ့ ည ၈ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းဦးစီးသောအဖွဲ့ဝင် ခုနစ်ဦးသည် မိတ္ထီလာမှတစ်ဆင့် မော်တော်ယာဉ်ဖြင့် ပင်လုံမြို့သို့ရောက်ရှိခဲ့ကြပြီး ပင်လုံညီလာခံသို့ တက်ရောက်ကြမည့် ညောင်ရွှေ၊ ကလော၊ ဟဲဟိုး၊ ပင်းတယ၊ ရပ်စောက်၊ လွိုင်ကော်၊ တောင်ကြီး၊ ဟိုပုန်းမြို့တို့မှ ကိုယ်စားလှယ်များ ကားအစီး ၆၀ ကျော်ဖြင့် ပင်လုံမြို့သို့ ရောက်ရှိခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဦးအောင်ဇံဝေ၊ ဦးခင်မောင်လေး၊ ဗိုလ်ထွန်းလှ၊ ဦးဖေခင်၊ ဦးတင်ထွဋ်နှင့် မစ္စတာဘော်တွန်စလေတို့ လိုက်ပါလာကြကာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၁နာရီတွင် တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးတို့ မြန်မာပြည်လွတ်လပ်ရေးအတွက် လက်မှတ်ရေးထိုးနိုင်ခဲ့ကြခြင်း ဖြစ်သည်။

ပင်လုံမြို့၏ အနောက်ဘက် နောင်ကွတ်ဘုန်းတော်ကြီးကျောင်းအနီးရှိ ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့သည့် စားပွဲနေရာတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ၁၂ပေအရှည်ရှိသော အောင်သပြေတိုင်အား အထိမ်းအမှတ်တစ်ခုအဖြစ် စိုက်ထူခဲ့ရာ ၁၉၅၁ ခုနှစ်တွင် ပင်လုံမြို့စား ဦးစံမြလက်ထက်၌ သပြေတိုင်မှ ကျောက်တိုင်အဖြစ် ပန်းရန်ဆရာဦးထွေးနှင့်အဖွဲ့က ပင်လုံကျောက်တိုင်ဖြစ်သော ပြည်ထောင်စုကျောက်တိုင်ကို စိုက်ထူတည်ဆောက်ခဲ့သည်။ ပင်လုံကျောက်တိုင်အား ၁၉၅၁ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် တည်ဆောက်ခဲ့ပြီး ထိုအချိန်က ကုန်ကျငွေမှာ ငွေကျပ် ၄၁၀၀ ဖြစ်သည်။ ကျောက်တိုင်အမြင့်မှာ ၃၆ ပေမြင့်၍ ကြယ်ကြီးအား ကြယ်ငယ်ငါးလုံးက ခြံရံထားကာ ကမ္ပည်းစာသားရေးထိုးထားသော တိုင်လုံးပတ်မှာ ၁၄ ပေရှိ၍ ကမ္ပည်းတိုင်မြေပေါ်အရှည်မှာ ၆ ပေ၊ မြေအောက်အရှည် ၆ပေရှိသည်။ အထက် ကြယ်ပွင့်၏ အမြင့်မှာ ၃၁ ပေမြင့်ပြီး ကျောက်အမျိုးအစားမှာ ဂွန်ကျောက်ဖြစ်သည်။ အရံကြယ်ပွင့်တိုင် အမြင့်မှာ ၉ပေ၊ မြေပေါ်အုတ်ခုံထုမှာ ခြောက်လက်မနှင့် အုတ်ခုံမြေအောက်ထုမှာ ခြောက်လက်မရှိ သည်။

ပြည်ထောင်စုကျောက်တိုင်ဖြစ်သော ပင်လုံကျောက်တိုင်အား တည်ဆောက်စဉ်က “ပြည်မတောင်တန်းပူးပေါင်းရေး စာချုပ်ကျောက်တိုင်” ဟူသော ကမ္ပည်းစာတန်းသည် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောခဲ့သည့် မြောက်ဘက်အရပ်သို့ မျက်နှာမူထားသော်လည်း ၁၉၇၂ ခုနှစ်တွင် ကျောက်တိုင်အား မွမ်းမံပြုပြင်သောအခါ စာတန်းမှာ ယနေ့မြင်ရသည့်အတိုင်း အရှေ့ဘက်သို့လှည့်ခဲ့သည်ဟု ဆိုပါသည်။ ပင်လုံမြို့သည် မြို့ဟုဆိုသော်လည်းမြို့အဖြစ်မရရှိသေးဘဲ မြို့နယ်ခွဲအဖြစ်သာ ယနေ့တိုင်တည်ရှိနေသောကြောင့် မြို့နယ်အဖြစ် ဒေသခံ ပြည် သူတို့က လိုလားလျက်ရှိနေသည်။ လွိုင်လင်မြို့ထက် လူဦးရေများပြီး စိုက်ပျိုးရေး လုပ်ငန်းဖွံ့ဖြိုးသော ပင်လုံမြို့နယ်ခွဲကို နှစ်စဉ်အခွန်အကောက် တာဝန်ကျေစွာထမ်းဆောင်နေကြ၍ မြို့အင်္ဂါနှင့်အညီ ရှိနေသောကြောင့် မြို့အဖြစ်တွေ့မြင်လိုကြခြင်းပင် ဖြစ်သည်။

ပင်လုံစာချုပ် ချုပ်ဆိုစဉ်က ဗိုလ်ချုပ်အောင်ဆန်း အမှတ်တရ (၉)ဌာန အဖြစ် ပင်လုံကျောက်တိုင်ဝန်းကျင်တွင် ကျန်ရှိနေပါသည်။ ထိုအချိန်က နေရာများမှာ ယခုအခါ လူနေအိမ်အချို့ရှိနေပြီး ပင်လုံစာချုပ်လက်မှတ်ထိုးခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသခဲ့သည့် ပင်လုံစာချုပ်လက်မှတ်ထိုးရာ စားပွဲနေရာဖြစ်သော ပင်လုံကျောက်တိုင်နေရာနှင့်ဗိုလ်ချုပ်နားနေဆောင်ဖြစ်သော ခေတ္တနေထိုင်ရာနေရာနှင့် ကွပ်ပျစ်နေရာတွင် လူကြီးများက မီခဲ့သူများကို မေးမြန်းပြီး ထိုနေရာတွင် ညောင်ပင်နှင့်ကွပ်ပျစ်ထိုးခဲ့ရာ ညောင်ပင်က ကွပ်ပျစ်ကိုဝါးမျိုခဲ့၍ ယခုအခါ ညောင်ပင် ပင်စည်အထက်နားတွင် ကွပ်ပျစ်အစအနအချို့တို့သာ မှတ်မှတ်ထင်ထင် ကျန်ရှိနေသည်။ ဗိုလ်ချုပ်အမှတ်တရ (၉)ဌာနမှာ ဗိုလ်ချုပ်တို့ လက်မှတ်ရေးထိုးခဲ့သည့် စားပွဲ (ယခုကျောက်တိုင်နေရာ)၊ ဗိုလ်ချုပ်အောင်ဆန်းနားနေဆောင်၊ ကိုယ်စားလှယ်များ တည်းခိုဆောင် (ယခုကျောက်တိုင်ဘေးမှ နောင်ကွပ်ဘုန်းတော်ကြီးကျောင်း)၊ ဗိုလ်ချုပ်ရေချိုးရာနေရာ (ခြံဝင်းတစ်ခုအတွင်း ရေထွက်မှာ မြေသားများဖုံးလျက်)၊ လုံခြုံရေးနေရာ၊ အရာရှိများ တည်း ခိုဆောင်၊ အစည်းအဝေးအခမ်းအနားကျင်းပရာနေရာ၊ ဆက်သွယ်ရေးစက်ထားရာနေရာ၊ ပွဲဈေး တန်းနေရာတို့ဖြစ်၍ ထိုနေရာတို့သည် ပင်လုံကျောက်တိုင် ဝန်းကျင်တွင် ရှိနေသည်။

ပင်လုံမြို့တွင် ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ ပလောင်၊ တောင်ရိုး၊ ယင်းနက်၊ လီရှော၊ ကယန်း၊ ကရင်၊ ကချင်၊ ချင်း၊ ရခိုင် စသည့်လူမျိုးတို့ နေထိုင်ပြီး ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ တောင်ရိုး တိုင်းရင်းသားများ အများဆုံးနေထိုင်ရာမြို့ဖြစ်၍စိုက်ပျိုးရေးသီးနှံထွက်ကုန်များစွာ ထွက်ရှိသောတောင်ပေါ်မြေပြန့်ဒေသလည်း ဖြစ်သည်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုနေ့သည် မြန်မာပြည်ရှိ တိုင်းရင်း သားညီနောင်တို့၏ နေ့ထူးနေ့မြတ်လည်း ဖြစ် သည်။ ၁၉၄၇ ခုနှစ်၊ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားကိုယ်စားလှယ် ၂၃ ဦးတို့ မှာ တွဲလက်များ ဆုပ်ကိုင်လျက် တိုင်းပြည်၏လွတ်လပ်ရေးကို ရယူနိုင်ရန် တောင်ပေါ်၊ မြေပြန့်ခေါင်းဆောင်များ စည်းလုံးညီညွတ်မှုကို ပြသခဲ့သည်။

ယခုအခါ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့တွင် သမိုင်းစာမျက်နှာ၌ ကျန်ရှိနေသည့် တာဝန်များကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားခေါင်းဆောင်များ တိုင်းပြည်၏ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောနေ့တစ်နေ့၏ ငြိမ်းချမ်းရေးစကားဝိုင်းဖြင့် ပင်လုံမြေကို သက်သေတည်ကာ ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်မည်ဖြစ်၍ မြန်မာပြည်၏ သမိုင်းဝင်နေ့တစ်နေ့အဖြစ် မြင်တွေ့ရဦးမည်ဖြစ်သည်။

သို့ဖြစ်၍ ပင်လုံမြေကို သက်သေတည်ကာ မြန်မာပြည်၏ ငြိမ်းချမ်းရေးတေးသံများ ပျံ့လွင့်စေသော ပြည်ထောင်စုနေ့တွင် ငြိမ်းချမ်းရေးစကား၊ ငြိမ်းချမ်းရေးအသံ၊ ငြိမ်းချမ်းရေးအပြုံးတို့ဖြင့် ငြိမ်းချမ်းရေးအောင်မြေဖြစ်ရာ ပင်လုံမြေတွင် အေးမြသော ငြိမ်းချမ်းရေးစမ်းရေများ တသွင်သွင်စီးဆင်းလျက် မြန်မာပြည်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ပြည်ထောင်စုနေ့အား ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# မြန်မာ့ရိုးရာ သစ်သားပန်းပုပြိုင်ပွဲကြီး ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မြန်မာ့ရိုးရာ ပန်းပုအနုပညာကို တန်ဖိုးထား ထိန်းသိမ်းသောအားဖြင့် ဇဟိုသမဝါယမအသင်းနှင့် ကောင်းမြန်မာအောင်ဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး ဆဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာ သစ်သားပန်းပုပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းက ပြောသည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲကြီးဟာ ၂၀၀၈ ခုနှစ် နာဂစ်ကနေ စတင်အခြေတည်ခဲ့တာဖြစ်ပါတယ်။ နာဂစ်မုန်တိုင်းကြောင့် ပြိုလဲသွားတဲ့ သစ်ပင်တွေကို မြန်မာ့ရိုးရာ ယဉ်ကျေးမှုသစ်သားပန်းပုတွေအဖြစ် ထုလုပ်ပြိုင်ပွဲဝင်ခဲ့တာ ယနေ့အချိန်အထိ ဆဋ္ဌမအကြိမ်အထိ ဖြစ်သွားပြီဖြစ်ပါတယ်" ဟု ၎င်းက တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်ရှိဇဟိုသမဝါယမ အဆောက်အအုံ၌ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။



အဆိုပါ သစ်သားပန်းပုပြိုင်ပွဲကို မော်ဒန် ပြိုင်ပွဲနှင့် စိတ်ကြိုက်ပြိုင်ပွဲဟူ၍ နှစ်မျိုးနှစ်စား သတ်မှတ်ထားကြောင်း၊ မော်ဒန်အမျိုးအစားတွင် ပန်းပုရုပ် ၇၀ ရှိပြီး စိတ်ကြိုက်အမျိုးအစားအတွက် ပန်းပုရုပ် ၁၀၈ ရုပ်ရှိကြောင်း၊ မော်ဒန်ပန်းပုရုပ်များမှစိတ်ကူးနှင့် အတွေးအမြင်ဆန်းသစ်မှုကို ဦးစားပေးခြင်းဖြစ်ပြီး စိတ်ကြိုက်ပြိုင်ပွဲတွင် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ဖော်ထုတ်ပြသသော ပန်းပုရုပ်များဖြစ်ကြောင်း၊ ပြိုင်ပွဲနှစ်မျိုးစလုံးအတွက် ပန်းပုပညာရှင်ထောင့်အမျိုးမျိုးမှ အကဲဖြတ်အမှတ်ပေးကာ တတိယဆုများအပြင် အထူးဆုငါးဆုစီပါ ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ဆုကြေးအဖြစ် ပထမဆု ငွေကျပ် သိန်း၅၀၊ ဒုတိယ ဆုငွေကျပ် သိန်း ၃၀၊ တတိယဆု ငွေကျပ် သိန်း ၂၀ နှင့် အထူးဆု ငွေကျပ် ငါးသိန်း ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ပွဲကို ဆရာစံပလာဇာ၌ ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၆ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသစ်သားပန်းပုပြိုင်ပွဲသို့ ဒါးပိန်၊ ပဲခူးနှင့် ရန်ကုန်ရှိ ပန်းပုပညာရှင်များက ထုလုပ်ထားပြီး စုစုပေါင်း ပန်းပုရုပ် ၁၇၈ ရုပ်ရှိကြောင်း၊ ဆုပေးပွဲအပြီး ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ရက်အထိ သုံးရက်တိုင်တိုင် ပန်းပုလက်ရာများပြသပွဲနှင့် အရောင်းမြှင့်တင်ရေးပွဲကို ဇဟိုသမဝါယမအဆောက်အအုံ (ဆရာစံပလာဇာ)နှင့် ၁၀ မိုင်ကုန်း ရွှေပြည် (Resort) တို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပန်းပုရုပ်များမှာ နာဂစ်ကြောင့် ပြိုလဲသွားခဲ့ရသော အပင်ကြီးများ လိုသလိုအသုံးပြု၍ ယနေ့အထိ ထုလုပ်၍ မကုန်ခန်းနိုင်အောင် ရှိနေဆဲဖြစ်ကြောင်း၊ ဇဟိုသမဝါယမမှ ပန်းပုပညာရှင်တို့အား ယင်းသစ်များပေး၍ ထုလုပ်ကာ ပြိုင်ပွဲဝင်စေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်း -မြင့်မောင်စိုး**
**ဓာတ်ပုံ -တင်စိုးမြန်မာ့အလင်း**

## နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ဟောပြော

**နောင်တရား ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့အထက ကျောင်း၌ နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ဟောပြောပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် အထကကျောင်း ကျောင်းအုပ်ဆရာကြီးက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဆုမွန်ထွန်းက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းကို ပြောခဲ့သည်။ ဟောပြောပွဲတွင် ပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်များ၊ ရောင်စုံအလှဓာတ်ပုံများ ခင်းကျင်းပြသထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း လုံခြုံရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်လွင်ဦးနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်မျိုးဝင်းတို့အဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက်မှ ၁၀ ရက်အထိ ရန်ကုန်-မန္တလေးလမ်းဟောင်း နေပြည်တော်အဝင်ဂိတ် (ကြို့ပင်သာစစ်ဆေးရေးဂိတ်)တွင် ပိတ်ဆို့ရှာဖွေစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်စဉ်**
တင်ထွန်းတာ (တပ်ကုန်း)

## စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၁** - ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များတွင် အများပြည်သူဖတ်ရှုနိုင်ရန် ရည်ရွယ်၍ ရှန်တီစေတနာ ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association-SVA) က ကလေးစာပေဆိုင်ရာ စာအုပ်များလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၉ ရက်က ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါစာအုပ်လှူဒါန်းပွဲတွင် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA)၏ ဒါရိုက်တာ Ms. Aki Nakahara က စာအုပ်များ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ကလေးသူငယ်များ ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကလေးငယ်များအတွက် ကလေးစာပေအမျိုးအစား တစ်မျိုးလျှင် ၅၈၂၄ အုပ်နှုန်းဖြင့် ငါးမျိုး၊ စာအုပ်ပေါင်း ၂၉၁၂၀ ကို ပေးအပ်လှူဒါန်းခဲ့ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်စိုးက လက်ခံယူခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




## ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်း အနောက်ပိုင်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၂) တွင်(၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် ဂျပန်နိုင်ငံ၏ (ODA)ချေးငွေဖြင့် ဆောင်ရွက်မည့် ဝဲကြီးရေလှောင်တမံစီမံကိန်း၊ မြောက်နဝင်းရေလှောင်တမံစီမံကိန်းနှင့် တောင်နဝင်းရေလှောင်တမံ စီမံကိန်းတို့၏ တူးမြောင်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော ဘိလပ်မြေများအား ဝယ်ယူလိုပါသဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

**တင်ဒါထုတ်ယူနိုင်သည့်ရက်** - ၁၃-၂-၂၀၁၇ရက် (တနင်္လာနေ့)
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၇-၂-၂၀၁၇ရက် (သောကြာနေ့) ၁၆း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၂၀-၂-၂၀၁၇ရက် (တနင်္လာနေ့) ၁၀း၀၀နာရီ
**ဆက်သွယ်ရန်တယ်လီဖုန်း** - ၀၅၃-၂၈၅၃၃
**တင်ဒါပေးပို့ရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ်

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၂)၊ ငွေစာရင်းဌာနစိတ်တွင် ၁၃-၂-၂၀၁၇ရက်မှ ၁၇-၂-၂၀၁၇ရက်အထိ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**တည်ဆောက်ရေး(၂)၊ ပြည်မြို့**

## အများသိစေရန်

မွန်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော မွန်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ၁၈-၃-၂၀၁၇ ရက်မှ ၂၄-၃-၂၀၁၇ ရက်ထိ ခုနစ်ရက်တိုင်တိုင် မော်လမြိုင်မြို့၊ သံလွင်ဥယျာဉ်ပန်းခြံအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပြည်နယ်ဂုဏ်ဆောင်ဆု ချီးမြှင့်ပွဲအခမ်းအနား၊ ဌာနဆိုင်ရာပြခန်းများ၊ ပျော်ပွဲရွှင်ပွဲများ၊ ဖျော်ဖြေရေးဇာတ်ပွဲများ၊ တေးဂီတတီးဝိုင်းများ၊ ကုန်စည်ပြပွဲများနှင့် ဈေးရောင်းပွဲတော်များဖြင့် ထည့်သွင်းကျင်းပမည်ဖြစ်၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီအဖွဲ့အစည်းများမှ အောက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန်-**
**ဝန်ကြီး၊ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာန၊**
**မွန်ပြည်နယ်အစိုးရအဖွဲ့၊ ဖုန်း-၀၅၇-၂၅၉၁၉**
**ဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့**
**ဖုန်း-၀၅၇-၂၅၉၁၇**


telenor
ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင်ကျရောက်သော
နှစ် (၇၀) မြောက်ပြည်ထောင်စုနေ့ကို
ဂုဏ်ပြုကြိုဆိုပါသည်။
မြန်မာနိုင်ငံရဲ့
အကြီးမားဆုံးအင်တာနက်ကွန်ရက်

# မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်
## နေပြည်တော် ဖေဖော်ဝါရီလ

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ခုနှစ် ဧပြီ ၁ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းအား ၁-၂-၂၀၁၇ရက်မှစ၍ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ကပ်ထားကြေညာခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းမှန်ကန်ရေးအတွက် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး (၁)ဦး (မပျက်မကွက်) လာရောက်ကြည့်ရှု၍ တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ဝိုင်းဝန်းကူညီကြပါရန် မြန်မာ့ရုပ်မြင်သံကြား၊ သတင်းစာနှင့် ရေဒီယိုတို့မှ ထုတ်လွှင့်ဖော်ပြ မေတ္တာရပ်ခံခဲ့ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်လည်းပူးပေါင်း၍ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းကြည့်ရှုရန် နှိုးဆော်ဆောင်ရွက်ခဲ့ပါသည်။

၂။ အခြေခံမဲဆန္ဒရှင်စာရင်းကပ်ထားသည့် ၁-၂-၂၀၁၇ရက်မှ ၇-၂-၂၀၁၇ ရက်အထိ မဲစာရင်းလာရောက်ကြည့်ရှုသူအရေအတွက်မှာ မဲဆန္ဒရှင်များ၏ ၆ဒသမ၀၁ရာခိုင်နှုန်းခန့်သာလာရောက်ကြည့်ရှုပြီး မိမိအမည်မပါဝင်သဖြင့် မဲစာရင်းတွင် အမည်စာရင်းထည့်သွင်းပေးရန် ပုံစံ(၃)ဖြင့် တောင်းဆိုသူ ၂ ဒသမ ၇ရာခိုင်နှုန်း၊ မဲစာရင်းတွင်မပါဝင်သင့်သူများ ပါဝင်နေသဖြင့် ပုံစံ (၄) ဖြင့် ကန့်ကွက်သူ ၀ ဒသမ ၅ရာခိုင်နှုန်း၊ မဲစာရင်းတွင် အချက်အလက်များမှားယွင်းနေသဖြင့် ပုံစံ (၄-ဂ)ဖြင့် ပြင်ဆင်ရန် တင်သွင်းသူ ၁ဒသမ ၆ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည့်စုံမှန်ကန်သော မဲစာရင်းဖြစ်စေရန် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး (၁)ဦး မပျက်မကွက် လာရောက်ကြည့်ရှုပြီး လိုအပ်သည်များ တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ဝိုင်းဝန်းကူညီကြပါရန် ထပ်မံအသိပေး နှိုးဆော် မေတ္တာရပ်ခံအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

## ထုတ်ကုန်လိုင်စင် ပျောက်ဆုံးခြင်း

သီရိရတနာ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်၏ ထုတ်ကုန်လိုင်စင်အမှတ် WQ.EL 4/15-16/0168 နေ့စွဲ (၇-၃-၂၀၁၆) သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်နှင့် ကျေးဇူးဆပ်ပါမည်။**ဖုန်း-၀၉-၂၅၈၈၅၄၂၅၈**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၆)ရပ်ကွက်၊ ကွင်းကလေးလမ်း၊ အကွက်အမှတ် (၈၃-ခ)၊ကုလားတန်းအကွက်၊ ဦးပိုင်အမှတ်(၉၃-ခ၊ ၉၆)၊ ဧရိယာ ၀ဒသမ ၀၇၀ဧကရှိမြေကို ဦးစိန်တင်အမည်ဖြင့် လူနေမြေငှားဂရန် (သက်တမ်းတိုး)လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ် ၅၀ အကောက်ဆိပ်အကွက်၊ ဦးပိုင်အမှတ် ၅၂၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကို ဒေါ်သန်းသန်းဌွေးအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**
**ပုသိမ်မြို့နယ်**

---

Vacancy Announcement
E-mail-bxtinternationalmm@gmail.com
Phone Number-01-652846
Seeking the motivated,experienced and qualified persons for our construction sites in Sittwe,Rakhine State.

(1) Engineer (BE.Civil) (2)Persons (M)
(At Least(5)years experienced in relevant field)
Preferable-Marine Structure work

(2) Surveyor (AGTI Level) (1)person (M)
(At Least(3)years experienced in relevant field)
2D,3D,Auto cad

Submit the application with a CV Form,a recent past post photo, a copy of NR Card and character reference during office hour. Only Short-Listed Candidates will be invited for an interview.

Note.Selected Persons must stay in Sittwe and work with Project intently during contract time.

---

## ကန့်ကွက်နိုင်ပါကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊ ရပ်ကွက်-ဈေးကြို၊ အကွက်အမှတ်နှင့် အမည်-၉၇-စမ်းကြီး၊ ဦးပိုင်အမှတ်-၈/၁၇က၊ ပိုင်ဆိုင်ခွင့်-ဘိုးဘွား၊ မြေအမျိုးအစားအတန်း-လ/န-၃(ခ)၊ ဧရိယာ ၀ ဒသမ ၁၃ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်၁၇၃၊ ကျိုက္ခမီလမ်းမ၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်ဟု ခေါ်တွင်သော မြေနှင့် ယင်းမြေပေါ်ရှိ RC Hall (၂)ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့မြေစာရင်းတွင် ဒေါ်မေသူ (ဘ) ဦးတင့်နိုင် ၁၀/မလမ(နိုင်)၁၇၈၁၀၁ အမည် ပေါက်တည်ရှိပြီး၊ ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်းကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကောင်းမြတ်ဇော်** | **ဦးသန့်ဇော်** |
| **အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)** |

**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အာဟာရသုခဈေး ပွဲရုံဆိုင်ခန်းအမှတ်(ပ-၄) အား ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ နယ်မြေ(၂)၊ အိမ်အမှတ်(၃/၁၇၄)နေ ဦးပြေအေး ၇/ရတန(နိုင်)၀၈၀၆၉၉ အမည်ပေါက်ပိုင်ဆိုင်ပြီး အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၊ ရွှေတဆုပ်လမ်း၊ အိမ်အမှတ်(၉၃)နေ ဦးတင်မောင်လေး ၁၃/ကလန(နိုင်)၀၇၅၂၉၃ သို့ အခွန်ထမ်းအမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် တိရစ္ဆာန်ကောင်ရေစာရင်း ရွှေ့ပြောင်းကောက်ယူခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော စာရင်းကောက်ပုံစံများကို အောက်ဖော်ပြပါအတိုင်း ရိုက်နှိပ်ရန်အတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်းကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | **စာရွက်အမျိုးအစား** | - 70gm/m2 |
| (ခ) | **စာရွက်အရွယ်အစား** | - A3 |
| (ဂ) | **ရိုက်နှိပ်မည့်အမျိုးအစား** | - ကျောကပ် |
| (ဃ) | **ရိုက်နှိပ်မည့်အရောင်** | - အဖြူအမည်း |
| (င) | **ရိုက်နှိပ်မည့်ရွက်ရေ** | - ၈၀၀၀၀၀၀(ရှစ်သန်း) |
| (စ) | **ပေးသွင်းရမည့်ထုပ်ပိုးမှုပုံစံ** | - ရွက်ရေ(၁၀၀၀)ကို တစ်ထုပ်စည်း၍ ပလတ်စတစ်ဖြင့်ထုပ်ပိုးပေးရမည်။ |

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဌာနခွဲ၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁၇-၂-၂၀၁၇ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်းမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၇၅သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

---

## မသန်စွမ်းသူများအတွက်(အထူး)အခွင့်အရေးကောင်း အသက်မွေးဝမ်းကြောင်းပညာ သင်တန်းသား/သူခေါ်ယူခြင်း

လူမှုဝန်ထမ်းဦးစီးဌာနနှင့် အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း AAR Japan တို့မှ ပူးပေါင်းဖွင့်လှစ်သော အဆင့်မြင့်ဂျပန်နည်းပညာ စက်ချုပ်၊ ဆံသအလှပြုပြင်ခြင်းနှင့် ကွန်ပျူတာသင်တန်းများကို တစ်နှစ်လျှင်(၃)ကြိမ် အခမဲ့ ဖွင့်လှစ်သင်ကြားလျက်ရှိပါသဖြင့် ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် အကြားအာရုံအားနည်းသူများ (အသက် ၁၈ နှစ်မှ ၄၀ အတွင်း) လျှောက်ထားနိုင်ပါသည်။ သင်တန်းကာလအတွင်း အဆောင်တွင်နေထိုင်နိုင်သူဖြစ်ရမည်။ သင်တန်းသား/သူတစ်ဦးချင်းစီ၏ မသန်စွမ်းမှုအလိုက် ဆရာ/ဆရာမများနှင့် အဆောင်မှူးများမှ ကြီးကြပ်သင်ကြားလျက်ရှိပါသည်။ လျှောက်လွှာများကို AAR Japan အသက်မွေးဝမ်းကြောင်းတွင် အခမဲ့ ရယူနိုင်ပါသည်။

လျှောက်လွှာများကို တစ်နှစ်ပတ်လုံးလက်ခံလျက် အပတ်စဉ်တိုင်းတွင် ထည့်သွင်းစဉ်းစားပေးပါသည်။

ဒုတိယအပတ်စဉ် ၂၀၁၇ ခုနှစ်သင်တန်းအတွက်

| | |
|---|---|
| **လျှောက်လွှာပိတ်မည့်ရက်** | - ၂၈ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၇ ခုနှစ်။ |
| **သင်တန်းကာလ** | - ၂၀၁၇ ခုနှစ် မေလ ၂ရက်နေ့မှ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၆ရက်နေ့အထိ |
| **ဆက်သွယ်စုံစမ်းရန်လိပ်စာ** | - AAR Japan မသန်စွမ်းသူများအတွက် သက်မွေးလုပ်ငန်းပညာသင်ကျောင်း အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 09-254343701 |

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
**(တတိယအကြိမ် တင်ဒါ)**
**လမ်းဦးစီးဌာန၊ မြိတ်ခရိုင်**

တနင်္သာရီတိုင်းဒေသကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြိတ်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း/ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော အောက်ပါပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသောကြောင့် စိတ်ဝင်စားမည့်လုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား |
|---|---|
| ၁။ | ခွဲကျောက်(ရွယ်စုံ) |
| ၂။ | ဘိလပ်မြေ |
| ၃။ | သံချောင်း |
| ၄။ | ဒီဇယ်ဆီ |
| ၅။ | တောသစ်ခွဲသား |
| ၆။ | သစ်မာခွဲသား |
| ၇။ | ထုံးမှုန့် |
| ၈။ | သဲ |

| | |
|---|---|
| **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - ၈-၂-၂၀၁၇ ရက် |
| **တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** | - နံနက် ၁၀း၀၀ နာရီ |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | - ၁၅-၂-၂၀၁၇ ရက် |
| **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** | - မွန်းတည့် ၁၂း၀၀ နာရီ |
| **တင်ဒါဖွင့်လှစ်မည့်ရက်** | - ၁၆-၂-၂၀၁၇ ရက် |
| **တင်ဒါဖွင့်လှစ်မည့်အချိန်** | - နံနက် ၁၀း၀၀ နာရီ |

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပြီး၊ လျှောက်လွှာများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**လျှောက်လွှာဝယ်ယူရမည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဆောက်လုပ်ရေးဝန်ကြီးဌာန၊လမ်းဦးစီးဌာန
**မြိတ်ခရိုင်၊မြိတ်မြို့**
**ဖုန်း-၀၅၉-၄၁၀၀၇၊ ၄၁၁၁၇**

---

## မြေကွက်များဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊
ဒဂုံတောင်၊
ဒဂုံအရှေ့မြို့နယ်များရှိ
မြေကွက်များ
ဝယ်လိုပါသည်။
ပိုင်ရှင်ကိုယ်တိုင်
ဆက်သွယ်ပါ။
**ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊**
**၀၉-၂၆၀၆၆၄၄၉၀**

---

## ရောင်းမည်

ပဲခူးမြို့လည်ခေါင် လိပ်ပြာကန် ၃၂လမ်းရှိ စီးပွားရေးအတွက် အချက်အချာကျသော အိမ်နှင့်ခြံ (၂၆ပေ× ၁၉၈ပေ) နှစ်ထပ် B/N ရေ၊ မီး၊ ဖုန်းအဆင်သင့် ညှိနှိုင်းဈေးဖြင့် ရောင်းမည်။
**ဖုန်း-၀၉-၇၆၂၁၆၄၈၀၀**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7K/7125, Toyota Hilux ViGo KUN35R, P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစောလှဌေး ၁၂/တတန(နိုင်)၁၈၁၃၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

---

**ပင်းတယမြို့၊ ရွှေဥမင်ဘုရားပွဲကျင်းပရက်နှင့်ဆိုင်ခန်းရောင်းချမည့်ရက်**

## အသိပေးကြေညာခြင်း

ပင်းတယမြို့၊ ရွှေဥမင်ဘုရား ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကို တပေါင်းလဆန်း ၁၁ရက် (၈-၃-၂၀၁၇)ရက်မှ တပေါင်းလပြည့်ကျော် ၁ရက် (၁၃-၃-၂၀၁၇)ရက်အထိ မြို့နယ်သံဃသြဝါဒနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ပွဲတော်အတွင်းရှိ ဈေးအရောင်းဆိုင်ခန်းများကို ယခင်နှစ်ရောင်းချမှုပုံစံများအားလုံးဖျက်သိမ်းပြီး မဲစနစ်ဖြင့်ရောင်းချပေးသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဆိုင်ခန်းလိုအပ်သူများသည် ပစ္စည်းအမျိုးအစားအလိုက် သတ်မှတ်နေရာများတွင် ရောင်းချနိုင်ပါရန် လျှောက်လွှာစတင်ရောင်းချမည့် (၁၂-၂-၂၀၁၇မှ၂၅-၂-၂၀၁၇) အတွင်း လျှောက်လွှာတင်ကြရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို လျှောက်လွှာရောင်းချရာဌာန၊ Happy လက်ဖက်ရည်ဆိုင်ရှေ့၊ ရှမ်းရပ်ကွက်၊ ပင်းတယမြို့တွင်လာရောက်စုံစမ်းနိုင်ပါသည်။ ဆေးလိပ်၊ အရက်၊ ဘီယာ၊ ခေါင်ရည် စသော မူးယစ်သေစာများအား ရောင်းချခွင့်၊ ကြေညာခွင့်မပြုကြောင်းအသိပေးအပ်ပါသည်။ ၂၅-၂-၂၀၁၇ရက်ထက် နောက်ကျပြီးရောက်ရှိလာသော ဆိုင်ခန်းလျှောက်လွှာများကို လက်ခံစဉ်းစားပေးမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပင်းတယရွှေဥမင်ဘုရား ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်**
**ကျင်းပရေးကော်မတီ၊ ဖုန်း-၀၉-၄၉၃၅၈၂၀၀**

---

## ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ခင်တဲအုပ်စု တည်ပင်ကုန်း၊ မကျီးကုန်း၊ မြင်းရွာ၊ ဥသျှစ်ကုန်း ကျေးရွာများမှ စုပေါင်းကျင်းပသော(၇၃)ကြိမ်မြောက် အောင်တော်မူ ဗုဒ္ဓပူဇနီယပွဲတော်အား ၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၉ ရက်မှ လပြည့်ကျော် ၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားပါမည်။

---

## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအဆောက်အအုံနှင့် နည်းပညာဆိုင်ရာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား ဖိတ်ကြားလွှာ

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အဆောက်အအုံနှင့် နည်းပညာဆိုင်ရာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို လမ်းမတော်မြို့နယ်၊ ခရေပင်လမ်း၊ အမှတ် (၅/က)တွင် ၁၈-၂-၂၀၁၇ရက်(စနေနေ့)နံနက် ၈း၀၀နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖွင့်ပွဲအခမ်းအနားသို့ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်နှင့် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိထားသူများအား နေရာထိုင်ခင်းအနေအထားအရ လူဦးရေကန့်သတ် အရေအတွက်ဖြင့် တက်ရောက်ရန်ဖိတ်ကြားမည်ဖြစ်ပါသည်။

ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လိုသူ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်နှင့် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိထားသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီရုံးသို့ လူကိုယ်တိုင်လာရောက်၍ နိုင်ငံသားစိစစ်ရေးကတ်နှင့် (P.E/R.S.E)လက်မှတ်များ၏ မူရင်းနှင့်မိတ္တူများတင်ပြလျက် ၁၅-၂-၂၀၁၇ရက် မွန်းတည့် ၁၂း၀၀ နာရီအထိ နောက်ဆုံးစာရင်းပေးသွင်းပြီး ဖိတ်ကြားစာထုတ်ယူကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ** **ဖုန်း-၀၁-၂၅၁၂၁၃၊ ၇၀၃၂၇၅**
**အမှတ် ၂၂၈/၂၃၄၊** **Website:www.myanmarengc.org**
**ဗိုလ်ချုပ်အောင်ဆန်းလမ်း၊** **Email:headquarters@myanmarengc.org**
**ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ မြေကွက်အမှတ် (ဂ/၁၅၂)နှင့်ပတ်သက်သော စာရွက်စာတမ်းများပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့်မူရင်းကွဲ ပြန်လည်လျှောက်ထားထုတ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဗိုလ်ကြီးစိုးတင့်**
**လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)**
**ဖုန်း-၀၉-၄၀၀၅၃၇၆၀၃၊ ၀၉-၇၈၁၃၃၂၆၆၄**

---

**ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း**
## ထုချေစေရန်အကြောင်းကြားစာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မရမ်းကုန်းမြို့နယ်တရားရုံးတော်**
**တရားမကြီးမှုအမှတ်-၂၄/၂၀၁၆ နှင့်ဆက်နွယ်နေသည့်**
**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၂**

| | | |
|---|---|---|
| ဒေါ်မြမြငြိမ်း(ခ)ဒေါ်မြမြညီမ်း | **နှင့်** | ဒေါ်နက်ထည် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၅ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ် (၉၁)၊ ဒုတိယထပ်နေ ဒေါ်နက်ထည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄တွင် ကျရှိသော ဒီကရီအား အတည်ပြုပေးပါရန် ဤရုံးတော်သို့ တရားနိုင် ဒေါ်မြမြငြိမ်း(ခ)ဒေါ်မြမြညီမ်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ရက် (၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။

**(နိုင်ဝင်းစိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မရမ်းကုန်းမြို့နယ်တရားရုံး**

## ဦးသန်းလွင်
**(မူးသာကျေးရွာ၊ ခင်ဦးမြို့)**
**အသက်(၈၇)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်၊ ၈ လမ်းနေ (ဦးဘကြီး-ဒေါ်ဇင်)တို့၏သား၊ ဒေါ်ခင်ညွန့်၏ခင်ပွန်း၊ (ဦးထွန်းခင်)-ဒေါ်သန်းညွန့်၊ ဦးသန်းအောင်-ဒေါ်မြင့်ကြည်၊ ဦးချိုဝင်း(သူဇာနွယ်ပွဲရုံ)တို့၏အစ်ကိုသည် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးကျော်ခင်(ခ)ကန့်ရော့ကီး
**(ဘိုကလေးမြို့)ခေတ္တ-U.S.A**
**အသက်(၈၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ(ဦးကျင်-ဒေါ်ဝဲ)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၈ နေ ဒေါ်စန်းစန်းအေး၏ခင်ပွန်း၊ ဦးထွန်းထွန်းဦး-ဒေါ်စန္ဒာဝင်း၊ ဦးညီညီဦး-ဒေါ်လေးလေးမြင့်၊ ဒေါ်မိုးသီတာ-ဦးကျင်ထွန်း၊ ဦးဗိုလ်ဗိုလ်ဦး-ဒေါ်ခင်မျိုးဆက်(U.S.A)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၇-၂-၂၀၁၇ရက်(အင်္ဂါနေ့) မြန်မာစံတော်ချိန် နံနက် ၆း၁၉ နာရီတွင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ Mount Sinai ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် နယူးယောက်မြို့တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် EE/2429 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/2429 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/3932 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/ရွှေပေါက်ကံ)၊ မြေကွက်အမှတ် (၇၅၂)၊ မြေကွက်တည်နေရာအမှတ် (၇၅၂)၊ (၁၆/ရွှေပေါက်ကံ) မငြိမ်းငြိမ်းစန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် မငြိမ်းငြိမ်းစန်းထံမှ အရပ်ကတိစာချုပ်(၁)ဆင့်ဖြင့်ရရှိသူ ဒေါ်ဆန်းဆန်းဆွေ ၁၂/လကန(နိုင်)၁၈၁၂၄၀မှ မြေပြင်တွင် ဧရိယာ(၄၀'×၆၀')ရှိပြီး (၁၀'×၆၀')အဆောက်အအုံ သုံးလုံးနှင့် (၁၀'×၆၀')မြေကွက်လပ်ရှိ၍ ဒေါ်ဆန်းဆန်းဆွေနှင့်ညီမ ဒေါ်သီသီဆွေ၊ မောင်ဖြစ်သူဦးလှိုင်မြင့်တို့နေထိုင်ကြောင်း၊ မြေပြင်နေထိုင်သူ မောင်နှမများ၏ သဘောတူညီကြောင်း မိသားစုသဘောတူစာချုပ်၊ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့ကိုတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်တင်ဝင်း
**(မြိတ်၊ ကော့သောင်း)**
**အသက်(၇၀)**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်နေ(ဦးလှဒင်-ဒေါ်အုံးမေ)တို့၏သမီး၊ ကော့သောင်းမြို့နေ (ဦးကြည်စိန်)၏ဇနီး၊ ကိုစိုးအောင်-မစန်းစန်းတင့်၊ ကိုထွန်းထွန်း-မကြူကြူစိုး၊ ကိုကျော်နိုင်-မမြမြဝင်းတို့၏မိခင်၊ မဖူးဇူးနှင်း၊ မလဲ့ယမင်းခင်၊ မမေအိမ်ရွှေ၊ မောင်ကောင်းစွမ်းနိုင်၊ မောင်ကျင်းကျင်း၊ မသန်းသန်းတို့၏ အဘွားသည် ၁၀-၂-၂၀၁၇ရက် (သောကြာနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၄၀နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသင်းသား/အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

### ဘဝနတ်ထံပျံလွန်တော်မူခြင်းနှင့် အဂ္ဂိစျာပနသဘင်အခမ်းအနားကျင်းပခြင်း
## တောင်ကြီးဝေဠုဝန်ဆရာတော်ကြီးဘဒ္ဒန္တဝိဇယ
**သက်တော်(၈၀)၊ သိက္ခာတော်(၆၀)**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကျောင်းကြီးစု(ဝါးပြား)ရပ်ကွက်၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက၊ ရှမ်းပိဋကတ်ဘာသာပြန် သံဃနာယကအဖွဲ့ချုပ် အနုနာယက၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ကျမ်းပြုဂန္ထကာရက၊ ဝိနယဂရုက၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြုအောက်စဖို့ဒ်ဆရာတော် ပါမောက္ခဒေါက်တာဓမ္မသာမိ၏မူလ ဆရာဖြစ်တော်မူသော တောင်ကြီးဝေဠုဝန်ဆရာတော်ကြီးဘဒ္ဒန္တဝိဇယမဟာထေရ်သည် (၁၃၇၈ခုနှစ် ပြာသိုလဆန်း ၈ရက်) ၅-၁-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၄း၅၃နာရီတွင် ဘဝနတ်ထံပျံ လွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၅ရက်)၁၆-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် တရားနာ၊ ရေစက်ချလှူဒါန်းပြီး အဆိုပါကျောင်းတိုက်မှ အဝေရာမီးပုံးပျံကွင်းသို့ ပင့်ဆောင်ကာ အန္တိမအဂ္ဂိစျာပနသာဓုကီဠာနသဘင်ကို ဆရာတော်ကြီး၏တပည့်သံဃာတော်များ၊ ဒါယကာ ဒါယိကာမများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်သာသနာရေးဦးစီးဌာနတို့မှ ကုသိုလ်ယူ ကျင်းပမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများ လာရောက်ကြည်ညိုပူဇော်နိုင်ရန် အကြောင်းကြားအပ်ပါသည်။

**စျာပနကျင်းပရေးကော်မတီနှင့်**
**ဆရာတော်ကြီး၏တပည့်သံဃာတော်များနှင့်**
**ဒါယကာ၊ ဒါယိကာမများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ရွှေ
**အသက် (၈၀)**

FAMOUS PARAMI GROUP Co.,Ltd. ဒါရိုက်တာအဖွဲ့ဝင် ဦးစောရွှေအောင်- ဒေါ်နုနုရီတို့၏ မိခင်ကြီးသည် ၈-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူးနှင့်ဝန်ထမ်းများ**
**ဓာတ်တိုင်စက်ရုံ (တောင်ငူ)**
**FAMOUS PARAMI GROUP Co.,Ltd.**

## ဦးကျော်ငြိမ်း
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ငြိမ်း)**
**အသက်(၉၁)နှစ်**

သည် ၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁၁ရက်၊ ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၂၅နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စီမံကိန်းတာဝန်ခံနှင့်**
**အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် ဝန်ထမ်းများ**
**အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) တည်ဆောက်ရေးစီမံကိန်း**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ရွှေ (ငွေစင်သွန်းစတိုး)
## အသက်(၈၀)

Famous Group of Companies Ltd. မှ ဒါရိုက်တာအဖွဲ့ဝင် ဦးစောရွှေအောင်၏မိခင် ဒေါ်တင်ရွှေ(ငွေစင်သွန်းစတိုး)သည် ၈-၂-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Famous Group of Companies Ltd.**
**ဥက္ကဋ္ဌ ဦးရဲမင်းနှင့်ဒါရိုက်တာအဖွဲ့ဝင်များ**

## ဦးသန်းလွင်
**(မူးသာကျေးရွာ၊ ခင်ဦးမြို့)**
**အသက်(၈၇)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်၊ ၈လမ်းနေ (ဦးဘကြီး-ဒေါ်ဇင်)တို့၏သား၊ ဒေါ်ခင်ညွန့်၏ခင်ပွန်း၊ ဦးသန်းရင်-ဒေါ်တင်ညွန့်၊ ဦးစိန်တုတ်-ဒေါ်စိန်ရင်တို့၏အစ်ကို၊ ဗိုလ်မှူးကြီးအောင်ဝင်း၊ ညွှန်/ချုပ်(ငြိမ်း) မြို့/အိုး-ဒေါ်မူမူတင်၊ ဒေါ်ခင်မာလွင် အ·မ·က(မူးသာ)ကျောင်းအုပ်ကြီး(ငြိမ်း)၊ ဒေါ်သီတာလွင်သူဇာနွယ်ပွဲရုံ(ရေဦး)၊ ဦးဝင်းလွင်-ဒေါ်နီလာဝင်း၊ဒေါ်သန်းသန်းရီ အထက(၁)(ရေဦး)၊ဒေါ်စန္ဒာဝင်း ထွေ/အုပ်(ရေဦး)၊ ဦးမျိုးဇော်-ဒေါ်ဥမ္မာခင်တို့၏ဖခင်၊ ဦးဇေယျာမင်း လ/ထ ညွှန်မှူး၊ ပို့/ဆက်-ဝန်ကြီးဌာန- ဒေါက်တာမေဇွန်အောင်ဝင်း(ကထိက ဆေး-၁၊ မျက်စိဆေးရုံ)၊ ဒေါက်တာအောင်ထက်ဝင်း-ဒေါက်တာ မူမူရှိန်၊ မောင်လှိုင်ဖြိုး၊မောင်ကောင်းစံ၊ မောင်ဘုန်းမြတ်သူတို့အဘိုး၊ ဦးဝင်းသန်း-ဒေါ်ကေသီဦးတို့၏ဘကြီး၊မောင်ခန့်ထက်မင်း၊ ဒေါက်တာဝဏ္ဏထွန်း၊ မစုဝေထွန်းတို့၏အဘိုးသည် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့)တွင် ရေဦးမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၂-၂၀၁၇ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးဇင်ဦးမောင် အသက်(၅၁)နှစ်
**(မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်နေ ဦးကြည်မောင်-ဒေါ်မေဝင်းကြည်(ခ)ဒေါ်ကျင်တို့၏သား၊ (ဦးသိန်းမောင်-ဒေါ်နက်)တို့၏သားသမက်၊ ဒေါ်အေးအေးကျော်(ပါမောက္ခ-ဌာနမှူး၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဒေါ်ခင်မမကျော်(အထက-၂၊ သာကေတ)၊ ဦးမောင်မောင်ညွန့်-ဒေါ်တင်ဝင်းကျော်၊ (ဦးချစ်ကိုကို)၊ ဒေါ်ခင်နှင်းကျော်တို့၏တူ၊ (ရဲအုပ်မိုးဇော်)-ဒေါ်ခင်ယုယုမောင်၊ ဦးအောင်မျိုးသန့်-ဒေါ်စုစုယဉ်၊ ဦးအောင်မျိုးသူ-ဒေါ်အိစန္ဒာမောင်၊ ဦးအောင်သူမြင့်-ဒေါ်နေကြည်လင်းမောင်တို့၏အစ်ကို၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြေ(၄)လမ်းအရှေ့၊ အမှတ် ၉၃၅နေ ဒေါ်စိုးစိုးညွန့်(ရန်ကုန်တက္ကသိုလ်)၏ချစ်လှစွာသောခင်ပွန်း၊ မကေဇင်မေခိုင်(ရန်ကုန်ပညာရေးတက္ကသိုလ်)၊ မောင်ကောင်းဇင်မျိုးခန့်(ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်)တို့၏ဖခင်သည် ၇-၂-၂၀၁၇ရက်(အင်္ဂါနေ့)ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ကျိုက္ကစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## အထူးကျေးဇူးတင်ရှိခြင်း
## ဦးစိုးမင်း(ခ)ဦးစိုးအောင်(ခ)ကိုမော်(ခ)ဝက်သား
**B.Sc (MATHS)**
**(1984-1991)RC3**
**အသက်(၅၆)နှစ်**

၆-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားသော ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ် (၉၀)နေ (ဦးသိန်းဦး)-ဒေါ်ကျင်စိန်တို့၏ ချစ်လှစွာသော တတိယသား၊ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၁၇)လမ်း၊ အမှတ် ၄၄နေ (ဦးအောင်သန်း)-ဒေါ်ခင်စန်းရီတို့၏ချစ်လှစွာသော သားသမက်၊ ဒေါ်တင်တင်အေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သက်ပိုင်စိုး၊ မခိုင်ဇင်သင်းတို့၏ ချစ်လှစွာသောဖခင်၏ နာရေးကိစ္စအဝဝကိုအဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော (၈၄-၉၁)သင်္ချာမှ အဖွဲ့ဝင်များအားလုံး၊ သတင်းမေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံး၊ ဦးဆောင်လူငယ်ပရဟိတအဖွဲ့ လမ်းမတော်မြို့နယ်နှင့် ၁၃လမ်း အထက်လမ်းနှင့် လမ်းတိုဆွမ်းလောင်းအဖွဲ့၊ သာရေးနာရေးအဖွဲ့ဝင်များအားလုံးတို့ကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးသူရိန်ကျော် (ငြိမ်း)
**ဌာနမှူး၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနနှင့်**
**ကျန်းမာရေးဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**အသက်(၅၁)နှစ်**

တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနနှင့် ကျန်းမာရေးဌာန၊ ဌာနမှူးဖြစ်သူ ဗိုလ်မှူးသူရိန်ကျော်(ငြိမ်း)သည် ၉-၂-၂၀၁၇ရက် မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဌာနမှူးနှင့်ဝန်ထမ်းများ**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကောသလ္လဓဇမဟာထေရ်
**သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၅၀)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဓ/တောင် ရပ်ကွက်၊ စိန်ရိပ်သာဓမ္မသုခ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဘဒ္ဒန္တကောသလ္လဓဇမဟာထေရ်သည် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်) ၁၀-၂-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်) ၁၄-၂-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများအားအကြောင်းကြားအပ်ပါသည်။

**တပည့်သံဃာဒါယကာ၊ ဒါယိကာမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဝင်းပပထွန်း ၁၉၉၄ B.Agr.Sc အကြိုးတန်း(ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်)၏မိခင် ဒေါ်ခင်လှိုင်ထွန်းသည် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသည့်အတွက် သူငယ်ချင်းမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**၁၉၉၄ B.Agr.Sc အကြိုးတန်းသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမောင်မောင် [Technical Consultant (RVK Meditech Co., Ltd., MPF-Pyin Oo Lwin)၊ စက်ရုံမှူး(ငြိမ်း) မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပြင်ဦးလွင် ]၏ဇနီး ဒေါ်မူမူလေးမောင် အသက်(၅၉)နှစ်သည် ၆-၂-၂၀၁၇ ရက် ဂျပန်စံတော်ချိန် မွန်းလွဲ ၂နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်နှင့် ဝန်ထမ်းများ၊အင်ဂျင်နီယာဌာန**
**မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမောင်မောင် [Technical Consultant (RVK Meditech Co., Ltd., MPF-Pyin Oo Lwin)၊ စက်ရုံမှူး(ငြိမ်း) မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပြင်ဦးလွင် ]၏ဇနီး ဒေါ်မူမူလေးမောင် အသက်(၅၉)နှစ်သည် ၆-၂-၂၀၁၇ ရက် ဂျပန်စံတော်ချိန် မွန်းလွဲ ၂နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးဘက်ညွှန်ကြားရေးဌာန**
**မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမောင်မောင် [Technical Consultant (RVK Meditech Co., Ltd., MPF-Pyin Oo Lwin)၊ စက်ရုံမှူး(ငြိမ်း) မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပြင်ဦးလွင် ]၏ဇနီး ဒေါ်မူမူလေးမောင် အသက်(၅၉)နှစ်သည် ၆-၂-၂၀၁၇ ရက် ဂျပန်စံတော်ချိန် မွန်းလွဲ ၂နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးဝါးဖော်စပ်ရေးဗေဒဌာန**
**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမောင်မောင် [Technical Consultant (RVK Meditech Co., Ltd., MPF-Pyin Oo Lwin)၊ စက်ရုံမှူး(ငြိမ်း) မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပြင်ဦးလွင် ]၏ဇနီး ဒေါ်မူမူလေးမောင် အသက်(၅၉)နှစ်သည် ၆-၂-၂၀၁၇ ရက် ဂျပန်စံတော်ချိန် မွန်းလွဲ ၂နာရီတွင် ဂျပန်နိုင်ငံ၊တိုကျိုမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Swal Sone Sann Printing Services**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမောင်မောင် [Technical Consultant (RVK Meditech Co., Ltd., MPF-Pyin Oo Lwin)၊ စက်ရုံမှူး(ငြိမ်း) မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပြင်ဦးလွင် ]၏ဇနီး ဒေါ်မူမူလေးမောင် အသက်(၅၉)နှစ်သည် ၆-၂-၂၀၁၇ ရက် ဂျပန်စံတော်ချိန် မွန်းလွဲ ၂နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကုန်ထုတ်ဌာန**
**မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကျော်တေဇာလင်း (ငြိမ်း)
**စတသ(၄၅)၊ ကြည်း-၃၆၂၄၉**
**အသက်(၃၇)နှစ်**

နေပြည်တော်နေ ဒေါ်တင်တင်ဝါ (ဆောက်လုပ်ရေးဝန်ကြီးဌာန)၏ခင်ပွန်း ဗိုလ်မှူးကျော်တေဇာလင်း(ငြိမ်း)သည် ၁-၁၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အောင်ဆန်းတပ်ခွဲညီနောင်များ**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကျော်တေဇာလင်း(ငြိမ်း)
**စတသ(၄၅)၊ ကြည်း-၃၆၂၄၉**
**အသက်(၃၇)နှစ်**

နေပြည်တော်နေ ဒေါ်တင်တင်ဝါ(ဆောက်လုပ်ရေးဝန်ကြီးဌာန)၏ခင်ပွန်း၊ အစ်ကိုကြီးဗိုလ်မှူးကျော်တေဇာလင်း(ငြိမ်း)သည် ၁-၁၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်(၄၅)ဗိုလ်လောင်းသင်တန်း**

### ဦးလှဝေ အသက်(၆၆)နှစ်
**တွဲဖက်ပါမောက္ခ(ငြိမ်း)**
**သတ္တဗေဒဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် ၁၉နေ (ဦးအေးမောင်)-ဒေါ်အေးကြည်တို့၏သား၊ (ဦးပု-ဒေါ်စန်းစန်း)တို့၏သားသမက်၊ (ဦးစိုးညွန့်လွင်)-ဒေါ်နီနီမြင့်တို့၏ညီ၊ ဒေါ်မာလာ၊ ဒေါ်နီလာ(အမက-၁၄၊ သာကေတ)၊ ဒေါ်ဝါဝါ-ဦးစတိုင်းဝန်တို့၏အစ်ကို၊ မတင်ဇာလှဝေ [ရွှေဘုံစံ(မြန်မာ)ကုမ္ပဏီ]၊ မစုလှဲ့စန္ဒာလှဝေ(Royal Green River Co.,Ltd.)၊မောင်ရာဇာလှဝေ(သင်္ချာ၊ဒဂုံတက္ကသိုလ်)တို့၏ဖခင်၊ဒေါက်တာငွေငွေရင်[တွဲဖက်ပါမောက္ခ(ငြိမ်း)၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်]၏ ချစ်လှစွာသောခင်ပွန်းသည် ၁၁-၂-၂၀၁၇ရက်(စနေနေ့) ညနေ ၄း၃၀နာရီတွင် ခုတင်(၅၀၀) အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၁၇ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးသူရိန်ကျော် (ငြိမ်း)
### ဌာနမှူး၊ တိ/ကုဌာနနှင့်ကျန်းမာရေးဌာန
### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အသက်(၅၁)နှစ်

ဗိုလ်မှူးကြီးလှမြင့်ကျော် (ငြိမ်း) - ဒေါ်တင်တင်ဝင်းတို့၏ သား၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း) - ဒေါ်ခင်ချိုဦးတို့၏ သားသမက်၊ ဒေါ်နန်းကလျာဝင်း၏ခင်ပွန်း ဗိုလ်မှူးသူရိန်ကျော် (ငြိမ်း)သည် ၉-၂-၂၀၁၇ရက် မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ မိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးသူရိန်ကျော် (ငြိမ်း)
**ကြည်း/၂၁၃၆၄၊ DSA (30) Intake**
**ဌာနမှူး၊ တိ/ကုဌာနနှင့်ကျန်းမာရေးဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီနီလမ်း၊ အမှတ် ၈၄/၈၅နေ ဒေါ်နန်းကလျာဝင်း (CEO, Asian Fame Media Group)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးသူရိန်ကျော်(ငြိမ်း)သည် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၃၀)ကျောင်းဆင်း**
**သူငယ်ချင်း၊ မိသားစုများ**

---

**ဗိုလ်မှူးသူရိန်ကျော်(ငြိမ်း)**
**ကြည်း - ၂၁၃၆၄၊ D.SA (30)intake**
**ဌာနမှူး၊ တိ/ကုဌာနနှင့် ကျန်းမာရေးဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**အသက်(၅၁)နှစ်**

EMPA 3rd Batchမှဒေါ်နန်းကလျာဝင်း (CEO,Asian Fame Media Group)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်စန္ဒာဝင်း၊ (CMO,Asian Fame Media Group)၊မောင်မျိုးသီဟသော်(YIS,Grade-12)တို့၏ ချစ်လှစွာသောဖခင်သည် ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့) တွင်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**EMPA 3rd Batchမှ သူငယ်ချင်းများ**

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်တင်အောင် အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊၂/မြောက်ရပ်ကွက်၊ ဇင်္ဂမလမ်း၊ အမှတ် (၃၂/က)နေ(ဦးဘစိန် -ဒေါ်သွာ)တို့၏သမီး၊ (ဦးအုန်းမောင်-ဒေါ်အေးခိုင်)တို့၏ သမီးချွေးမ၊ (ဦးကြည်ရှိန်)၏ချစ်လှစွာသောဇနီး၊ (ဦးချစ်လှ-ဒေါ်ဝင်းကြည်)၊ (ဦးကံယုံ)-ဒေါ်ငြိမ်းတင်၊ ဒေါ်ကြင်လှိုင်၊ (ဦးခင်မောင်)-ဒေါ်အုန်းကျင်၊ (ဦးမြင့်ဆွေ-ဒေါ်အုန်းတင်)တို့၏ညီမ၊ (ဦးအောင်ကြည်)-ဒေါ်သန်းသန်းဆွေ၊ ဒေါ်မြသိန်း၊ (ဦးတင်မြင့်-ဒေါ်တင်တင်)၊ ဦးမြင့်သောင်း-ဒေါ်ငွေရင်တို့၏အစ်မ၊ (ဦးထွန်းကို)-ဒေါ်ကြည်မြင့်၊(ဦးခင်ဇော်)-ဒေါ်ကြူကြူလွင်၊(ဦးအေးကို)-ဒေါ်မြမြခက်၊ ဦးအောင်မျိုးမင်း-ဒေါ်နုနုခိုင်၊ ဦးထွန်းဝင်း-ဒေါ်ဖြူသွယ်ဇော်ငွေ၊ ဦးဝင်းမိုးဇော်-ဒေါ်သဇင်လှိုင်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၄ယောက်တို့၏အဘွားသည် ၁၁-၂-၂၀၁၇ရက်(စနေနေ့)ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၁၇ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယိကာမကြီး**
### ဒေါ်ငွေငွေ (မြန်မာ့မီးရထား၊ ငြိမ်း)
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်စီကုန်းလမ်း၊ အမှတ်(၄၂၊ B 4)နေ (ဦးဆွဲ-ဒေါ်တင်လှ)တို့၏သမီး၊(ဦးစိန်သန်း-ဒေါ်ခင်သိန်း)တို့၏ချွေးမ၊ (ဦးအင်ကြိုင်၊ မြန်မာ့မီးရထား)၏ဇနီး၊ ဗိုလ်မှူးသော်မြင့်(ရေ-ငြိမ်း)-ဒေါ်အေးအေးတို့၏ညီမ၊ ဦးလှဦး-ဒေါ်ထားထားတို့၏အစ်မ၊ ဦးမျိုးစည်သူအုန်း-ဒေါ်မေသော်အေး၊ ဒုတိယဗိုလ်မှူးကြီးမင်းသော်အေး-ဒေါ်ဇာလဲ့မွန်၊ ဗိုလ်ကြီးစိုးအောင်-ဒေါက်တာမေသော်ထွေး၊ ဦးအောင်အောင်ဦးတို့၏အဒေါ် မောင်မင်းသန့်စည်သူ၊ မရွှန်းလဲ့မင်းတို့၏အဘွားလေးသည် ၁၀-၂-၂၀၁၇ရက် (သောကြာနေ့)ည ၇း၄၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂- ၂၀၁၇ရက် (ကြာသပတေးနေ့) နံနက်တွင် လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်စီကုန်းလမ်း၊ အမှတ် (၄၂၊ B 4) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်စိန်ရှင်
**(ကျောင်းဆရာမ၊ ငြိမ်း)၊ (မုံရွာမြို့)**
**အသက်(၉၀)**

မုံရွာမြို့နေ (ဦးဘထွန်း-ဒေါ်အေးမေ)တို့၏သမီး၊ (ဦးညွန့်တင်)၏ဇနီး၊ မန္တလေးမြို့နေ (ဦးသာဒင်-ဒေါ်ဒေစီသန်းညွန့်)၊ ရန်ကုန်မြို့နေ ဦးစိုးမြင့်- ဒေါ်ငွေငွေ၊ ဦးစိုးတင့်-ဒေါ်ဂရေစီ၊ ဦးသန်းထွန်းအောင်-ဒေါ်သန်းနွယ်တို့၏အစ်မ၊ မုံရွာမြို့၊ အောင်မင်္ဂလာရပ်နေ (ဦးထွန်းအောင်)-ဒေါ်ခင်နီ၊ ဦးဗိုလ်ဝင်းမြတ်-ဒေါ်သန်းသန်းငွေ၊ ဦးအောင်ဝင်း-ဒေါ်ခင်သန်းဝေ၊ ဦးနိုင်ဝင်း-ဒေါ်မြင့်မြင့်ဝေ၊ ဦးတင်မောင်မောင်အေး-ဒေါ်အေးအေးသက်တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့)ညနေ ၄နာရီတွင် မုံရွာမြို့၊ အောင်မင်္ဂလာရပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယိကာမကြီး**
### ဒေါ်သောင်းတင်(ခ)ဒေါ်သောင်းသောင်းတင်
**(မြင်းခြံမြို့)**
**အသက်(၈၂)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နေ (ဦးမြရင်-ဒေါ်ချစ်နွယ်)တို့၏သမီး၊ (ဦးဘိုးသစ်-ဒေါ်လှရင်)တို့၏သမီးချွေးမ၊ (ဦးသန်းရွှေ၊ တပ်မတော်-လေ၊ ငြိမ်း)၏ဇနီး၊ ဝဏ္ဏကျော်ထင် ဦးတင်အေး(တရားရုံးချုပ် တရားသူကြီး၊ ငြိမ်း)-(ဒေါ်စိုးခင်အေး)တို့၏အစ်မ၊ ဒုအရာခံဗိုလ်စိုးဝင်းသန်း (စစ်ထောက်ချုပ်ရုံး၊ တပ်မတော်-ရေ၊ ငြိမ်း)၊ ဦးမောင်မောင်စိုး(တပ်မတော်-လေ၊ ငြိမ်း)-ဒေါ်မြင့်မြင့်ဝင်း(မြို့နယ်တရားသူကြီး၊ မော်တော်ယာဉ်တရားရုံး၊ပန်းဘဲတန်း)၊ ဦးမျိုးဝင်းသန်း-ဒေါ်တင်တင်စော၊ ဦးမျိုးမင်းသန်း-ဒေါ်အေးအေးသော်(အထပြ၊ တာချီလိတ်)၊ ဦးအောင်ကျော်ထွန်း(တပ်မတော်-ရေ) - ဒေါ်မြင့်မြင့်သန်း၊ အုပ်ခွဲတပ်ကြပ်ကြီးမျိုးကိုကို(ရေတပ်ဆေးရုံ၊ သံလျက်စွန်း၊ ဗိုလ်တထောင်)၊ ဒေါ်မိုးမိုးလှိုင်၊ ဦးအောင်မိုးမိုး(YACL၊ ရန်ကုန်လေဆိပ်)၊ ဒေါ်ဝင်းမာအေးတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၆ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့)တွင် အမှတ် ၅၂(ခ)၊မြရတနာ ၉လမ်း၊မြောက်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဗိုလ်မှူးလှဖုန်း (ငြိမ်း)
**တပ်မတော်-ရေ(ငြိမ်း)၊ DSA 35th Intake**
**မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်(ငြိမ်း)**
**Business Development Manager.Trader Hub Company**
**အသက်(၄၆)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ဆပ်ခင်းကျေးရွာနေ ဦးမြသွင်-(ဒေါ်တင်ရွှေ)တို့၏သား၊ (ဦးစိုးတင့်-ဒေါ်သန်းစိန်)တို့၏သားသမက်၊ ဒေါ်ခင်ဆန်းရီ၊ ဒေါ်ခင်ဆန်းကြည်၊ ဒေါ်အေးအေးသင်း၊ ဒေါ်မာမာတူးတို့၏မောင်၊ ဦးထွန်းနိုင်ဦး၊ ဗိုလ်မှူးအောင်ကျော်ဇော(ငြိမ်း)တို့၏အစ်ကို၊ ဦးမြသိန်း-ဒေါ်ခင်သန်းမြင့်၊ ဦးရဲအောင်-ဒေါ်ခင်သန်းတင့်၊ ဒေါ်ခင်သန်းဆင့်၊ ဦးမြင့်သူ-ဒေါ်ခင်သန်းငွေ၊ ဦးခင်မောင်ဝင်း-(ဒေါ်မြင့်မြင့်စိုး)တို့၏ညီ/မောင်၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် ၂၀၊ အခန်း ၂၇နေ ဒေါ်ခင်သီတာစိုး (ကထိက၊ ထိုင်းဘာသာဌာန၊ YUFL)၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်လောင်းကောင်းထက်(ပ-နှစ်၊ DSTA)၊ မသဒ္ဒါဖြူ(တတိယတန်း၊ TTC)တို့၏ဖခင်သည် ၁၁-၂-၂၀၁၇ရက် နံနက် ဝဝး၂၉နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးလှဖုန်း (ငြိမ်း)
**တပ်မတော်(ရေ)**
**စစ်တက္ကသိုလ်အမှတ်စဉ်(၃၅) ဗိုလ်လောင်းသင်တန်း**
**အသက်(၄၆)နှစ်**

၁၁-၂-၂၀၁၇ရက်တွင် အချိန်မတန်မီ ခွဲခွာသွားတဲ့ သူငယ်ချင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၅) မိသားစုများ**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးလှဖုန်း (ငြိမ်း)
**တပ်မတော်(ရေ)**
**စစ်တက္ကသိုလ်အမှတ်စဉ်(၃၅) ဗိုလ်လောင်းသင်တန်း**
**အသက်(၄၆)နှစ်**

၁၁-၂-၂၀၁၇ရက်တွင် ခွဲခွာသွားတဲ့ သူငယ်ချင်းအတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါတယ်။ စိတ်ထားကောင်းတဲ့သူငယ်ချင်း ကောင်းရာဘုံဘဝသို့ရောက်ပါစေ။

**JOC (1/94)**

**တပ်မတော်(ရေ)မှ သူငယ်ချင်းမိသားစုများ**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်သောင်းကြည် (ဗဟန်း)
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ မြဝတီမင်းကြီး ၅လမ်း၊ အမှတ် ၆၅နေ (ဦးစိုးလွင်)၏ဇနီး၊ ဦးကျော်မင်း-ဒေါ်မေစီ၊ ဦးမင်းလွင်၊ (ဦးတင့်လွင်)-မမြင့်မြင့်ဝေ၊ဦးမြင့်လွင်-မမိုးမိုးသန်း၊ ဦးဇော်လင်းအောင်-မသက်မာလွင်တို့၏မိခင်၊ မြေး ၁၂ယောက်တို့၏ အဘွားသည် ၁၁-၂-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်တင်ဝင်း
**(မြိတ်-ကော့သောင်း)**
**အသက်(၇၀)**

မြိတ်မြို့နေ(ဦးလှဒင်-ဒေါ်အုံးမေ)တို့၏သမီး၊ကော့သောင်းမြို့နေ(ဦးကြည်စိန်)၏ဇနီး၊ ကိုစိုးအောင်-မစန်းစန်းတင့်၊ ကိုထွန်းထွန်း-မကြူကြူစိုး၊ ကိုကျော်နိုင်-မမြဝင်းတို့၏မိခင်၊ ဇူးဇူးနှင်း၊ လဲ့ယမင်းခင်၊ မေအိမ်နွေး၊ မောင်ကောင်းစွမ်းနိုင်၊ မောင်ကျင်ကျင်း၊ မသန်းသန်းတို့၏အဘွားသည် ၁၀-၂-၂၀၁၇ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၄၀နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ စောင်းတန်း ဒါယိကာမကြီး**
### ဒေါ်အုန်းကြည် (မုဒုံ)
**တပ်မတော်မှတ်တမ်းရုံး(ငြိမ်း)**
**အသက်(၈၆)နှစ်**

မွန်ပြည်နယ်၊ နီးပဒေါကျေးရွာနေ (ဦးဘငြိမ်း-ဒေါ်ပျော့)တို့၏သမီး၊(ဦးဝင်းဖေ-ဒေါ်လှသန်း)၊ဒေါ်ဝင်းကြည်၊ ဦးဘဉာဏ်-ဒေါ်ခင်မြင့်လွင်၊ဦးမင်းခိုင်-ဒေါ်ခင်သန်းတို့၏ညီမ/အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ အမှတ် ၁၀၂၁၊ ပြည်ထောင်စုလမ်းမကြီးနေ ကိုလှမွန်-မလှလှရီ၊ ကိုစန်းဝင်း-မခင်ချောသို၊ကိုအောင်မင်း-မလှမိုးဖြူ(ခ)ချောစုတို့၏မိခင်၊ မြေး၄ယောက်၊မြစ်တစ်ယောက်တို့၏ဘွားဘွားကြီး၊ ဦးဗိုလ်မြ(တပ်မတော်မှတ်တမ်းရုံး၊ ငြိမ်း)၏ ချစ်လှစွာသောဇနီးသည် ၁၀-၂-၂၀၁၇ရက် (သောကြာနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၆-၂-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်အုန်းကျင်(ခ)ဒေါ်ငယ်
**အသက်(၈၅)နှစ်**

မော်လမြိုင်မြို့၊ သီရိမြိုင်နယ်မြေ၊ သရက်ကုန်းရပ်ကွက်နေ (ဦးရှင်လင်း-ဒေါ်မာပိန်)တို့၏သမီး၊ (ဦးယုတင်)၏ဇနီး၊ (ဦးစိန်ပေါင်း)-ဒေါ်ဖြူဖြူဝင်း၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်၊ ဘိုရာညွန့်လမ်း၊ အမှတ် ၂၁နေ ဒေါ်ကြည်ကြည်ဝင်း၊ ဦးမောင်မောင်ဝင်း-ဒေါ်မွေးချို၊ ဦးမောင်မောင်လင်း-ဒေါ်စန်းသီတာ၊ ဦးညီညီထွေး-ဒေါ်တင်တင်ထွေးတို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွားသည် ၁၁-၂-၂၀၁၇ရက် (စနေနေ့) နံနက် ၁၀း၄၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် မုရောင်း တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၂-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီတွင် ဦးမောင်မောင်ဝင်း - ဒေါ်မွေးချိုတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်မြင့်
**အသက်(၇၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ပြာကတတ်ကျေးရွာနေ(ဦးလှမောင် - ဒေါ်စိန်တုတ်)တို့၏ သမီး၊ (တကကက-စ/ရ စံညွှန့်)၏ဇနီး၊ ဒေါ်သန်းသန်းမြင့်၊ ဦးညွန့်ရွှေ-ဒေါ်သီတာ၊ ဦးဝင်းချို၊ (ဗိုလ်နိုင်ထွန်း)၊ ဦးကျော်ကျော်မင်း - ဒေါ်အေးအေးဆင့် (ဦးစီးအရာရှိ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ဒုအရာခံဗိုလ်အောင်သိန်းကျော်-ဒေါ်စီစီငွေ(J.A.T မော်လမြိုင်ကျွန်းမြို့)၊ဒုတိယဗိုလ်မှူးကြီးထွန်းလင်း - ဒေါ်အေးအေးသန့်၊ ဗိုလ်ကြီးသိန်းရွှေ-ဒေါ်မြတ်မြတ်ထွေးတို့၏မိခင်၊ မြေး ၁၀ယောက်တို့၏ အဘွားသည် ၁၀-၂-၂၀၁၇ရက်တွင် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
### ဒေါ်နော်အယ်သွဲ
**လက်ထောက်ညွှန်ကြားရေးမှူး**
**(သူနာပြု)(ငြိမ်း)**
**ကရင်ပြည်နယ်**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကျမ်းစာသင်ကျောင်းလမ်း၊ ဝပ်ရှော့(၂)၊ အမှတ် ၉၈၉နေ (ဦးရွှေမျှင်-ဒေါ်နှင်းဝေ)တို့၏သမီး၊ (ဦးထိုလို-ဒေါ်ရွှေနန်းရင်)တို့၏ သမီးချွေးမ၊ ဦးစောလယ်ဝေါ-ဒေါ်အုန်းမြင့်၊ (ဦးစောအင်ဒီ)-ဒေါ်နော်ဖောစေး၊ ဦးစောထူးဘော-ဒေါ်နော်စီစီတို့၏ညီမ၊ စောအောင်ဇင်ဝေ၏မိခင်၊ (ဦးစောဘီးရှယ်)၏ဇနီးသည် ၁၀-၂-၂၀၁၇ရက် ညနေ ၄း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၂-၂၀၁၇ရက် နံနက် ၉နာရီတွင် ဖူးသာဖြူအောက်မေ့ဖွယ်ခန်းမ၌ဝတ်ပြုဆုတောင်းပြီးထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**မြန်မာ့အသေးစားချေးငွေလုပ်ငန်း**
**ဝန်ထမ်းဟောင်းများအသင်း**
### ဦးအေးသောင် (အသင်းနာယကကြီး)
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အနောက်ကမာရွတ်၊ (၃)ရပ်ကွက်၊ အမှတ် ၃၆/၁၀၊ ၁၁လမ်းနေ အသင်းနာယကကြီး ဦးအေးသောင် (အသင်းဝင်အမှတ် ၂၆)သည် ၉-၂-၂၀၁၇ရက်ညတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးစိန်လှိုင်(မော်ကျွန်း) အသက်(၈၃)နှစ်

မော်လမြိုင်ကျွန်းမြို့၊ ၁၅လမ်း၊ အမှတ် ၂၃နေ (ဒေါ်မြညွန့်)၏ခင်ပွန်း၊ ဒေါ်ဟန်ကြည်၏အစ်ကို၊ ဦးမောင်မောင်ဆန်း၊ ဒေါ်မြမြသိန်း(ဝင်းစိန်ရေယာဉ်အုပ်စု)၊ ဦးညွန့်ငွေ-ဒေါ်ဝင်းဝင်းမာ(ရွှေသူငွေမင်း ဆန်စက်နှင့် ရွှေသူငွေမင်းရေယာဉ်)၊ ဦးထွန်းဝင်း-ဒေါ်မိုးသူဇာ(မိုးစတားကားဂိတ်)တို့၏ဖခင်၊ (ကိုအောင်ကျော်သူ)-မဝင်းယမုံ၊ ကိုဇေယျာဝင်း-မခင်နှင်းစန္ဒာ၊ ကိုကျော်ထက်အောင်၊ ကိုကျော်ထက်ဇော်-မဇင်မာဝင်း၊ ကိုအောင်မျိုးသန့်-မဆုတာအောင်၊ မဇင်နွယ်အောင်၊ ကိုဝင်းခန့်မောင်မောင်တို့၏အဘိုး၊ မြစ်ငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၂-၂၀၁၇ရက် နံနက် ဝဝး၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ် ၃၀၊ ရွှေတောင်တန်းအောက်လမ်း၊ လမ်းမတော်မြို့နယ်၊ မိုးစတားကားဂိတ် နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၂- ၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးခင်မောင်ဆွေ(ဖျာပုံမြို့) အသက်(၆၈)နှစ်
**ဦးစီးအရာရှိ(ငြိမ်း)၊ သမဝါယမဦးစီးဌာန**

ဖျာပုံမြို့နေ (ဦးသိန်းရွှေ-ဒေါ်ခင်မြ)တို့၏သား၊ မြန်အောင်မြို့နေ (ဦးမြဆွေ-ဒေါ်စိန်စိန်)တို့၏သားသမက်၊ ဖျာပုံမြို့နေ ဦးမောင်မောင်ညွန့်- ဒေါ်ခင်မိုးနွယ်၊ ဒေါ်ကြူကြူဝင်း(ကျောင်းအုပ်၊ အထကခွဲ၊ လ-၁၊ ဖျာပုံ)၊ ဦးခိုင်မျိုးမြင့်-ဒေါ်လဲ့လဲ့ဝင်း(ဆက်သွယ်ရေးရုံး)၊ ဦးမောင်မောင်ဟန်၊ ဦးအောင်မျိုးကျော်၊ ဒေါ်ပြုံးပြုံးအေးတို့၏အစ်ကို၊ ဗိုလ်မှူးကြီးမြင့်ချို(ငြိမ်း)-ဒေါ်မြမြသန်း၊ ဆရာတော်ဦးဝိနယ(ဝါးကျောင်း) ကနောင်မြို့၊ ဦးညီညီလွင်-(ဒေါ်အေးအေးဆွေ) ကလောမြို့တို့၏ညီ/မောင်၊ တူ/တူမ ၁၀ယောက်တို့၏ဦးလေး၊ ရန်ကုန်မြို့၊ အမှတ် ၂၀၊ ထီးတန်း ၅လမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ မောင်စိုးဝင်းထွန်း၊ မောင်ဇင်ဝေဖြိုး[ကွန်/ဒီ၊ အမှတ်စဉ်(၁၅) ကသ-၉၀၇]-မမြသူဇာတို့၏ဖခင်၊ ဒေါ်ငွေငွေအောင်၏ချစ်လှစွာသောခင်ပွန်းသည် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) ည ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၂-၂၀၁၇ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဆရာကြီး ဦးသိမ်းဆွေ (ဓနုဖြူ)
**နာယက၊ ကမ္မဌာနာစရိယ**
**သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်**
**အသက်(၆၆)နှစ်**

ဓနုဖြူမြို့နေ နာယကကြီး ဦးထွန်းလွင်-(ဒေါ်စိန်)တို့၏သား၊ (ဒေါ်တင်သိန်း)၏ခင်ပွန်း၊ မစန်းမြင့်၊ မသန်းဆွေ၊ မငွေငွေဝင်း၊ မခင်ဝင်းလှိုင်၊ ကိုကျော်ဝင်းဦး၊ မတင်တင်ငွေ၊ မမာမာချိုတို့၏အစ်ကို၊ မောင်ချစ်ကိုကိုဦး-မစုစုနိုင်၊ (မထက်ထက်အေး)၊ မအိအိခင်တို့၏ချစ်လှစွာသောဖခင်၊ မောင်သော်ကောင်း၊ မောင်သစ္စာ၊ မခင်သစ္စာအောင်၊ မောင်ဖိုးခွားစိတို့၏အဘိုး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းကျောင်းလမ်း၊ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်မှ ဆရာကြီးဦးသိမ်းဆွေ(ဓနုဖြူ)သည် ၁၁-၂-၂၀၁၇ရက်(စနေနေ့) နံနက် ၄း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့် သာဝကအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ရိပ်သာမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစုနှင့်
အမှုဆောင်အဖွဲ့

---

### ဒေါ်မြင့်အေး (ဒါးပိန်)
**အသက်(၆၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒါးပိန်မြို့၊ သရက်တောလမ်းနေ (ဦးဖုန်း-ဒေါ်မြသင်)တို့၏သမီး၊ (ဦးခင်လှ) - ဒေါ်တင်ကြိုင်တို့၏ သမီးချွေးမ၊ ကိုမျိုးလွင်ဦး-မချောအိသွယ်၊ ကိုဇော်ထက်အောင်-မသူသူအိသွယ်၊ ဗိုလ်ကြီးထွန်းထွန်းဝင်း - မအိဖြိုးသူတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား၊ ဦးစိန်မြင့်၏ဇနီးသည် ၁၁-၂-၂၀၁၇ရက် နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ဒါးပိန် မြောက်ပိုင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### မောင်ဇင်မောင်မောင်ထွန်း
**MRTV.4 (Video Editor)**
**အသက်(၂၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၃)ရပ်ကွက်၊အမှတ် ၁၂၁၊မြစ်ပယ် ၄လမ်း၊ ထောက်ကြံ့မြို့နေ ဦးလှထွန်းခင် (မထပ) (ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်)-ဒေါ်လှလှငွေတို့၏ချစ်လှစွာသောသား၊ မဇင်မီမီထွန်း (MEC)၏ မောင်၊ မောင်လွင်နောင်နောင်ထွန်း၏ အစ်ကိုသည် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့) နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၂-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
### ဦးဉာဏ်အေး (ပုလောမြို့)
**အသင်းဝင်အမှတ်-၂၅၃**
**အသက်(၉၀)**

တနင်္သာရီတိုင်းဒေသကြီး၊ပုလောမြို့၊ (၁)ရပ်ကွက်၊ ဗထူးလမ်းနေ (ဒေါ်စောတင်)၏ခင်ပွန်းသည် ၁၁-၂-၂၀၁၇ရက်(စနေနေ့)နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၇ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

---

### ဒေါ်မေတင်ထွဋ်(ရေနံချောင်း)
**(လက်ထောက်ကထိက၊**
**မြို့ပြအင်ဂျင်နီယာဌာန၊**
**ပြည်နည်းပညာတက္ကသိုလ်)**
**အသက်(၄၃)နှစ်**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ ငွေဘုံသာရပ်နေ ဒေါက်တာဦးတင်ထွဋ်[ခရိုင်ဆရာဝန်ကြီး(ငြိမ်း)]-ဒေါ်ဖြူဖြူဆွေတို့၏သမီး၊ ဦးဘုန်းမင်းထွဋ် (2nd Mate, FG)-ဒေါ်နီထွေးလှိုင်တို့၏ညီမ၊ ဦးဝင်းမင်းထွန်း(Master, FG)-ဒေါက်တာဒေါ်ခိုင်ဖြူထွဋ် (British Council)၊ ဒေါ်မေဖြိုးထွဋ်(GIZ)တို့၏ အစ်မ၊ ဦးသန့်အောင်စိုး (MD, Race of Asia Engineering Gruop Co., Ltd.,)၏ချစ်လှစွာသောဇနီးသည် ၁၀-၂-၂၀၁၇ရက်(သောကြာနေ့) ည ၈း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ [အမှတ် ၃၂၅၊ သရဖီလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်မှကားများ နံနက်၈နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်ကြီးမြို့သို့ ရောက်ရှိ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ယာဉ်တန်း တောင်ကြီးမြို့သို့ရောက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြစဉ် (သတင်းစဉ်)

**တောင်ကြီး ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပမည့် နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ငြိမ်းချမ်းရေးစကားဝိုင်းတို့သို့ တက်ရောက်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရှမ်းပြည်နယ်တောင်ပိုင်း ဟဲဟိုးမြို့သို့ လေကြောင်း ခရီးဖြင့် ရောက်ရှိသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊

*စာမျက်နှာ ၄ ကော်လံ ၁* ✻

# ရန်ကုန်မြို့တွင် သုံးပတ်အတွင်း တရားမဝင်သစ်တန်ချိန် တစ်ထောင်ကျော် ဖမ်းဆီးရမိ ပိုင်ရှင်ဟုယူဆသူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်

**သတင်း - တာရာ၊ ဓာတ်ပုံ - သစ်တောဦးစီးဌာန**



ဒဂုံမြို့သစ်အရှေ့ပိုင်း၌ ခြံဝင်းအတွင်းရှိ ဂိုဒေါင်အတွင်းမှ တရားမဝင်သစ်များကို ဖမ်းဆီးရမိစဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်မြို့တွင် သုံးပတ်အတွင်း တရားမဝင် သစ်တန်ချိန် တစ်ထောင်ကျော် ဖမ်းဆီးရမိနေပြီး ပိုင်ရှင်ဟုယူဆသူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ဇန်နဝါရီ ၂၄ ရက်က ရန်ကုန်မြို့ MIP ဆိပ်ကမ်းဝင်းအတွင်းရှိ ကုန်သေတ္တာနှစ်လုံးတွင် တရားမဝင်

*စာမျက်နှာ ၇ ကော်လံ ၁* ✻



ဆန်းဒေးကာတွန်း စာမျက်နှာ ၊ ၁၆-၁၇

## ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ခေါင်းဆောင်များ၏ သား၊ သမီးများနှင့် ဆွေမျိုးတော်စပ်သူများ၏ ရင်တွင်းစကားသံများ

စာမျက်နှာ - ၅